မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန



## အနှစ်ချုပ်စာလွှာ

# မြန်မာနိုင်ငံရှိ ကလေးသူငယ်အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းများ

- ဧပြီ ၂၀၁၇ -

+95 1 510069 | info@myanmar-responsiblebusiness.org | www.mcrb.org.mm

# ကျေးဇူးတင်လွှာ

ဤစာတမ်း ဖြစ်မြောက်ရေးအတွက် အတူလက်တွဲဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများဖြစ်သည့် မြန်မာ့စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြု ဌာန (MCRB) အားပံ့ ပိုးထောက်ပံ့မှုများ အမြဲပေးနေသော ဒိန်းမတ်နိုင်ငံအစိုးရ၊ အိုင်ယာလန် နိုင်ငံအစိုးရ၊ နယ်သာလန်နိုင်ငံအစိုးရ၊ နော်ဝေနိုင်ငံအစိုးရ၊ ဆွစ်ဇလန်နိုင်ငံအစိုးရနှင့် ယူနိုက်တက်ကင်းဒမ်နိုင်ငံ အစိုးရတို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ဤစာတမ်းကို MCRB မှ ဒီဇင်ဘာ ၆ ရက်နေ့ ၂၀၁၆ တွင် နယ်ပယ်အသီးသီးမှ ပါဝင်ပတ်သက်သူများ တက်ရောက်သော ညှိနှိုင်းဆွေးနွေးပွဲမှ ရရှိခဲ့သော ဆွေးနွေးချက်များကိုအခြေခံကာ MCRB မှ Vicky Bowman ၊ နင်းဝတ်ရည်၊ စုမြတ်နွယ်တို့ထံမှ အကြံပြုချက်များဖြင့် IHRB မှ Donna Guest နှင့် Margaret Wachenfeld ၊ DIHR မှ Tulika Bansalတို့မှ ရေးသားထားခြင်းဖြစ်သည်။ စာတမ်းရေးသားသူများအနေဖြင့် မြန်မာနိုင်ငံမှ UNICEF ၊ Save the Children နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းစသည့် အသီးသီးသော အဖွဲ့အစည်းများနှင့် Ida Hyllested, CSR Specialist, Unicef Geneva တို့၏ အကူအညီပံ့ပိုးမှုများအတွက် ကျေးဇူးအထူးတင်ရှိပါသည်။

မြန်မာ့ စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business MCRB) ကို ၂၀၁၃ ခုနှစ်တွင် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်နိုင်ငံ အခြေစိုက် Danish Institute for Human Right (DIHR) တို့က အခြားနိုင်ငံအစိုးရများ၏ အကူအညီဖြင့် ထူထောင်ခဲ့ခြင်းဖြစ်ပါသည်။ MCRB အဖွဲ့ကို ရန်ကုန်မြို့တွင် အခြေစိုက်ပြီး စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အစိုးရအဖွဲ့အစည်းများအကြား ပညာဗဟုသုတဖြစ်စေရန်လည်းကောင်း၊ အရည်အသွေး မြင့်မားစေရေးကိုလည်းကောင်း၊ နှစ်ဦးနှစ်ဖက်အကြား ဆွေးနွေး ညှိနှိုင်းမှုများ ဖြစ်ပေါ်လာစေရန်နှင့် မြန်မာနိုင်ငံတွင်တာဝန်သိသော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် အများ၏ယုံကြည်မှုကိုရရှိသော အဖွဲ့ အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန်လည်းကောင်း ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။ တာဝန်သိသောစီးပွားရေးလုပ်ငန်းဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည် အကျိုးစီးပွားများအတွက် ဆောင်ရွက်သော တာဝန်ယူမှုရှိသော နိုင်ငံတကာအဆင့်အတန်းများနှင့်အညီ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင် ရွက်ချက်များကို လေးစားလိုက်နာသော စီးပွားရေးလုပ်ငန်းများကို ဆိုလိုပါသည်။

***(Copyright Myanmar Centre for Responsible Business (MCRB), Institute for Human Rights and Business (IHRB) and Danish Institute for Human Rights (DIHR ) ဖေဖော်ဝါရီ ၂၀၁၇)***

ယခုစာတမ်းကို MCRB, IHRB နှင့် DIHR တို့က ထုတ်ဝေသည်။ ဤစာတမ်းပါ ကောက်နုတ်ချက်များကို MCRB, IHRB နှင့် DIHR တို့က အများအား လွတ်လပ်စွာ ကူးယူ ဖော်ပြခွင့်ပြုပါသည်။ သို့ရာတွင် ယင်းသို့ကူးယူဖော်ပြသော စာစောင်များ အနေဖြင့် မူရင်းစာစောင်ကို အသိအမှတ်ပြု ဖော်ပြရန်လိုအပ်ပြီး အဆိုပါ ပုံနှိပ်စာစောင်၊ မိတ္တူတစ်စောင်ကို အောက်ဖော်ပြပါဌာနများသို့ ပေးပို့ရန်လိုအပ်ပါသည်။ ဤစာတမ်းအား ထပ်ဆင့်မိတ္တူကူးယူခြင်း၊ ဘာသာပြန်ဆိုခြင်း ရှိပါက MCRB, IHRB နှင့် DIHR တို့သို့ ဆက်သွယ်၍ ခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။

+95 1 510069 info@myanmar-responsiblebusiness.org www.mcrb.org.mm

# မာတိကာ


၄ **စာတမ်းမိတ်ဆက်**
စာတမ်းအနှစ်ချုပ်ရည်ရွယ်ချက်
စီးပွားရေးလုပ်ငန်းများနှင့် ကလေးသူငယ်များဆက်စပ်မှု
ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာစည်းမျဉ်းများ (CRBP)
ကလေးသူငယ် အခွင့်အရေးအားကာကွယ်ရန် နိုင်ငံတကာ မူဘောင်များ

၁၂ **စည်းမျဉ်း (၁)** ကလေးသူငယ်အခွင့်အရေးများကို လေးစားခြင်း

၁၈ **စည်းမျဉ်း (၂)** ကလေးသူငယ်အလုပ်သမား

၃၄ **စည်းမျဉ်း (၃)** သက်ငယ်လုပ်သားဖွင့်ဆိုချက်

၄၁ **စည်းမျဉ်း (၄)** စီးပွားရေး ဆောင်ရွက်မှုများနှင့် အဆောက်အဦဝန်ဆောင်မှုများ၊ ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ ကလေးသူငယ်များအတွက် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကာကွယ်ပေးခြင်း

၄၅ **စည်းမျဉ်း (၅)** ဘေးကင်းသော ထုတ်ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများ

၅၁ **စည်းမျဉ်း (၆)** ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကြော်ငြာရာတွင် ကလေးသူငယ် အခွင့်အရေးကို အလေးထားခြင်း။

၅၇ **စည်းမျဉ်း (၇)** ကလေးသူငယ်၊ သဘာဝပတ်ဝန်းကျင်နှင့် မြေယာ

၆၅ **စည်းမျဉ်း (၈)** လုံခြုံရေးစီမံမှုများ

၆၉ **စည်းမျဉ်း (၉)** ကလေးသူငယ်များအပေါ် သက်ရောက်မှုရှိသည့် အရေးပေါ်အခြေအနေများ

၇၆ **စည်းမျဉ်း (၁၀)** ဒေသခံများနှင့် အစိုးရ၏အားထုတ်မှုများကို အားဖြည့်ပေးခြင်း

၈၀ **နောက်ဆက်တွဲ – ၁**
ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးအတွက် အထောက်အကူများ

၈၁ **နောက်ဆက်တွဲ – ၂**
ဒေသတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အထောက်အကူများ

၈၂ **နောက်ဆက်တွဲ – ၃**
ကလေးသူငယ် အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေများတွင် မြန်မာနိုင်ငံ၏ပါဝင်ခြင်းနှင့် သဘောတူညီချက်ရေးထိုးခြင်း။

## စာတမ်းမိတ်ဆက်

### စာတမ်းအနှစ်ချုပ်ရည်ရွယ်ချက်

ဤစာတမ်းသည် MCRBမှ ထုတ်ဝေသည့် မြေယာ၊ တိုင်းရင်းသားအရေး အစရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတိုင်းနှင့် ဆက်နွယ်နေသည့် အကြောင်းအရာများဆိုင်ရာ (Cross Cutting Issues) အနှစ်ချုပ်စာစဉ်များအနက် စာစဉ်တစ်ခုဖြစ်ပါသည်။ စာတမ်းရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ နိုင်ငံခြားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများအနေဖြင့် ကလေးသူငယ်အခွင့်အရေး အနက်အဓိပ္ပာယ်ကို သိရှိစေရန်အတွက် လမ်းညွှန်ချက်များပေးရန်ဖြစ်ပါသည်။ ဤစာတမ်းအား ကလေးသူငယ်အခွင့်အရေးအား ယေဘုယျခြုံငုံသုံးသပ်ချက်များနှင့် အရေးကြီးသော နိုင်ငံတကာဥပဒေများနှင့် စံနှုန်းများဖြင့် အစပြုပြီး ကလေးသူငယ်အခွင့်အရေးများနှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရာများကို ဖော်ပြထားပါသည်။ ယခုစာတမ်းအား UNICEF, UN Global Compact, Save the Childern တို့မှ ရေးဆွဲထားသော ကလေးသူငယ်အခွင့်အရေးများနှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်း ၁၀ချက် (CRBP) ပေါ်တွင် အခြေခံ၍ ရေးသားထားခြင်းဖြစ်ပါသည်။ ၎င်းစည်းမျဉ်းများသည် ကုမ္ပဏီများအား ၎င်းတို့အနေဖြင့် ကလေးသူငယ်အခွင့်အရေးများကို မည်သို့ လေးစားထောက်ပံ့ပေးနိုင်သည်ကို လမ်းညွှန်ပေးထားပါသည်။ ဤစာတမ်းတွင် စည်းမျဉ်းတစ်ခုစီ၏အောက်တွင် မြန်မာနိုင်ငံ၏ ဥပဒေရေးရာအပါအဝင် အခြေအနေများကို အနှစ်ချုပ်ဖော်ပြထားပြီး မြန်မာနိုင်ငံတွင်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများအနေဖြင့် ကလေးသူငယ်အခွင့်အရေးအပေါ် မည်သို့ လေးစားရမည်ကို အကြံပြုချက်များပေးထားပါသည်။ CRBP သည် ကုမ္ပဏီများအနေဖြင့် ကလေးသူငယ်အခွင့်အရေးကို မည်သို့လေးစားရမည်နှင့် ထောက်ပံ့ရမည်ကို အကြံပြုချက်များလည်းပေးပါသည်။ စည်းမျဉ်းအမှတ် ၉ နှင့် ၁၀ မှလွဲ၍ ယခုစာတမ်းသည် မြန်မာနိုင်ငံတွင် အရေးတကြီးဖြေရှင်းရန်လိုအပ်သည် "သူတစ်ပါးကို ဘေးမဖြစ်စေခြင်း (Do No Harm)" ကိုအခြေခံ၍ အနိမ့်ဆုံးစံနှုန်းအဖြစ် ကလေးသူငယ်များ၏ အခွင့်အရေးကို လေးစားလိုက်နာရန် စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို အလေးထားဖော်ပြထားသည်။

ဒီဇင်ဘာ ၆ ရက် ၂၀၁၆တွင် MCRB သည် ယခု စာတမ်းမူကြမ်းအား ရန်ကုန်တွင် ဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ သက်ဆိုင်သူများအပါအဝင် ပြည်တွင်းပြည်ပမှ စီးပွားရေးသမားများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပညာရှင်များ၊ ကလေးသူငယ်များ ကိုယ်စားပြု အလုပ်လုပ်ပေးနေသောအဖွဲ့အစည်းများနှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စိမ့်ဝင်ပျံ့နှံ့နေသော ဝင်ငွေချို့တဲ့သည့် မိသားစုများ၏ အခက်အခဲများကို ဦးစားပေးဆွေးနွေးထားသည်။ ဆိုလိုသည်မှာ တစ်ဖက်တွင် ကလေးသူငယ်အများအပြား အချိန်မတိုင်မီ ကျောင်းထွက်၍ လုပ်ငန်းခွင်သို့ ဝင်ရောက် လုပ်ကိုင်ရခြင်းနှင့် နောက်တစ်ဖက်တွင် ကလေးသူငယ်များ အားလုံးလွတ်လပ်စွာပညာသင်ခွင့်၊ လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ကို ရပိုင်ခွင့်များဖြစ်သည်။ အဆုံးတွင် ပါဝင်ဆွေးနွေးသူများအနေဖြင့် သက်ငယ်လုပ်သားများအတွက် အသက်မွေးဝမ်းကြောင်းပညာသင်တန်းနှင့် အလုပ်သင်သင်တန်း လိုအပ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ထို့အတူ ပါဝင်ဆွေးနွေးသူများအနေဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်၊ တနိုင်တပိုင်မိသားစု လုပ်ငန်းများ အပါအဝင် တရားဝင်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများအတွက် အသုံးဝင်ပြီး လက်တွေ့ကျသည့် အကြံပြုချက်များကိုဖော်ထုတ်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ကလေးသူငယ်အများအပြားမှာ ဥပမာအားဖြင့် အလုပ်လုပ်သည့် ကလေးသူငယ်များအနေဖြင့် ပညာရေးနှင့် လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်လိုအပ်သည်ကို သတိမပြုမိသောကုမ္ပဏီများတွင် အလုပ်လုပ်နေကြရသည်။ စီးပွားရေးလုပ်ငန်းကြီးများသည် ၎င်းတို့၏ သဘောသဘာဝအရ ကြီးမားသောအရင်းအနှီးများရှိသဖြင့် ကဏ္ဍတူအသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် လမ်းညွှန်ချက်များပံ့ပိုးပေးနိုင်သည်။ ပါဝင်ဆွေးနွေးသူအများအပြားမှာ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကလေးသူငယ်များအား ၎င်းတို့နှင့်သက်ဆိုင်သည့် ကိစ္စရပ်များအပေါ် ၎င်းတို့၏အမြင်များကိုတောင်းခံရာတွင် မှန်ကန်ဆီလျော်သောနည်းများဖြင့် ဆက်သွယ်ရန် လိုအပ်ကြောင်း အလေးပေးဆွေးနွေးသွားသည်။

ကလေးသူငယ်များသည်
လူ့အဖွဲ့အစည်း၏
ထိုသယ်၏ အခြေခံအုတ်မြစ်ဖြစ်သည်။

## စီးပွားရေးလုပ်ငန်းများနှင့် ကလေးသူငယ်များဆက်စပ်မှု

အသက် ၁၈ နှစ်အောက် ကလေးသူငယ်များသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံနီးပါးရှိသည်။ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များမှာ နိုင်ငံလူဦးရေ၏ တစ်ဝက်နီးပါးရှိသည်။ မြန်မာနိုင်ငံတွင်မူ ကလေးသူငယ်များသည် လူဦးရေ၏ ၃၄ ရာခိုင်နှုန်း [1]ရှိပြီး။ ကလေးသူငယ်များသည် မည်သည့်စီးပွားရေး အရွယ်အစားတွင်မဆို တိုက်ရိုက်သုံးစွဲသူအနေဖြင့်လည်းကောင်း၊ ဝန်ထမ်းများ၏ မိသားစုဝင်များအဖြစ်လည်းကောင်း၊ သက်ငယ်အလုပ်သမားများအဖြစ်လည်းကောင်း၊ အနာဂတ်အလုပ်သမားများအဖြစ်လည်းကောင်း အရေးပါသော ပါဝင်ပတ်သက်သူများ ဖြစ်နေသည်။ ကလေးသူငယ်များသည် ကုမ္ပဏီများလည်ပတ်နေသော ပတ်ဝန်းကျင်နှင့် ရပ်ရွာလူထုတွင်လည်း အဖွဲ့ဝင်များဖြစ်နေသည်။

ကလေးသူငယ်များသည် လူမှုအသိုင်းအဝိုင်းတွင် ထိလွယ်ရှလွယ်မှုအဖြစ်ဆုံးလည်း ဖြစ်သည်။ တစ်မူထူးပြီး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် ကလေးဘဝ အချိန်တွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအတွက် အကောင်း(သို့မဟုတ်) အဆိုးတစ်ခုခုသည် ၎င်းတို့အား အပြီးတိုင်လွှမ်းမိုးနိုင်သည်။ ကလေးသူငယ်များ ဖွံ့ဖြိုးနေသည့်အရွယ် နှစ်အပိုင်းအခြားတွင် လုံလောက်သည့်အစားအစာ၊ သန့်ရှင်းသည့်ရေ၊ ဂရုစိုက်မှုများသည် ၎င်းတို့ ကျန်းမာရေးနှင့် အသက်ရှင်သန်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်သည်။ ကလေးသူငယ်များသည် လူကြီးများထက် နေ့စဉ်နေ့တိုင်း နည်းလမ်းအသွယ်သွယ်ဖြင့် အထိခိုက်ခံနေရသောကြောင့် ထိလွယ်ရှလွယ်မှုအများဆုံးဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ဇီဝဖြစ်စဉ်အရ ၎င်းတို့ ထိတွေ့နေရသည့်အရာများအထဲမှ ညစ်ညမ်းမှုအများအပြားကို စုတ်ယူသောကြောင့် ဖြစ်သည်။ ကလေးသူငယ်များသည် အလုပ်သမားသမဂ္ဂများဖွဲ့ရန်နှင့် မဲပေးရာတို့တွင် ပါဝင်နိုင်ခြင်းမရှိသည့်အပြင် ကလေးသူငယ်များနှင့်သာသက်ဆိုင်သည့် ကိစ္စရပ်များဖြစ်သည့် ကျောင်းများနှင့် ကလေးကစားကွင်းများအား မည်သို့စီစဉ်မည်နှင့် ဆုံးဖြတ်ပိုင်ခွင့်များတွင်လည်း ၎င်းတို့၏အသံများ ကင်းမဲ့နေသောကြောင့်လည်း ထိလွယ်ရှလွယ်သူများ ဖြစ်နေသည်။[2] နေရာတော်တော်များများတွင် ကလေးသူငယ်များအား တွေ့ရမည်ဟု မျှော်လင့်ရသော်လည်း ၎င်းတို့၏အသံများကိုမူ မကြားရချေ။

ယနေ့အထိ ကလေးသူငယ်များသို့ ကုမ္ပဏီများ၏တာဝန်ယူမှုနှင့်ဆိုင်သည့် အသိအမှတ်ပြုမှုများတွင် ကလေးအလုပ်သမားအကြောင်းအရာကိုသာ အများဆုံးအာရုံစိုက်ကြသည်။ သို့သော်လည်း လုပ်ငန်းခွင်ထဲမှ ကလေးသူငယ်အခွင့်အရေးများသည် အလုပ်သမားရေးကိစ္စရပ်များထက် သာလွန်ကျယ်ပြန့်သည်။ ထို့အတူ စီးပွားရေးလုပ်ငန်းများတွင် ကလေးအလုပ်သမားသည် အရေးကြီးသော ပြဿနာတစ်ရပ်အဖြစ် ရှိနေစဉ် အလုပ်ရှင်များသည် ဥပမာ - ကလေးသူငယ်များ၏မိဘများ၏ အလုပ်ရှင်များအဖြစ်၊ မိမိတို့ထုတ်ကုန်(သို့မဟုတ်) ဝန်ဆောင်မှုများ၏ ဈေးကွက်ထိုးဖောက်ရာတွင်နှင့် လုပ်ငန်းလည်ပတ်နေသည့် လူမှုပတ်ဝန်းကျင်များတွင် ကုမ္ပဏီများသည် ကလေးသူငယ်များအား တခြားသော နည်းလမ်းများဖြင့်လည်း ထိခိုက်နိုင်ကြောင်းကို နားလည်ရန်လိုအပ်ပါသည်။

## ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေး ဆိုင်ရာစည်းမျဉ်းများ (CRBP)

ကုမ္ပဏီများအနေဖြင့် လုပ်ငန်းခွင်နှင့် ဈေးရောင်းဈေးဝယ် ဖောက်ကားသော နေရာများ နှင့် ရပ်ရွာအသိုင်းအဝိုင်းတွင် ကလေးသူငယ်အခွင့်အရေးအား လေးစား ထောက်ပံ့ရာတွင် တက်တက်ကြွကြွလှုပ်ရှားမှုများ အပြည့်အဝလုပ်နိုင်ရန် လမ်းညွှန်ပေးရန်အတွက် ၂၀၁၂ခုနှစ်တွင် ကလေးသူငယ် အခွင့်အရေးများ နှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းများ (CRBP) အားရေးဆွဲခဲ့ခြင်းဖြစ်သည်။ UNGPs (ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်အခြေခံမှုများ) အတွက်လည်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာရှု့ထောင့်များကို အထောက်အပံ့ပေးခဲ့သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ၂၀၁၁ခုနှစ်တွင် တညီ တညွတ်တည်း ထောက်ခံခဲ့ပြီး ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC) နှင့် အောက်တွင်ဖော်ပြထားသည့် နိုင်ငံတကာ စံနှုန်းများအပေါ်


1 Myanmar Child-Centered Risk Assessment, UNICEF, ၂၀၁၅ စာမျက်နှာ ၉ တွင်ရှု။

2 Children’s Rights and Business Principles သည် အသုံးဝင်သောသတင်းအချက်အလက်များနှင့် ဝက်ဘဆိုဒ်တစ်ခုဖြစ်သည်။

အခြေခံခဲ့သည်။ UNGPs သည် အစိုးရများအနေဖြင့် စီးပွားရေးလုပ်ငန်းများသည် ထိလွယ်ရှလွယ်သည့်အုပ်စုများအား ထည့်သွင်းစဉ်းစားရန်နှင့် ကုမ္ပဏီများအနေဖြင့် သီးသန့်လူအုပ်စုများ (သို့မဟုတ်) လူထု၏လူ့အခွင့်အရေးများကို အထူးဂရုပြုလေးစားရန်အတွက် လမ်းညွှန်ချက်များ ပံ့ပိုးပေးသင့်ကြောင်း မှတ်ချက်ပြုထားပြီး ၎င်းတို့အားလက်တွေ့တွင် မည်သို့ဆိုလိုကြောင်းကိုမူ ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိချေ။ [3]

| **လေးထောင့်ကွက် (၁) ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းစည်းမျဉ်းများမှ ဖော်ပြထားသည့် ကုမ္ပဏီများ လုပ်ဆောင်သင့်သည့်အချက်များ** |
| --- |
| ၁။ ကလေးသူငယ်များ၏ အခွင့်အရေးကို လေးစားရန်တာဝန်ရှိကြောင်းနှင့် ကလေးသူငယ်များ၏ လူ့အခွင့်အရေးကို ထောက်ပံ့ကြောင်း ကတိကဝတ်ပြုရန်။ |
| ၂။ စီးပွားရေးလုပ်ငန်း လုပ်ဆောင်များအားလုံးနှင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်သောဆက်နွယ်မှုများ အားလုံးတွင် ကလေးအလုပ်သမား လုံးဝပပျောက်ရန် ပံ့ပိုးဖြည့်ဆည်းပေးခြင်း။ |
| ၃။ လူငယ်အလုပ်သမားများနှင့် ၎င်းတို့၏မိဘများနှင့် စောင့်ရှောက်သူများအား ကောင်းမွန်လုံခြုံသော လုပ်ငန်းခွင်အခြေအနေကို ထောက်ပံ့ပေးရန်။ |
| ၄။ စီးပွားရေးဆိုင်ရာလုပ်ရှားမှုအားလုံးနှင့် အထောက်အပံ့ပစ္စည်း အဆောက်အအုံအားလုံးတွင် ကလေးသူငယ်များအား ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်မှုများအား သေချာပြုလုပ်ခြင်း။ |
| ၅။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ၎င်းမှတစ်ဆင့် ကလေးငယ်များ၏ အခွင့်အရေးကို ထောက်ပံ့ပေးခြင်း။ |
| ၆။ ကလေးသူငယ်များ၏အခွင့်အရေးအားလေးစားထောက်ပံ့သည့် ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကြော်ငြာခြင်းကိုသာ အသုံးပြုခြင်း။ |
| ၇။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာကိစ္စရပ်များ၊ မြေယာများရယူခြင်းနှင့် မြေယာများအသုံးပြုခြင်းကိစ္စရပ်များတွင် ကလေးသူငယ် အခွင့်အရေးများကို လေးစားထောက်ပံ့ပေးခြင်း။ |
| ၈။ လုံခြုံရေးအစီအမံများတွင် ကလေးသူငယ်အခွင့်အရေးကို လေးစားထောက်ပံ့ပေးခြင်း။ |
| ၉။ အရေးပေါ်ကိစ္စရပ်များကြောင့် ထိရောက်မှုခံနေရသည့် ကလေးများကို ကာကွယ်ကူညီပေးခြင်း။ |
| ၁၀။ ကလေးသူငယ်အခွင့်အရေးကို ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန်အတွက် လူမှုအသိုင်းအဝိုင်းနှင့် အစိုးရကြိုးပမ်းအားထုတ်မှုများတွင် အထောက်အပံ့ပေးခြင်း။ |

3 အားနည်းသည့် အားနည်းချက် (သို့)ကလေးများ စသည့်ဝေါဟာရကို ကြိမ်ဖန်များစွာ United Nations Guiding Principles on Business and Human Rights တွင်ဖော်ပြထားပါသည်။ United Nations Human Rights Office of the High Commissioner စာမျက်မှာ ၆၊၁၀၊၁၅၊၂၀၊၂၈၊၃၀ နှင့် ၃၅ တွင်ဖတ်ရှု။




UNGPs ၏ ဒုတိယမှုဘောင်တွင် စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးလေးစားလိုက်နာရန် တာဝန်ရှိကြောင်း ဖော်ပြထားပါသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏အရွယ်အစား အခြေအနေဖြင့် လိုက်လျောညီထွေမှုရှိသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များထားရှိရန် မျှော်လင့်ထားပြီး ယင်းသို့ဆောင်ရွက်ရာတွင် (က)လူ့အခွင့်အရေးများ လေးစားလိုက်နာရေးတာဝန်ကို ဖြည့်ဆည်းရန်မူဝါဒရေးရာ တာဝန်ယူမှုတစ်ရပ် (ခ) ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဖော်ထုတ်ရန်၊ ကာကွယ်ရန်၊ လျှော့ချရန်နှင့် မည်သို့ဖြေရှင်းဆောင်ရွက်ရန်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းဖော်ပြရန် (ဂ)၎င်းတို့ကြောင့် ဖြစ်ပွားသည့် (သို့မဟုတ်) အထောက်အကူပြုမှုကြောင့် ဖြစ်ပွားလာသည့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများကို

ပြန်လည်ကုစားပေးနိုင်ရန် လုပ်ငန်းစဉ်များ ထည့်သွင်းဆောင်ရွက်ရပါမည်။ [4]

CRBP မှာ စီးပွားရေးလုပ်ငန်းများအနေဖြင့် ယင်းတို့၏ ကလေးသူငယ်များနှင့်စပ်လျဉ်းသည့် တာဝန်များကို ရှုထောင့်မျိုးစုံမှ ပိုမိုနားလည်စေရန်ဖြစ်သည်။ ဥပမာအားဖြင့် ငယ်ရွယ်သော အလုပ်သမားများနှင့်ကလေးများကို အလုပ်သမားအဖြစ် အလုပ်အကိုင်ပေးထားသော လုပ်ငန်းခွင်နေရာများ၊ ကလေးသူငယ်များအား ရည်ရွယ်၍ ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကြော်ငြာများ (သို့မဟုတ်) ကလေးသူငယ်များအား ဒေသခံအသိုင်းအဝိုင်း၏ အဖွဲ့ဝင်များအဖြစ် (သို့မဟုတ်) အရေးပေါ်ကိစ္စရပ်များတွင် ကုမ္ပဏီများမှ ဆက်သွယ်ဆောင်ရွက်ခြင်းများဖြစ်သည်။ ဤ CRBP သည်လည်း UNGPs တွင် သတ်မှတ်ဖော်ပြသကဲ့သို့ စီးပွားရေးလုပ်ငန်းများသည် ကလေးသူငယ်များ၏ အခွင့်အရေးကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းအားလုံးသည် ကလေးသူငယ်အခွင့်အရေးများအား ကျောထောက်နောက်ခံပြုထားသည့် အခြေခံမူဝါဒလေးခုကို အသိမှတ်ပြုရမည်ဖြစ်သည်။ (လေးထောင့်ကွက် (၁) တွင် ဖတ်ရှု။) [5]

## ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသုံးပြုနိုင်သည့် ကိရိယာများ

CRBP အား အကောင်အထည်ဖော်နိုင်ရန် အမျိုးမျိုးသော ကလေးသူငယ်အခွင့်အရေး လှုပ်ရှားနေသော အဖွဲ့အစည်းများသည် စီးပွားရေးလုပ်ငန်းများ၊ အစိုးရနှင့် အရပ်ဖက်အဖွဲ့အစည်းများကို ကူညီရန် အထောက်အကူပေးနိုင်သော ကိရိယာများ ဖော်ထုတ်ခဲ့ပါသည်။ ယေဘုယျအားဖြင့် ယခုကိရိယာများသည် စီးပွားရေးလုပ်ငန်းများအတွက် တိကျသောကဏ္ဍများတွင် ကလေးသူငယ်အခွင့်အရေးကို လေးစားရန်နှင့်ထောက်ပံ့ပေးရန် လမ်းညွှန်ချက်များပါရှိသည်။[6] (နောက်ဆက်တွဲ (၁) တွင် ဖတ်ရှု။)



4 United Nations Guiding Principles on Business and Human Rights, United Nations Human Rights Office of the High Commissioner, ၂၀၁၁၊ စာမျက်နှာ၁၅ မှ၂၄ တွင်ကြည့်ပါ။

5 Children's Rights and Business Principles, UNICEF, The UN Global Compact, and Save the Children, ၂၀၁၂။

6 UNICEFသည်လက်ရှိအချိန်တွင်လိုအပ်သောကဏ္ဍအလိုက်အထူးပြုအချက်အလက်များကိုဖော်ဆောင်နေပြီးသယံဇာတတူးဖော်မှုလုပ်ငန်းများ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းများ ခရီးသွားလာရေးနှင့် အထည်ချုပ်ကဏ္ဍများကို ရည်ရွယ်ထားသည်။

## ကလေးသူငယ် အခွင့်အရေးအား ကာကွယ်ရန် နိုင်ငံတကာ မူဘောင်များ

ကလေးသူငယ် အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်း (CRBP) သည် စည်းနှောင်မှုရှိသော နိုင်ငံတကာ ဥပဒေများနှင့် စည်းနှောင်မှုမရှိသော နိုင်ငံတကာစံချိန်စံညွှန်းများ နှစ်ခုစလုံးပေါ်တွင် အခြေခံထားပါသည်။ ၎င်းတို့သည် အစိုးရများနှင့်သက်ဆိုင်ပြီး CRBP သည် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့အားမည်ကဲ့သို့ အသုံးပြုရမည်ကို ဖွင့်ဆိုလမ်းညွှန်မှုပြုထားသည်။ ထိုစံချိန်စံနှုန်းများအား အောက်ပါအတိုင်း အနှစ်ချုပ်ထားသည်။

### ကုလသမဂ္ဂ၏ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (UN CRC)

ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက် (CRC) သည် အဓိက ဥပဒေရေးရာ မူဘောင်ဖြစ်ပြီး ၁၉၈၉ ခုနှစ်တွင် လက်ခံကျင့်သုံးခဲ့သည်။ ဤသဘောတူညီချက်သည် နေရာမရွေး ကလေးသူငယ်များ၏ လူ့အခွင့်အရေးများဖြစ်သည့် (နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု)နှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းတို့ကို အပြည့်အဝထည့်သွင်းထားသည့် ပထမဆုံး ဥပဒေအရစည်းနှောင်မှုရှိသည့် တရားဝင် သဘောတူညီချက်ဖြစ်သည်။ ၎င်းသဘောတူညီချက်သည် ကလေးသူငယ်အခွင့်အရေးဖြစ်သည့် အသက်ရှင်နေထိုင်ခွင့်၊ အပြည့်အဝဖွံ့ဖြိုးတိုးတက်ရေး၊ အန္တရာယ်ရှိစေနိုင်သော လွှမ်းမိုးမှုများ၊ အကြမ်းဖက်ခံရမှုများနှင့် ခေါင်းပုံဖြတ်ခံရခြင်းများမှ ကာကွယ်ရန်နှင့် မိသားစု၊ ယဉ်ကျေးမှုနှင့်လူမှုဘဝများတွင် အပြည့်အဝပါဝင်နိုင်ရန်ဖြစ်သည်။ အထွေထွေ အခြေခံစည်းမျဉ်းလေးချက်မှ ယင်းသဘောတူညီချက်ကို မည်သို့အသုံးချရမည်ကို လမ်းညွှန်ပေးထားပါသည်။ (လေးထောင့်ကွက်(၂)တွင် ဖက်ရှုပါ။)

| လေးထောင့်ကွက် (၂) UN CRC ၏ အထွေထွေမူအခြေခံလေးချက် | |
|---|---|
| ၁။ | ခွဲခြားဆက်ဆံခံရမှု မရှိစေရေး အခွင့်အရေးများ (အပိုဒ် ၂) |
| ၂။ | ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွား (အပိုဒ် ၃(၁) ) |
| ၃။ | ရှင်သန်နေထိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့် (အပိုဒ် ၆) |
| ၄။ | ကလေးသူငယ်များ၏အသံများ ကြားနာခံရပိုင်ခွင့် (အပိုဒ် ၁၂) |

### စီးပွားရေးလုပ်ငန်းများမှ ကလေးသူငယ် အခွင့်အရေး အပေါ်တွင် သက်ရောက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်မှ ဆောင်ရွက်ရမည့် အထွေထွေ မှတ်ချက်အမှတ် ၁၆ (၂၀၁၃)

အထွေထွေမှတ်ချက်များသည် လူ့အခွင့်အရေး သဘောတူညီချက်များမှ ခိုင်လုံသောကောက်ယူချက်များ ဖြစ်သည်။ အထွေထွေမှတ်ချက် အမှတ် ၁၆[7] သည် စီးပွားရေးလုပ်ငန်းများမှ ကလေးသူငယ်အခွင့်အရေးအပေါ်တွင် သက်ရောက်မှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ ဆောင်ရွက်ရမည့်အချက်များကို ဖော်ပြထားသည်။ ၎င်းသည် စီးပွားရေးလုပ်ဆောင်သူများသည် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှုများမှ တားဆီးရန်နှင့် ကုစားမှုတို့ပြုလုပ်ရာတွင် လိုအပ်သည့် လမ်းညွှန်ချက်တို့ ပါဝင်သည်။ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏တာဝန်ဖြစ်သော ကလေးသူငယ်အခွင့်အရေးများအား သေချာနားလည်ရန်နှင့် စီးပွားရေးလုပ်ငန်းများအား ထိုအခွင့်အရေးများအား နားလည်၍ အပြုသဘောဆောင်သည့် ပံ့ပိုးမှုများပြုလုပ်ရန် ဖြစ်ပါသည်။

7 General Comment No. 16, United Nations Committee on the Rights of the Child, ဖေဖော်ဝါရီ၊ ၂၀၁၃။

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ သဘောတူညီချက်များနှင့် လုပ်ငန်းခွင် အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများ ကြေညာစာတမ်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ လုပ်ငန်းခွင်အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများ ကြေညာစာတမ်း (၁၉၉၈) အရ အဖွဲ့ဝင်နိုင်ငံများသည် ILO ၏ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီးသည် ဖြစ်စေ၊ မပြီးသည်ဖြစ်စေ အောက်တွင်ဖော်ပြထားသည့် ကဏ္ဍ ၄ ခုအား လေးစားထောက်ခံရမည် ဖြစ်သည်။

(၁) လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းတောင်းဆို ခွင့်များအား အသိအမှတ်ပြုမှု[8]။

(၂) ပုံစံမျိုးစုံဖြင့် အတင်းကြပ်စေခိုင်းခြင်းနှင့် အတင်းအဓမ္မ စေခိုင်းခံရသည် လုပ်သားပုံစံပပျောက်ရေး [9]

(၃) ကလေး အလုပ်သမား ထိရောက်စွာဖျက်သိမ်းရေး [10]

(၄) လုပ်ငန်းခွင်နှင့် အလုပ်ခန့်ထားခြင်းဆိုင်ရာ ခွဲခြားဆက်ဆံမှု ပပျောက်ရေး [11]

ဤလုပ်ငန်းခွင်၌ အခြေခံရပိုင်ခွင့်များနှင့်ထပ်လောင်း သဘောတူညီချက်များသည် ကလေးသူငယ်များနှင့် ၎င်းတို့၏ မိဘများအတွက်ပါ သက်ဆိုင်သည်။ (လေးထောင့်ကွက် ၃ တွင် ဖတ်ရှု။)

**လေးထောင့်ကွက်(၃) ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းများတွင် အကိုးအကားပြုထားသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ သဘောတူညီချက်များ**

၁။ သဘောတူညီချက် အမှတ် ၁၅၆ - အမျိုးသား၊ အမျိုးသမီး၊ အလုပ်သမားများနှင့် မိသားစုတာဝန်ရှိသော အလုပ်သမားများအတွက် သာတူညီမျှသော အခွင့်အလမ်းများနှင့် ဆက်ဆံမှုများ။

၂။ သဘောတူညီချက် အမှတ် ၁၈၃- မိခင်များ၊ မိခင်လောင်းများအား အကာအကွယ်ပေးခြင်း။

၃။ သဘောတူညီချက် အမှတ် - ၇၇ ကလေးများ၊ ငယ်ရွယ်သူများကို စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ခန့်ထားမှုအတွက် ကြံ့ခိုင်မှုဆေးစစ်ခြင်း။

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နည်းနာများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းသည် ဈေးကွက်ထိုးဖောက်ခြင်းဆိုင်ရာ စီးပွားရေးအပြုအမူစံနှုန်းများနှင့် ကျန်းမာရေးနှင့် ဆိုင်သည့်စံနှုန်းများကို ဖော်ထုတ်ထားပြီး၊ အထူးသဖြင့် မိခင်နို့အစားထိုးဖော်မြူလာများ (infant formula) များ ထုတ်လုပ်ခြင်း၊ ဈေးကွက်တင်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊[12] အစားအသောက်များ အရက်နှင့် အရက်မပါဝင်သော ဖျော်ရည်များ၊ ဈေးကွက်တွင်း ကြော်ငြာခြင်း၊ ရောင်းချခြင်းများနှင့်ပတ်သက်၍ဖြစ်သည်။[13] ဆေးရွက်ကြီး အပါအဝင် ၎င်းထုတ်ကုန်များသည် ကလေးငယ်များအား ဆိုးရွားစွာ အကျိုးသက်ရောက်နိုင်သောကြောင့် ဖြစ်ပါသည်။ [14]

---

8 Freedom of Association and Protection of the Right to Organise Convention, ၁၉၄၈၊ အမှတ် (၈၇) နှင့် Right to Organise and Collective Bargaining Convention, 1951, No 98. ၁၉၅၁၊ အမှတ် (၉၈)။

9 Forced Labour Convention ၁၉၃၀၊ အမှတ်(၂၉) Abolition of Forced Labour Convention, ၁၉၅၇၊ အမှတ် (၁၀၅)။

10 Minimum Age Convention, 1973, No 138 အမှတ် (၁၃၈) & Worst Forms of Child Labour Convention, 1999, No 182. ၁၉၉၉၊ အမှတ် ၁၈၂။

11 Equal Remuneration Convention, ၁၉၅၁၊ အမှတ်(၁၀၀)1951 & Discrimination (Employment and Occupation) Convention, 1958, No 111. ၁၉၅၈၊ အမှတ် (၁၁၁)။

12 International Code of Marketing of Breast-milk Substitutes, WHO, 1981. ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ၁၉၈၁။

13 A Framework for Implementing the Set of Recommendation on the marketing of foods and non-alcoholic beverages to children, ၂၀၁၂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ and World Health Assembly's Global Strategy to Reduce the Harmful Use of Alcohol, ၂၀၁၀ ကမ္ဘာ့ကျန်းမာရေးအဖွဲ့။

14 WHO Framework Convention of Tobacco Control, WHO, 2003. ၂၀၀၃၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့။

## ဒေသတွင်း နည်းနာများနှင့် အဖွဲ့အစည်းများ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့အစည်း အာဆီယံနိုင်ငံများထဲမှ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပြီး အခြားအဖွဲ့ဝင် ၁၀ နိုင်ငံနည်းတူ ကလေးသူငယ်များနှင့်ဆိုင်သည့် ကတိကဝတ်များပြုထားသည်။ ကလေးသူငယ်အခွင့်အရေးများကို တိုက်ရိုက်လုပ်ဆောင်နိုင်ရန်အတွက် အဖွဲ့အစည်းအမျိုးမျိုးကိုလည်း ဖွဲ့စည်းထားသည် (နောက်ဆက်တွဲ-၂ သို့)။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံလွှတ်တော်သည် အထူးသဖြင့် ကလေးသူငယ်များနှင့် အမျိုးသမီးများနှင့်ဆိုင်သည့် လူကုန်ကူးမှုဆန့်ကျင်ရေး အာဆီယံသဘောတူညီချက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ [15]



15 Burma’s Parliament Ratifies ASEAN Anti-Trafficking Convention, ဧရာဝတီ၊ ၁၅ ဒီဇင်ဘာ ၂၀၁၆။

**စည်းမျဉ်း (၁)**

**ကလေးသူငယ်အခွင့်အရေးများကိုလေးစားခြင်း**

## စည်းမျဉ်း ၁ - စီးပွားရေးလုပ်ငန်းအားလုံးသည် ကလေးသူငယ်များ၏ အခွင့်အရေးကို အလေးထားရန် ၎င်းတို့တွင်တာဝန်ရှိပြီး ကလေးသူငယ်များ၏ လူ့အခွင့်အရေးကို အထောက်အပံ့ပေးရသည်။

မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေ(၁၉၉၃)၌ ကလေးသူငယ်တိုင်း၏ "အသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများနှင့် အကာအကွယ်နှင့် စောင့်ရှောက်မှုခံယူပိုင်ခွင့်၊ လူမှုအဖွဲ့အစည်းတွင် တက်ကြွစွာ ပါဝင်ခွင့်အခွင့်အရေးများ" ကို ကတိကဝတ်ပြုထားသော်လည်း ကလေးသူငယ် အများအပြားသည် ဆင်းရဲမှု၊ ပညာရေး မပြည့်စုံမှု၊ လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်မှုများကြောင့် CRC တွင်ပါဝင်သည့် ၎င်းတို့၏ အခွင့်အရေးများကို ဆယ်စုနှစ်ပေါင်းများစွာ လစ်လပ် ဆုံးရှုံးလျက်ရှိနေသည်။

### ဆင်းရဲနွမ်းပါးမှုထဲ ရောက်နေသော ကလေးသူငယ်များ

မြန်မာနိုင်ငံသည် အရှေ့အာရှနှင့် ပစိဖိတ်တွင် အဆင်းရဲဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး ၂၉ ရာခိုင်နှုန်းသော ဆင်းရဲသူများမှာ ကျေးလက်ဒေသတွင်ဖြစ်ပြီး မြို့ပြဒေသများတွင် ၁၅ ရာခိုင်နှုန်းဖြစ်သည်။ မြို့ပြလူဦးရေ တစ်ဝက်ကျော်ဖြစ်သည့် ၅၆.၆ ရာခိုင်နှုန်းမှာ ကျူးကျော်ရပ်ကွက်များတွင် နေထိုင်နေရကြပြီး ၎င်းဧရိယာတွင်ရှိသော ကလေးသူငယ်များသည် ဖွံ့ဖြိုးတိုးတက်မှုများနှင့်ဆိုင်သည့် စိန်ခေါ်မှုမှာမြင့်မားနေသည်။ အခြားအရေးကြီးသော ပြဿနာများမှာ ကလေးသူငယ်အများအပြား အာဟာရချို့တဲ့နေခြင်းနှင့် ဘေးကင်းသောသောက်သုံးရေ မရရှိမှု၊ ကောင်းမွန်သော လမ်းများမရှိမှုနှင့် လျှပ်စစ်မီးများ မရရှိမှုများသည် ဖြစ်သည်။[16] နိုင်ငံတစ်နိုင်ငံတွင် နို့စို့ကလေးနှင့် ကလေးသေဆုံးမှုနှုန်းတို့သည် ဆင်းရဲနွမ်းပါးမှုနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။ (အောက်တွင်ကြည့်ပါ။)

### ကျန်းမာရေး အခြေအနေ-နို့စို့ကလေးနှင့်ကလေးများ သေဆုံးမှု

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကလေးသေဆုံးမှုနှုန်း အစီရင်ခံစာအရ (စက်တင်ဘာ ၂၀၁၆) မြန်မာနိုင်ငံသည် အာဆီယံတွင် နို့စို့ကလေးများနှင့် အသက် ၅ နှစ်အောက် ကလေးသေဆုံးမှု ဒုတိယအမြင့်ဆုံး နိုင်ငံဖြစ်သည်။ နို့စို့ကလေး သေဆုံးမှုနှုန်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုနှင့် နှိုင်းယှဉ်လျှင် လျော့ကျနေသော်လည်း အရှေ့တောင်အာရှ ပျမ်းမျှနှုန်း၏ ၂၅၀ ရာခိုင်နှုန်းနီးပါး ပိုမိုမြင့်တက်နေသည်။ လူနေမှုအဆင့်အတန်း နိမ့်ကျနေခြင်းသည် တစ်ခုတည်းသော အရေးကြီးသည့်အချက်တစ်ချက် ဖြစ်သည်။ ကလေးသူငယ်များစွာသည် ကြိုတင်ကာကွယ်နိုင်သောရောဂါများဖြစ်သည့် ဝမ်းလျှောခြင်းနှင့် အဆုတ်ရောင်ရောဂါများဖြင့် သေလုမျောပါး ခံစားနေကြရသည်။[17] Save the children မှ ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်ခုတွင် ကျန်းမာရေးဝန်ကြီးဌာနမှ လေ့လာချက်တစ်ခုကို ကိုးကားထောက်ပြထားသည်။ ၎င်းမှာ အသက် ၅ နှစ်အောက် ကလေးသုံးယောက်တွင် တစ်ယောက်မှာ သတ်မှတ်ထားသည့် ပျမ်းမျှအရပ်တွင်မရှိဘဲ ပိန်လှီနေသည်ကို တွေ့ရသည်။ ၎င်းမှာ ကလေးများသည် မွေးစမှ ပထမရက် ၁၀၀၀ အတွင်းတွင် လုံလောက်သော အစာအာဟာရမရရှိခြင်းနှင့် ထပ်တလဲရောဂါပိုးများ ဝင်ခြင်းကြောင့်ဖြစ်သည်။[18]

### ပညာရေး

လွန်ခဲ့သည့် ဆယ်နှစ်စုများစွာတွင် အစိုးရသည် ပညာရေးအတွက် အသုံးပြုသည့် ဘဏ္ဍာငွေ ခွဲတမ်းမှာ အလွန်နည်းပါးခဲ့သည်။ (စာပိုဒ်-၂၈၊ CRC) အရင်းအမြစ်များ နည်းပါးစွာဖြင့် ကျောင်းများမှာ နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ရသည်။ မူလတန်းကျောင်းများမှာ မူအရ အခမဲ့ဖြစ်သော်လည်း မိဘများအနေဖြင့် ကျောင်းသုံးပစ္စည်းများနှင့် ကျောင်းစိမ်းတူညီ

16 Situation Analysis of Children with Disabilities in Myanmar, UNICEF ၂၀၁၆၊ စာမျက်နှာ ၉ နှင့် ၁၀ တွင်ရှု။
17 Thematic Report on Mortality, and 'Myanmar's child and infant mortality drastically exceeds regional average'၃ အောက်တိုဘာ ၂၀၁၆။
18 'Lives on Loan: Extreme Poverty in Yangon', Save the Children Myanmar, ဇူလိုင် ၂၀၁၆။

ဝတ်စုံများအတွက် ထောက်ပံ့မှုများပေးရပြီး ဆရာ/ဆရာမများထံသို့ တရားမဝင်သော အလှူငွေများလည်း ထည့်ဝင်ရသည်။ ပညာရေးစနစ်တွင် ဆရာ၊ ဆရာမများ၏ ကျောင်းမှန်မှန်မတက်ခြင်းနှင့် ကျောင်းသုံးပစ္စည်းများ မပြည့်စုံခြင်းနှင့် ကြီးလေးသော ပြစ်ဒဏ်များပေးခြင်းအစရှိသည့် ပြဿနာများလည်း ရှိသည်။ သင်ခန်းစာများမှာလည်း အလွတ်ကျက် ပညာရေးစနစ်ကိုသာ အခြေခံလေ့ရှိသည်။ [19]

အစိုးရကျောင်းများတွင် ကလေးသူငယ်တိုင်း မူလတန်းပညာရေးကို အခမဲ့ရရမည်ဆိုသော်ငြားလည်း[20] အလုပ်လုပ်သည့် အသက်အပိုင်းအခြား (၁၅ နှစ်နှင့်အထက်) ၆.၅ ရာခိုင်နှုန်းသာလျှင် အလယ်တန်းပညာရေး ပြီးဆုံးခဲ့သည်။[21] ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေအရ မူလတန်းအထိ အခမဲ့မသင်မနေရပညာရေးဟု ဖော်ပြထားပြီးနှင့် တဖြည်းဖြည်းနှင့် အတန်းကြီးများသို့လည်း တိုးမြှင့်သွားမည်ဟု ဖော်ပြထားသည်။[22] အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အလုပ်လုပ်နေသောကလေးသူငယ်များ၏ ပညာရေးအား အထောက်အပံ့ပေးသော်သည်း ၎င်းတို့သည် ကျောင်းတက်ရောက်နိုင်ရန် အခွင့်အရေးနည်းပါးလှသည်။

တိုင်းရင်းသားမျိုးနွယ်စုများမှ ကလေးသူငယ်များသည်လည်း စာသင်ကြားရာတွင် အဟန့်အတား၊ အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ အဘယ်ကြောင့်ဆိုသော် နေရာအချို့တွင် မိခင်ဘာသာစကားတို့အား သင်ကြားနိုင်သော်လည်း ပုံမှန်အားဖြင့် အမျိုးသားသင်ရိုးညွှန်းတန်းများမှာ ဗမာဘာသာဖြင့်သာ ဖြစ်သောကြောင့်ဖြစ်သည်။[23] မသန်စွမ်းသော ကလေးငယ်များသည်လည်း အခြေခံလိုအပ်ချက်များနှင့် ရင်းမြစ်များမရှိသောကြောင့် ထိုကဲ့သို့ပဲ ပညာသင်ကြားရာတွင် အခက်အခဲများ ကြုံတွေ့ရလေ့ရှိသည်။ UNICEF နှင့် အစိုးရ၏ လေ့လာချက်တစ်ခုတွင် ၆၇ ရာခိုင်နှုန်းသော မသန်စွမ်းကလေးသူငယ်များသည် ပုံမှန်ပညာရေးစနစ်တွင်စာသင်ကြားရခြင်းမရှိဘဲကျောင်းများတက်ရောက်ခဲ့ရခြင်းလည်းမရှိဟု တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ၁.၃၅ ရာခိုင်နှုန်းသော ကလေးငယ်များသည် မသန်စွမ်းကလေးငယ်များ ဖြစ်သည်။ [24]

## မွေးစာရင်း

CRC အပိုဒ်(၇)တွင် ကလေးသူငယ်တိုင်းတွင် အမည်မှည့်ပိုင်ခွင့်နှင့် လူမျိုးသတ်မှတ်ပိုင်ခွင့် ရှိကြောင်းဖော်ပြထားသည်။ နိုင်ငံသားမှတ်ပုံတင်ရာတွင် မွေးစာရင်းသည် တရားရေးရာကိစ္စများတွင် အထောက်အထားတစ်ခုအဖြစ် တင်ပြရသဖြင့် အရေးကြီးသော အရာတစ်ခုဖြစ်သည်။[25] မွေးစာရင်း အခမဲ့ရရှိရေးသည် ကလေးသူငယ်များ၏ ပထမဆုံးရပိုင်ခွင့် အခွင့်အရေးတစ်ခုဖြစ်ပြီး ကျန်းမာရေးအခွင့်အရေး၊ အကာအကွယ်နှင့် ပညာရေးအခွင့်အရေးများ ရရှိရန်တို့အတွက် အသုံးပြုရမည့်အရာတစ်ခုလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အောက် ကလေးဆယ်ယောက်တွင် သုံးယောက်မှာ မွေးဖွားချိန်တွင် မှတ်ပုံတင်ထားခြင်း မရှိပါ။ မြို့ပြများတွင်သာ မွေးစာရင်းပြုလုပ်နှုန်းမြင့်မားပြီး တိုင်းရင်းသားလူမျိုးများနေထိုင်သည့် တောင်တန်းဒေသများနှင့် ဝေးလံခေါင်းပါးသည့်နေရာများတွင်မူ မွေးစာရင်းပြုလုပ်မှုနှုန်း အလွန်နည်းပါးသည်။[26] ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ကုလသမဂ္ဂအထူး ကိုယ်စားလှယ်သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အခြေအနေတွင် မွေးစာရင်းပြုလုပ်နှုန်း နည်းပါးနေကြောင်း သတိပြုမိခဲ့သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့်နေရာများတွင် မှတ်ပုံတင်ရုံးများသို့

19 Child Rights Situation Analysis, Save the Children, ၂၀၁၅ ခုနှစ် မတ်လ ၂၆ ရက်။

20 ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ, ပုဒ်မ ၂၀/

21 Myanmar labour force, child labour, and school to work transition survey 2015, ၂၀၁၅၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ခန့်အပ်ခြင်းနှင့် လူမှုဖူလုံရေး၊ စာမျက်နှာ (၉)အား ကြည့်ပါ။

22 National Education Law, Burma Library အပိုဒ် (၄) နှင့် အပိုဒ် (၁၇)။

23 Ethnic nationalities make up 30 – 40% of the population.အစိုးရသည် တိုင်းရင်းသားလူမျိုးများ၏ ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်းရလာဒ်အား မထုတ်ပြန်ရသေးပေ။ 'Schooling and Conflict: Ethnic Education and Mother-Tongue Based Teaching in Myanmar', Ashley South နှင့် Marie Lall၊ ၂၀၁၆။

24 Situation Analysis of Children with Disabilities in Myanmar, UNICEF ၂၀၁၆၊ အပိုင်း(၇)အမှတ်(၃)။

25 Lutheran World Federation, UN Universal Periodic Review (UPR) submission, ၂၀၁၅။

26 'Myanmar's first birth registration week launched', UNICEF အောက်တိုဘာ၊ ၂၀၁၄။

လက်လှမ်းမမှီသောကြောင့်ဖြစ်သည်။ ထို့အပြင် သူမသည် ရခိုင်ပြည်နယ်တွင်နေထိုင်သည့် မွတ်စလင်ရိုဟင်ဂျာ ကလေးသူငယ်များသည်လည်း မွေးစာရင်းပြုလုပ်နှုန်းမှာလည်း အလွန်နည်းပါးကြောင်း မှတ်ချက်ပြုခဲ့သည်။ [27], [28]

## ခွဲခြားဆက်ဆံခြင်း

CRC ၏ အပိုဒ် -၂ တွင် အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု နိုင်ငံရေးနှင့်အခြားအယူအဆများ လူမျိုး၊ တိုင်းရင်းသားဖြစ်မှု (သို့မဟုတ်) မျိုးရိုးဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ ကလေးသူငယ် (သို့မဟုတ်) မိဘ၊ တရားဝင်အုပ်ထိန်းသူတို့၏ မွေးဖွားရာနှင့် အခြားအဆင့်အတန်းများအပေါ် ခွဲခြားမှုမပြုလုပ်သင့်ကြောင်းဖော်ပြထား သည်။ ၁၉၉၃ ကလေးသူငယ်ဥပဒေ အခန်း-၁၄ တွင် လူမျိုး၊ ကိုးကွယ်ယုံကြည်မှု၊ အဆင့်အတန်းနှင့် ယဉ်ကျေးမှု၊ မွေးဖွားရာနှင့် လိင်တို့ကိုသာ ခွဲခြားဆက်ဆံခြင်းမပြုရန် ဖော်ပြထားသည်။ သို့သော် ယင်းတို့တွင် CRC မှ ဖော်ပြထား သည့် အချက်အလက်အတော်များများဖြစ်သည့် ဘာသာစကား၊ အသားအရောင်၊ နိုင်ငံရေးနှင့်အခြားအယူအဆ၊ တိုင်းရင်းသားဖြစ်မှု၊ မျိုးရိုးဇစ်မြစ်နဲ့ လူမှုရင်းမြစ်၊ ပိုင်ဆိုင်မှုနှင့် မသန်စွမ်းမှုများမပါဝင်ပေ။

CRC မှ အထောက်အပံ့များပေးထားသော်လည်း ကလေးသူငယ်ဥပဒေတွင် ကန့်သက်ချက်များစွာရှိနေသောကြောင့် ကလေးသူငယ် များသည် ခွဲခြားဆက်ဆံမှုများကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနေရသည်။ ၂၀၁၂ခုနှစ် မြန်မာနိုင်ငံပေါ် တွင် အနှစ်ချုပ်လေ့လာချက်တွင် တိုင်းရင်းသားဒေသမှ ကလေးသူငယ်များ (သို့မဟုတ်) လူနည်းစုကိုးကွယ်သည့် ဘာသာများ၊ ရွှေ့ပြောင်းခံရသည့် ကလေးငယ်များ၊ နယ်စပ်ဒေသနှင့် ခေါင်းပါးသည့်နေရာမှကလေးများ၊ HIV ရောဂါကူးစက်ခံထားရသူများနှင့် ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်များသည် ခွဲခြားဆက်ဆံမှုများကို ဆက်တိုက် ခံစားနေရသဖြင့် ကလေးသူငယ်အခွင့်အရေးကော်မတီမှ စိုးရိမ်ပူပန်မှုများရှိကြောင်း ဖော်ပြထားသည်။ လူနည်းစု မျိုးနွယ်စုများမှ ကလေးသူငယ်များမှာ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ရရှိကျင့်သုံးခွင့် အခွင့်အရေးများ အပါအဝင် အခြေခံအခွင့်ရေးများ ဆုံးရှုံးနေကြသည်။[29] ထို့အပြင် Action Aid မှ ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာတွင် မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးများသည် မသန်စွမ်းသူများနှင့် အမျိုးသမီးများဖြစ်သောကြောင့် လူ့အဖွဲ့ အစည်းမှခွဲခြားဆက်ဆံခြင်းအား နှစ်ဆပိုမို၍ခံစားနေရပြီး ပညာသင်ရန် အခွင့်အလမ်းနည်းပါးခြင်း (သို့မဟုတ်) မရ ဟုဆိုသည်။ [30]

## ကလေးသူငယ်များအား အကာအကွယ်ပေးခြင်း

မြန်မာလူ့အဖွဲ့အစည်းသည် အလွန်အမင်း ရှေးရိုးစွဲပြီး ကလေးသူငယ်များအား အာဏာရှင်ဆန်ဆန် ဆက်ဆံကြသည်။ ကလေးသူငယ်များသည် ၎င်းတို့၏အကြီးများ ပြောသည့်စကားများ နားထောင်ရပြီး လိုက်နာဆောင်ရွက်ရသည်။ အိမ်နှင့်ကျောင်းများတွင် ခန္ဓာကိုယ်အား နာကျင်အောင် ရိုက်နှက်အပြစ်ပေးခြင်းသည် တရားဝင်ဖြစ်ပြီး လူမှု အသိုင်း အဝိုင်းများမှလည်း လက်ခံကြသည်။ ကောင်မလေးများနှင့် ကောင်လေးများမှာလည်း ၎င်းတို့၏ အမြင်အယူအဆ များကို ဖော်ပြ၊ မေးခွန်းထုတ်ရန် အခွင့်မရှိကြပေ။[31] နယ်စပ်ဒေသတွင် ရွှေ့ပြောင်းနေထိုင်သူများ မြင့်မားနေပြီး ၎င်းနေရာတွင် ၅.၄ ရာခိုင်နှုန်းသော မွေးစမှ အသက် ၁၇ နှစ်ထိရှိ ကလေးသူငယ်များသည် ၎င်းတို့၏ မိဘရင်းဖြင့် မနေကြရချေ။ လွန်ခဲ့သည့်နှစ်များတွင် မြန်မာနိုင်ငံသည် နိုင်ငံတွင်းတွင်ရော၊ နယ်စပ်ဖြတ်ကျော် လူကုန်ကူးသူများနှင့် လူကုန်ကူးခံရသူများ သိသိသာသာများပြားလာကြောင်း တွေ့ရှိခဲ့ရသည်။ အထူးသဖြင့် တရုတ်နှင့် ထိုင်းနိုင်ငံများသို့ ဖြစ်သည်။ ကလေးလူကုန်ကူးမှုတွင် အတင်းအကျပ်ဖိအားပေး ထိမ်းမြားလက်ထပ်ပေးခြင်းတို့ ပါဝင်ပါသည်။ မိန်းမ ငယ်များကို တရုတ်ပြည်သို့ မကြာခဏပို့ခံရပြီး ဖိအားပေးမွေးစားခံရသည်။[32] ပြည့်တန်ဆာအိမ်များသည် မြန်မာနိုင်ငံ တွင် တရားဝင်မဟုတ်ပါ၊ သို့သော်လည်း ကာရာအိုကေဆိုင်နှင့် အနှိပ်ခန်း၊ အလှပြင်ခန်းတို့တွင် လိင်လုပ်သားများ

27 ‘End of mission statement by the Special Rapporteur on the situation of human rights in Myanmar’, Office of the High Commissioner for Human Rights, 1 July 2016. လူ့အခွင်းအရေးဆိုင်ရာမဟာမင်းကြီးရုံး ဇူလိုင်(၁)၊၂၀၁၆။

28 Many in Myanmar do not recognise the term ‘Rohingya’ and refer to this population as ‘Bengali’.

29 Concluding Observations: Myanmar, Committee on the Rights of the Child, Paras စာမျက်မှာ ၃၅၊၆၁၊၉၆၊၁၄ မတ်လ ၂၀၁၂။

30 Gender Analysis Brief, Women and girls face double discrimination in Myanmar, Action Aid ဇန်နဝါရီလ ၂၀၁၆။

31 Child Rights Situation Analysis Within the ASEAN Region, လူ့အခွင့်အရေးနှင့်ငြိမ်းချမ်းရေးအဖွဲ့အစည်းMahidol University၊ ၂၀၁၆၊ စာမျက်နှာ ၂၆။

32 Situation Analysis of Children in Myanmar, UNICEF စာမျက်နှာ ၁၁၇-၁၁၈၊ ၂၀၁၂။

ကျင်လည်လျက်ရှိသည်။ ဥပဒေတွင် တားမြစ်ထားသော်လည်း ကလေးသူငယ်များမှာ စီးပွားရေးအရ လိင်လုပ်သား များအဖြစ် လုပ်ကိုင်နေပြီး လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းများကိုလည်း ခံစားနေရသည်။ အများစုမှာ မိန်းကလေး များဖြစ်ပြီး အချို့ကိစ္စများတွင် အမျိုးသားငယ်များလည်း တွေ့ရှိရသည်။ လိင်လုပ်သားများသည် မြန်မာနိုင်ငံတွင် တရားဝင်မဟုတ်သောကြောင့် လိင်လုပ်သားအဖြစ်လုပ်ကိုင်နေသော ကလေးသူငယ်အား ၁၅ ရက်မှ ၃ နှစ်ထိ ဖမ်းဆီးထိန်းသိမ်းခွင့်ရှိသည်။[33]

## မြန်မာနိုင်ငံမှ ကလေးသူငယ်များ၏ ဥပဒေဆိုင်ရာအခြေအနေ

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများကော်မတီ ရှေ့မှောက်၌မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် ကလေးသူငယ်အခွင့်အရေးအားမြှင့်တင်ရန် ခိုင်မာစွာ ကတိကဝတ်ပြုခဲ့သည်။ ကလေး သူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီအား ၎င်းနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။ အစိုးရသည် ကျေးလက် ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိခင်၊ မိခင်လောင်းဘဝနှင့် ကလေးသူငယ်ကျန်းမာရေးလုပ်ငန်းများအား ဦးစားပေး အဖြစ် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံမှ CRC တွင် သဘောတူညီ လက်မှတ်ထိုးပြီး နှစ်နှစ်အကြာ ၁၉၉၃ခုနှစ်တွင် ကလေးသူငယ်ဥပဒေအား ပြဌာန်းခဲ့သည်။ CRC သည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ခွင့်ပြုထားသောအဆင့်အတန်း မရရှိထားသည့်အတွက် တရားရုံးတွင် တည်ဆဲစည်းမျဉ်းများနှင့် ဥပဒေများကို အသုံးပြု၍ ၎င်း၏ဖွင့်ဆိုဖော်ပြချက်များကို ပယ်ချနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ CRC အကောင်အထည်ဖော်ဆောင်ရွက် ချက်များကို ကြီးကြပ်ရန် တာဝန်ရှိသည်။

**ကလေးသူငယ်ဥပဒေ သည် CRC တွင် ပါဝင်သောစံနှုန်းများမှ သိသာထင်ရှားစွာ ကွဲထွက်နေသည်။**

- ဥပဒေတွင် ပြဌာန်းထားသည်မှာ ၁၆ နှစ်အောက်ရှိသည့်သူများကို ကလေးသူငယ်ဟုခေါ်ဆိုပြီး CRC ၏ ဖွင့်ဆိုချက်တွင် ကလေးသူငယ်ဆိုသည်မှာ ၁၈ နှစ်အောက်ဖြစ်သည်။ ထို့အတူ မြန်မာဥပဒေများတွင် ကလေးသူငယ်၏ အနက်အဓိပ္ပာယ်အား မျိုးစုံဖွင့်ဆိုထားပြီး တစ်သက်မှတ်တည်း ဖွင့်ဆိုထားခြင်းမရှိချေ။
- ရာဇဝတ်ပြစ်မှု ကျူးလွန်သည့် အနိမ့်ဆုံးအသက်မှာ ၇ နှစ်ဟုဖော်ပြထားပြီး CRCမှ အကြံပြုထားသော အသက်မှာ ၁၂ နှစ်ဖြစ်သည်။ သို့သော်လည်း အသက် ၇ နှစ်အထက်ကလေးငယ်နှင့် အသက် ၁၂ နှစ်အရွယ်အောက်ကလေးသူငယ်များသည်ပြစ်မှုဆိုင်ရာအပြစ်ပေးခြင်းမခံသင့်ပါအဘယ်ကြောင့်ဆိုသော် "၎င်းတို့၏ အပြုအမူအနေအထိုင် အကျိုးဆက်များနှင့် အမှားအမှန်ကိုသုံးသပ်နိုင်သည့် လုံလောက်သော ရင့်ကျက်မှုမရှိသောကြောင့်" ဖြစ်သည်။[34]
- အိမ်ထောင်ပြုရန် တိကျသော အနိမ့်ဆုံးအသက် သတ်မှတ်ချက်မရှိပါ။
- ရိုက်နှက်အပြစ်ပေးခြင်းများအား တိကျစွာ တားမြစ်ချက်များမရှိပါ။

၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား CRCနှင့် လိုက်လျောညီထွေမှုရှိစေရန် ယခုတွင် ပြန်လည်ရေးဆွဲနေပြီး (အသစ် ရေးဆွဲနေသော ပြင်ဆင်ချက်ဥပဒေမှာ လွှတ်တော်သို့ မတင်ရသေးပေ။) အစိုးရသည် CRC နှင့် ကိုက်ညီမှုရှိစေရန် ကလေးသူငယ် အဓိပ္ပာယ်ဖွင့်ဆိုချက်အား (အသက် ၁၈ နှစ်အောက်)ဟု ဖွင့်ဆိုထားပြီး ရာဇဝတ်မှုကျူးလွန်လျှင် ထိန်းသိမ်းခံရမည့် အသက်အား ၁၀ နှစ်ဟုတိုး၍ သတ်မှတ်ထားသည်။ (သို့သော် ၎င်းမှာ CRC နှင့် ယခုထိ ကိုက်ညီမှု မရှိသေးချေ) ထို့ပြင် အနိမ့်ဆုံးအလုပ်ခန့်အပ်ရန် အသက်မှာ ၁၄ နှစ်ဟုလည်း ဖော်ပြထားသည်။ ဤပြောင်းလဲ ပြင် ဆင်ချက်များအား ဥပဒေအနေနှင့် အတည်ပြု မပြဌာန်းရသေးပါ။ [35]

33 Ibid, စာမျက်နှာ ၁၁၆-၁၁၇။

34 The Child Law, ပုဒ်မ ၂၈။

35 Situation Analysis of Children in Myanmar, UNICEF, စာမျက်နှာ ၄၊ ၂၀၁၂။

အစိုးရသည် အလုပ်သမားဥပဒေနှင့် အမျိုးသမီးများအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေများ အပါအဝင် အခြားသော ကလေး သူငယ်ဆိုင်ရာ ဥပဒေနှင့် မူဝါဒများအား ပြန်လည်သုံးသပ်၍ ပြင်ဆင်နေသည်။[36] သို့သော် လက်ရှိတွင် လက်ထပ်ထိမ်းမြားရန် မိန်းကလေးများနှင့် ယောကျာ်းလေးအတွက် အနိမ့်ဆုံးအသက်ပြဌာန်းထားသည့် ဥပဒေမရှိပါ။

## ကုမ္ပဏီများအတွက် အကြံပြုချက်များ

- စီးပွားရေးလုပ်ငန်းတည်ရှိသည့် နေရာများတွင် ကုမ္ပဏီ၏လည်ပတ်မှုကြောင့် သက်ရောက်မှုရှိနိုင်သော အလုပ်သမားများ၏ ကလေးများအပါအဝင်၊ အခြားသောရပ်ရွာထဲမှ ကလေးသူငယ်များ၏ အခြေအနေများ သိရှိရန် လေ့လာရမည်။
- ကုမ္ပဏီများသည် ကလေးသူငယ်အခွင့်အရေးများအပေါ် အခြေခံသည့် ချဉ်းကပ်မှုပုံစံကို (Child Rights Based Approah) အသုံးပြု၍ ကလေးသူငယ်များနှင့် ဆက်ဆံရေး (ကလေးများအပေါ် သက်ရောက်မှု)များကို ပြန်လည်သုံးသပ်ရမည်။ မည်သည့်ကလေးများသည် ထိခိုက်မှုခံရသူများဖြစ်ပြီး မည်သူတို့သည် တာဝန်ရှိသည့်သူများဖြစ်သည်ဟူသော အချက်များကိုထည့်သွင်း စဉ်းစားပေးခြင်းဖြစ်သည်။ ၎င်းမှာ မြန်မာနိုင်ငံ၏ ရှေးရိုးစွဲစံပုံစံများဖြစ်သည့် ပေးကမ်းလှူဒါန်းသည့်ပုံစံများ၊ လိုအပ်ချက်အပေါ် အခြေခံသည့် ချဉ်းကပ်မှုပုံစံများမှလည်း ခွဲထွက်ပါသည်။ [37]
- ကလေးငယ်များအပေါ် သက်ရောက်နိုင်မှု အခြေအနေများအား ကလေးသူငယ်အခွင့်အရေး လှုပ်ရှားနေသော ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များဖြင့် ချိတ်ဆက်၍ အကြံဉာဏ်ရယူခြင်း။[38]
- ရပ်ရွာအသိုင်းအဝိုင်းထဲမှ ကလေးသူငယ်များအပေါ် သက်ရောက်မှုများရှိသည့်အခါ ၎င်းတို့နှင့်တွေ့ဆုံကာ ဆွေးနွေးအကြံဉာဏ်များ ရယူသင့်ပါသည်။ ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို ကုမ္ပဏီများ၏မူဝါဒများနှင့် ဆောင်ရွက်မှုများတွင် ထည့်သွင်းပါ။
- ကလေးသူငယ်များ၏ လူ့အခွင့်အရေးကို လေးစားထောက်ပံ့ကြောင်း ကတိကဝတ်မူဝါဒများရေးဆွဲ၍ အများပြည်သူများသိရှိရန် ထုတ်ပြန်ထားသင့်သည်။ ၎င်းမူဝါဒများကို အလုပ်သမားအားလုံးနှင့် လုပ်ငန်းဆက်စပ်ပါတာနာများပါ လေးစားလိုက်နာရန် စည်းကမ်းသက်မှတ်သင့်ပါသည်။
- ကုမ္ပဏီ၏ ချမှတ်သည့် လူ့အခွင့်အရေးမူဝါဒများနှင့် လူ့အခွင့်အရေး လေးစားလိုက်နာရန်ဆောင်ရွက်ချက်များသည် ကလေးသူငယ်အခွင့် အရေးများအပေါ် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားထားခြင်း ။
- ကလေးသူငယ်အခွင့်အရေးအပေါ် ဆိုးရွားစွာ သက်ရောက်မှုများအတွက် ပြန်လည်ကုစားမှုများ ပြုလုပ်ရာတွင် ကလေးများ၏ ထိခိုက်အားနည်းလွယ်သော အခြေအနေအပေါ် တုံ့ပြန်ဆောင်ရွက်သည့်လုပ်ငန်းစဉ် (Child Sensitive Process) အား ထည့်သွင်းပါ။ ကလေးသူငယ်များ၊ ၎င်းတို့၏မိဘများနှင့် ကိုယ်စားလှယ်များမှ လုပ်ငန်းခွင်အဆင့် မကျေနပ်ချက်များနှင့် နစ်နာမှုများအတွက် တိုင်တန်းမှုများပြုလုပ်နိုင်ရန် လက်လှမ်းမှီရမည်။

---

36 Child Rights Situation Analysis Within the ASEAN Region, လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာချက်အဖွဲ့အစည်း ၂၀၁၆ စာမျက်နှာ ၃၂။

37 Based on interview with Myanmar human rights expert in March 2016. မြန်မာနိုင်ငံ လူ့အခွင့်အရေးကျွမ်းကျင်သူများ အခြေခံ၍ဆွေးနွေးမေးမြန်းချက်များ မတ်လ၊ ၂၀၁၆။

38 To engage with stakeholders on children's rights, businesses can use the tool 'Engaging Stakeholders on Children's Rights, UNICEF၊ ၂၀၁၄။

- မြန်မာနိုင်ငံမှ ကလေးသူငယ်များ၏အခြေအနေကို ထည့်သွင်းစဉ်းစားပြီး အသုံးဝင်သောနည်းနာများနှင့် လမ်းညွှန်ချက်များကိုအသုံးပြု၍ ကုမ္ပဏီများသည် ကလေးသူငယ်အခွင့်အရေးအား မည်ကဲ့သို့ လေးစား ထောက်ပံ့ပေးမည်ကို ဆန်းစစ်သုံးသပ်ခြင်း[39] (ယခုအပိုင်းအတွက် ကိုးကားချက်များကိုဖတ်ရှုပါ။[40])။ အထူးမှတ်သားရမည့် အချက်များမှာ-
    - ဆင်းရဲနွမ်းပါးမှုမြင့်မားခြင်းနှင့် ပညာရေးနိမ့်ပါးမှုကြောင့် မြန်မာနိုင်ငံမှ ကလေးများသည် အလွန်ထိလွယ်ရှလွယ် ဖြစ်နေပါသည်။ အသက်ရှင်နေထိုင်ရေးအတွက် ကလေးများနှင့် ၎င်းတို့၏မိဘများသည် ခေါင်းပုံဖြတ်ခံနေရသော လုပ်ငန်းခွင်အခြေအနေများကို လက်ခံ၍လုပ်ကိုင်နေရသည်။ (အောက်တွင်ဖော်ပြထားသည့် ကလေးသူငယ်အလုပ်သမား စည်းမျဉ်း-၂ ကို ကြည့်ပါ။)
    - ကျန်းမာရေးအဆင့်အတန်းနိမ့်ပါးမှုကြောင့် ကလေးသူငယ်များသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် အခြားသော သဘာဝပတ်ဝန်းကျင်ဖိစီးမှုများကို ပိုမို၍ထိလွယ်ရှလွယ်ဖြစ်နေပြီး ၎င်းတို့၏ ခန္ဓာကိုယ်စနစ်သည်လည်း နောက်ထပ်ဖိအားများ၏ ဒဏ်ခံနိုင်မှုမရှိပါ။
    - မွေးစာရင်းပြုလုပ်သည့်နှုန်း နည်းပါးမှုကြောင့် အလုပ်ရှင်များသည့် အလုပ်သမားများ၏ အသက်အမှန်ကို အတည်ပြုရန်ခက်ခဲနေသည်။ (ကလေးသူငယ်များအတွက် တူညီသော အသက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသောကြောင့် ဖြစ်ပေါ်နေသည့်ကိစ္စရပ်များကို ကလေးသူငယ်အလုပ်သမားနှင့် လုံခြုံရေးအခန်းတွင် ဆွေးနွေးထားသည်။)
    - အချို့သော ကလေးသူငယ်အုပ်စုများအားခွဲခြားဆက်ဆံမှုနှုန်း မြင့်မားပြီး၊ အထူးသဖြင့်တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများတွင် ကလေးသူငယ်များမှာ ပညာရေး၊ လူမှုရေးစသည့် နောက်ခံအားနည်းမှုများကြောင့် ထိခိုက်လွယ်သည်။
- ကလေးသူငယ်များ အခြေအနေတိုးတက်လာရန် နိုင်ငံတွင် ကနဦးလုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ရန် (Linked Initiatives စာတမ်းအား ကြည့်ပါ။)



39 website ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းမူဝါဒစည်းမျဉ်းများအား ပိုသိရှိစေရန်ကြည့်ပါ။
40 A Snapshot of Child Wellbeing, UNICEF၊ ဇူလိုင် ၂၀၁၅။

**စည်းမျဉ်း (၂)**

**ကလေးသူငယ် အလုပ်သမား**

## စည်းမျဉ်း ၂ - စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်မှုများနှင့် ဆက်ဆံရေးအားလုံးတို့ အပါအဝင် စီးပွားရေးလုပ်ငန်းအားလုံးသည် ကလေးသူငယ်အလုပ်သမား ပပျောက်ရေးတွင် ပါဝင်ဆောင်ရွက်ရမည်။

**ကလေးသူငယ် အလုပ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက် -** "ကလေးအလုပ်" နှင့် "ကလေးအလုပ်သမား" စကားရပ်နှစ်ခု၏ အဓိပ္ပာယ်ကို ခွဲခြားသိမြင်ရန် အရေးကြီးပြီး "ကလေးအလုပ်"ဆိုသည်မှာ အလုပ်လုပ်နိုင်သည့်အနိမ့်ဆုံး အသက်အောက်ငယ်ရွယ်သော (အသက် ၁၈ နှစ်အောက်) ကလေးသူငယ်များ တရားဝင်အလုပ်လုပ်နိုင်သည့် နေရာများဖြစ်သည်။ "ကလေးအလုပ်သမား"ဆိုသည်မှာနိုင်ငံတကာဥပဒေများမှတားမြစ်ထားသောလုပ်ငန်းခွင်အခြေအနေတွင် အလုပ်လုပ်နေရသည့် ကလေးသူငယ်များကို ဆိုလိုခြင်းဖြစ်သည်။

### ၁။ လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်သည့် ခွင့်ပြုထားသည့် အနိမ့်ဆုံးအသက်အရွယ်

| | **ကလေးသူငယ်များ အလုပ်စတင်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်** | **ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ချွင်းချက် အသက်** |
|---|---|---|
| **ဘေးအန္တရာယ်ရှိသောအလုပ်များ**<br>မည်သည့်အလုပ်တွင်မဆို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရား၊ လုံခြုံရေးကိုထိခိုက်နိုင်သည့် အလုပ်များတွင် အသက် ၁၈ နှစ်အောက် ကလေးသူငယ် မလုပ်ရဟု ဆိုလိုသည်။ | ၁၈ (၁၆ နှစ်အောက် တင်းကျပ်သော အခြေအနေ) | ၁၈ (၁၆နှစ်အောက် တင်းကျပ်သောအခြေအနေ) |
| **အခြေခံအနိမ့်ဆုံးအသက်**<br>အနိမ့်ဆုံး အသက်အပိုင်းအခြားသည် သတ်မှတ်ထားသည့် မသင်မနေရ ကျောင်းပညာရေးပြီးသည့် အသက်အပိုင်းအခြားအောက် ရောက်မနေရပါ။ မည်သည့် အခြေအနေတွင်မဆို အသက် ၁၅ နှစ်အောက် လည်း မရောက်ရချေ။ | ၁၅ | ၁၄ |
| **ပေါ့ပါးသောအလုပ်များ**<br>အသက် ၁၃ မှ ၁၅ နှစ်အတွင်း ကလေးသူငယ်များသည် ၎င်းတို့၏ ကျန်းမာရေးနှင့် လုံခြုံရေး (သို့မဟုတ်) ပညာရေးနှင့် အခြားသော အသက်မွေးကျောင်းသင်တန်းများအား မထိခိုက်လျှင် ပေါ့ပါးသည့် အလုပ်များအား လုပ်နိုင်ပါသည်။ | ၁၃-၁၅ | ၁၂-၁၄ |

## လေးထောင့်ကွက် (၄)

## အဘယ်ကြောင့် အန္တရာယ်များသော အလုပ်များသည် ကလေးသူငယ်များကို ပိုမို၍ဒုက္ခဖြစ်စေသနည်း။

အန္တရာယ်များသည့်အလုပ်များသည် ကလေးသူငယ်များ၏ အခြေခံဇီဝဗေဒဖြစ်စဉ်များကို ထိခိုက်စေနိုင်ပါသည်။ ကလေးသူငယ်များသည် လူကြီးများထက် အရွယ်အစားသေးငယ်ကြရုံသာမက မည်သို့သော ယဉ်ကျေးမှုအတွေးခေါ်များ (သို့မဟုတ်) လူမှုရေးရာ တည်ဆောက်ပုံများရှိသည်ဖြစ်စေ စိတ်ပိုင်းဆိုင်ရာအားဖြင့်သာမက ရုပ်ပိုင်းဆိုင်ရာပါ ကွဲပြားကြသည်။ အပျိုလူပျိုဖော်ဝင်ပြီး ဆယ်ကျော်သက်နှောင်းပိုင်းမှသာ ဇီဝဗေဒလူကြီးအသွင်သို့ ကူးပြောင်းသည်။ အထူးသဖြင့်-

- ကလေးငယ်များ၏ အရေးပြားပါးလွှာသောကြောင့် အဆိပ်အတောက်များသည် အလွယ်တကူ ကူးစက်နိုင်သည်။
- ကလေးသူငယ်များသည် အသက်ရှူသွင်းမှုပုံစံသည် မြန်မြန်နှင့် ပိုမိုနက်ရှိုင်းသဖြင့် ဖုန်မှုန့်နှင့် ရောဂါကူးစက်လွယ်ကြသည်။
- ကလေးသူငယ်များတွင် ကျယ်ပြန့်သော အရေပြားမျက်နှာပြင်ရှိခြင်းနှင့် အသက်ရှူမြန်ဆန်ခြင်းကြောင့် ရေဓာတ်များ အလွယ်တကူ ဆုံးရှုံးကြသည်။
- ကလေးသူငယ်များ၏ဦးနှောက်သည် ခဲနှင့်မာကျူရီကဲ့သို့ ပြင်းထန်သည့်သတ္တုများကို အလွယ်တကူ စုပ်ယူ၊ ထိန်းထားနိုင်သည်။
- ဟော်မုန်းစနစ်သည် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကသော့ချက်ဖြစ်သော်လည်း ဓာတုဗေဒပစ္စည်းများကြောင့် ဟန့်တားခြင်းကို အလွယ်တကူ ခံရနိုင်သည်။
- ကလေးသူငယ်များ၏ ခန္ဓာကိုယ်အတွင်းရှိ အစာခြေစနစ်များမှာ ဖွံ့ဖြိုးနေဆဲဖြစ်ပြီး အဆိပ်အတောက်ဖြစ်စေသည့်အရာများကို မခြေဖျက်နိုင်ချေ။
- ဖွံ့ဖြိုးနေဆဲအချိန်တွင် ကလေးသူငယ်များသည် စွမ်းအင်ပိုမိုသုံးရသောကြောင့် အဆိပ်အတောက်များ ကူးစက်နိုင်သည့်အလားအလာ ပိုများသည်။
- ကလေးသူငယ်များ ကောင်းမွန်သော ဖွံ့ဖြိုးနိုင်ရန် အိပ်ချိန်ပိုမိုလိုအပ်သည်။
- ကလေးသူငယ်များ၏ အပူချိန်ထိန်းညှိမှုစနစ်သည် ဖွံ့ဖြိုးမှုအားနည်းနေခြင်းတို့ကြောင့် ၎င်းတို့မှာ အပူဒဏ်နှင့် အအေးဒဏ်များ၏ အကြမ်းဒဏ်ကို မခံနိုင်ပါ။

"ကလေးအလုပ်သမား" အယူအဆမှာ ကလေးသူငယ်များအား စီးပွားရေးအရ ခေါင်းပုံဖြတ်မှုများ၊ အန္တရာယ်များသည့် လုပ်ငန်းများ (သို့မဟုတ်) ကလေးသူငယ်၏ပညာရေးကို ထိခိုက်သည့် (သို့မဟုတ်) ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးရာတိုးတက်မှုများကို ထိခိုက်မှုများရှိသည့်အလုပ်များတွင် လုပ်ကိုင်နေရခြင်းမှ ကာကွယ်ရန်ဖြစ်ပါသည်။[41] ကလေးသူငယ် အလုပ်သမား အဓိပ္ပါယ်မှာ "မည်သည့်အလုပ်တွင်မဆို (က)ဥပဒေတွင် ပြဌာန်းထားသည့် အနိမ့်ဆုံး သက်မှတ်ထားသော အသက်အောက်တွင် လုပ်ကိုင်နေသော ကလေးသူငယ်များ (ခ) ဥပဒေမှ သတ်မှတ်ထားသည့် အနိမ့်ဆုံးအသက် ကျော်လွန်၍ သို့သော်လည်း ၎င်းတို့သည် အသက်၁၈နှစ်အောက် ဖြစ်နေခြင်းနှင့်နိုင်ငံတကာစာချုပ်များမှသွေဖယ်သောအခြေအနေများကျူးလွန်ပြုသောအလုပ်များနှင့်အန္တရာယ်များသော အလုပ်များ (သို့) အခြားသော အဆိုးဝါးဆုံးပုံစံဖြင့်ကလေး အလုပ်သမား ခိုင်းစေခြင်း"ဖြစ်သည်။[42]

အနိမ့်ဆုံးလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရမည့် အသက်အရွယ်နှင့် အလုပ်အမျိုးအစားများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ သဘောတူညီချက်၏ အဓိကစည်းမျဉ်းများမှာ လေးထောင့်ကွက် (၁) တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။ [43]

**ထို့အတူ အောက်ပါအဓိပ္ပာယ် ဖွင့်ဆိုချက်များမှာလည်း ဆီလျော်မှုရှိပါသည်။**

- **"အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း"**သည် အနိမ့်ဆုံးအသက်အပိုင်းအခြားထက် ကြီးသော်လည်း အသက် ၁၈နှစ် မပြည့်သေးသည့်သူများ ကလေးများအား တားမြစ်ထားပါသည်။ ပါဝင်သည့်အချက်များမှာ (၁) ကျွန်ကဲ့သို့အစေခွ (သို့မဟုတ်) အတင်းအကျပ်ခိုင်းစေခြင်းကဲ့သို့သော ကျွန်ဘဝအသွင်သဏ္ဍာန်များ

41 CRC အပိုဒ် ၃၂(၁)

42 A legal review of national laws and regulations related to child labour in Myanmar in light of international laws and standards, Executive Summary, အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း။ အောက်တိုဘာ ၂၀၁၅။

43 ILO Convention 138 and ILO Recommendation 146.

အားလုံး (သို့မဟုတ်) အလားတူ ပြုမူလုပ်ဆောင်မှုများ။ လူကုန်ကူးခြင်း၊ အကြွေးမြီနှင့်သိမ်းခြင်း၊ လက်နက်ကိုင်ပဋိပက္ခများတွင်အသုံးပြုရန်၊ ကလေးစစ်သားအဖြစ်အဓမ္မ (သို့မဟုတ်) မဖြစ်မနေ စုဆောင်းခြင်း (၂) ပြည့်တန်ဆာလုပ်ငန်းတွင် ကလေးသူငယ်များကို အသုံးပြုခြင်း၊ လိင်မှုဆိုင်ရာညစ်ညမ်းစာအုပ်၊ ညစ်ညမ်းရုပ်ရှင်ကားများ ထုတ်လုပ်ခြင်း၊ ခိုင်းစေခြင်း။ (၃) တရားဥပဒေနှင့်ဆန့်ကျင်သည့် လုပ်ဆောင်မှုများတွင်ကလေးသူငယ်အားအသုံးပြုခြင်း (သို့မဟုတ်) လုပ်ဆောင်ခိုင်းခြင်း၊ မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ မူးယစ်ဆေးဝါးကုန်ကူးခြင်းများနှင့် အန္တရာယ်များသောအလုပ်များတွင် ခိုင်းစေခြင်း။ လေးထောင့်ကွက် (၄) အားကြည့်ပါ။ [44] [45]

- **"အန္တရာယ်များသောအလုပ်များ"**သည် ဥပဒေအရ အနိမ့်ဆုံး အသက်အပိုင်းအခြား အသက်ထက်ကြီးသော်လည်း  အသက် ၁၈ နှစ်အောက်များအား တားမြစ်ထားပါသည်။ (တင်းကြပ်သော အခြေအနေတွင် ချွင်းချက်ထားသည်) ၎င်းသည် အလုပ်သဘောသဘာဝတစ်ခု (သို့မဟုတ်) အခြေအနေတစ်ခုတွင် ကလေးသူငယ်များ၏ ကျန်းမာရေးလုံခြုံရေးနှင့် ကိုယ်ကျင့်တရားအားစွန့်စား၍ လုပ်ကိုင်ရမည့် အခြေအနေများပါဝင်နိုင်မှုရှိခြင်း (၁) ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာနှင့် လိင်အကြမ်းဖက်မှုများ ကျရောက်ခြင်း (၂) မြေအောက်နှင့် ရေအောက်၊ အန္တရာယ်ရှိသောအမြင့်မှ အလုပ်လုပ်ရခြင်းနှင့် တားမြစ်နေရာများတွင် အလုပ်လုပ်ရခြင်းများ (၃) အန္တရာယ်ရှိသော စက်ပစ္စည်းများကိရိယာများနှင့် လေးလံသောဝန်များဖြင့် အလုပ်လုပ်ရခြင်းများ (၄) ညစ်ညမ်းသောပတ်ဝန်းကျင်နှင့် အန္တရာယ်များသောနေရာများ၊ အပူချိန်၊ ဆူညံမှု၊ တုန်ခါမှုများကြောင့် ကျန်းမာရေးထိခိုက်နိုင်သောနေရာများတွင် အလုပ်လုပ်ရခြင်း (၅) အလုပ်ချိန်ကြာမြင့်စွာ၊ ညဥ့်နက်အလုပ်များနှင့် အခြားသောခက်ခဲသည့် အလုပ်အခြေအနေများ စသည်တို့ဖြစ်သည်။
- **"လူငယ်လူရွယ်အလုပ်သမား"**ဆိုသည်မှာဥပဒေမှသတ်မှတ်ထားသောအနိမ့်ဆုံးအသက်အပိုင်းအခြားထက်ကြီးသော်လည်း အသက် ၁၈ နှစ်မပြည့်သေးသောသူများ CRC နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းသဘောတူညီချက်၏ ခွင့်ပြုချက်အောက်တွင် သတ်မှတ်ထားသော လုပ်ငန်းခွင်အခြေအနေတွင် လုပ်ကိုင်နိုင်ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံ၏ ကလေးလုပ်သားအခြေအနေ

မြန်မာနိုင်ငံမှ ကလေးသူငယ်လုပ်သားအခြေအနေသည် ထင်သာမြင်သာ အလွန်ရှိသည်။ ၎င်းတို့သည် လက်ဖက်ရည်ဆိုင်နှင့် အခြားသောဝန်ဆောင်မှုပေးသောလုပ်ငန်းများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ စက်ရုံများ၊ သတ္တုတွင်းတူးဖော်သည့်လုပ်ငန်းများ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းစသည့်နေရာများတွင် လုပ်ကိုင်ကြသည်။ ကလေးသူငယ်အလုပ်သမားများဖြစ်စေရန် အဓိကဖိအားပေးသည့် အရာများမှာ မိသားစုလိုက် ဆင်းရဲနွမ်းပါးမှုများကြောင့် ကလေးသူငယ်များမှာ ၎င်းတို့၏ မိသားစုကိုပံ့ပိုးရန်ဖြစ်သည်။ လူ့အဖွဲ့အစည်းသဘောထားလေ့လာသည့် အစီရင်ခံစာတွင် ကလေးသူငယ် အလုပ်သမားများမှာ အိမ်ထောင်တစ်စုလုံး ဆင်းရဲနွမ်းပါးမှုအား ကုစားမှုတစ်ခုကဲ့သို့ဖြစ်နေသည်။[46] အချို့လေ့လာချက်များနှင့် အစီရင်ခံစာများတွင် မြန်မာအလုပ်ရှင်များသည် ဆင်းရဲသောမိသားစုများ၏ ကလေးများအား အလုပ်ခန့်ထားပေးခြင်းဖြင့် ၎င်းတို့အား ကူညီရာရောက်သည်ဟု မှတ်ယူကြသည်။ အစီရင်ခံစာတစ်ခုတွင် ကလေးသူငယ်အလုပ်သမားများသည် ၎င်းတို့မှာ မိသားစုအားပံ့ပိုးရန် တာဝန်ရှိနေသည်ဟု ဖော်ပြထားပြီး ဆင်းရဲသည့်မိဘများမှာလည်း ကလေးသူငယ်များသည် မိသားစုအားပိုက်ဆံထောက်ပံ့ရန် တာဝန်ရှိသည်ဟု ယူဆကြသည်ဟု ဖော်ပြထားသည်။ [47]

44 ILO Convention 182, ကလေးသူငယ်လုပ်သားများ၏အဆိုးဝါးဆုံးစည်းမျဉ်းပုံစံများ ၁၉၉၉။

45 အန္တရာယ်များပြောအလုပ်များမှ ကလေးသူငယ်များ (ဂျနီဗာ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း)

46 See for example 'Knowledge, Attitudes and practices (KAP) Study on child labour in Yangon, Ayeyarwaddy Region and Mon State', ဇန်နဝါရီ ၂၀၁၆ စာမျက်နှာ ၅-၆၊ Al Jazeera၁၃ ဧပြီ ၂၀၁၅။https://www.youtube.com/watch?v=tfa0633M374

47 'Rapid Assessment on Child Labour in Hlaing Thar Yar Industrial Zone in Yangon, Myanmar -2015, ILO ၂၈၊ အောက်တိုဘာလ၊၂၀၁၅ စာမျက်နှာ ၅။

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း (ဇယား-၂) အရ ခန့်မှန်းခြေ ၁၀.၅ ရာခိုင်နှုန်းသော အသက် ၅ နှစ်နှင့် ၁၇ နှစ်ကြား ကလေးသူငယ်များသည် လုပ်ငန်းခွင်သို့ရောက်နေသည်ဟု ရှာဖွေတွေ့ရှိသည်။ ၎င်း၏အရေအတွက်မှာ ၁.၃ သန်း ဖြစ်ပြီး ၉.၃ ရာခိုင်နှုန်းသည် ကလေးလုပ်သားများဖြစ်ပြီး ၅.၁ ရာခိုင်နှုန်းမှာ အန္တရာယ်များသည့်အလုပ်များတွင် လုပ်ကိုင်နေရသည်။[48] ၀.၃ ရာခိုင်နှုန်းသော ကလေးလုပ်သားများသာ ကျောင်းတက်နိုင်ကြသည်။ ၎င်းတို့၏ ပျမ်းမျှ အလုပ်ချိန်မှာ တစ်ပတ်တွင် ၅၂ နာရီရှိပြီး ယင်းမှာ ဥပဒေတွင်ပြဌာန်းထားသော အလုပ်ချိန်ထက်သာမက လူကြီးများ ၏ အလုပ်ချိန်ထက်ပင် ပိုများနေသည်။ [49]

**ဇယား (၂)**

**၂၀၁၅ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း။**

| ကလေးလုပ်သားအများဆုံးရှိသည့် စီပွားရေးကဏ္ဍများ [49] | ကလေးလုပ်သားအင်အားရာခိုင်နှုန်း |
|---|---|
| လယ်ယာစိုက်ပျိုးရေး ငါးဖမ်းနှင့်သစ်တောရေးရာ | အလုပ်လုပ်နေသည့် ကလေးသူငယ်များ၏ ၆၀.၅ ရာခိုင်နှုန်း |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၂ ရာခိုင်နှုန်း |
| ကုန်သွယ်ရေး | ၁၁ ရာခိုင်နှုန်း |
| အခြားသောလုပ်ငန်းများ | ၆ ရာခိုင်နှုန်း |

မြို့ပြများတွင် လမ်းပေါ်နှင့် ပြည်သူပိုင်နေရာတွင် တောင်ရမ်းစားသောက်နေရသော ကလေးသူငယ်များအား သိသာ ထင်ရှားစွာ တွေ့မြင်နိုင်သည်။ မြို့ပြများတွင် ကလေးသူငယ် အများအပြား တောင်းစားနေချိန်တွင် ၈၀ ရာခိုင်နှုန်းသော ကလေးများသည် ကျေးလက်ဒေသများတွင် အလုပ်လုပ်နေကြရသည်။ ကျေးလက်ဒေသများရှိ ကလေးများသည် လယ်ယာစိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လုပ်နေပြီး မိဘများနှင့် အတူလုပ်ကိုင်သလို တစ်ခါတစ်ရံတွင် လည်း အလုပ်သမားအဖြစ် ငှားရမ်းခံရလေ့ရှိ သည်။ မကြာခဏဆိုသလိုပင် အန္တရာယ်များသောအလုပ်များတွင်လည်း လုပ်ကိုင်နေရသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း လေ့လာချက်တွင် ကလေးအလုပ်သမားများသည် ကုန်တွင်း ငါးဖမ်းလုပ်ငန်း၊ ကြံစိုက်ပျိုးရေး၊ ပဲ၊ပြောင်း အမျိုးမျိုးစိုက်ပျိုးရေး လုပ်ငန်းများ၏ လုပ်ငန်းကွင်းဆက် အသီးသီး (Value Chain)တွင် လုပ်ကိုင်နေကြောင်းတွေ့ရှိခဲ့သည်။[50] ၎င်းတို့သည် ရန်ကုန်အပါအဝင် မြန်မာနိုင်ငံ အောက်ပိုင်းတစ်လျှောက် ကလေးလုပ်သားများနှင့်ဆိုင်သည့် လေ့လာချက်များကို ဆက်လက်၍လေ့လာနေသည်။[51]

48 ၂၀၁၅ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာနနှင့် ဗဟိုစာရင်းစစ်အဖွဲ့တို့မှ ILO နှင့်ပူးပေါင်းပြီး ထုတ်ပြန်ခဲ့သည်။ ယင်းစစ်တမ်းသည် အိမ်ထောင်စုတည်ဆောက်ပုံနှင့် လူဦးရေ၊ အလုပ်သမားအင်အားစစ်တမ်း၊ ကလေးအလုပ်သမားနှင့် ကျောင်းမှ အလုပ်သို့ ရောက်ရှိမှုများအတွက် တွေ့ရှိချက်များပါဝင်သည်။ ယင်းတွေ့ရှိချက်များသည် မတ်လ ၂၀၁၅ တွင် နိုင်ငံအနှံ့အပြားရှိ အိမ်ထောင်စုပေါင်း ၂၃၄၂၅ ခုအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ ယင်းစစ်တမ်းအတွင်းရှိ လူဦးရေဆိုင်ရာကိန်းဂဏန်းများသည် ၂၀၁၄ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။

49 'Myanmar: Child Labour in 2015, Key Facts and Statistics', MiOLIP and CSO. ကလေးသူငယ်များသည် ရံဖန်ရံခါ လခမရသော အိမ်အကူအလုပ်များကို လုပ်ကိုင်ကြရသည်။ ယင်းတို့အား အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များကို သတ်မှတ်ထားခြင်း မရှိပေ။

50 My-PEC Newsletter, Volume 4, ဖေဖော်ဝါရီ-ဇွန်လ ၂၀၁၆။

51 Knowledge, attitudes and practices (KAP) study on child labour in Yangon, Ayeyarwaddy Region and Mon State, ILO, ၂၀၁၅။

၂၀၁၃ ခုနှစ် မွန်ပြည်နယ်ရှိ ကလေးသူငယ်လုပ်သား လေ့လာချက်တွင်မူ တစ်ဝက်နီးပါးသော ကလေးလုပ်သားများမှာ ရော်ဘာစိုက်ပျိုးရေးနှင့် ကွမ်းရွက်လုပ်ငန်းများတွင် အများဆုံးတွေ့ရသည်ဟု ဖော်ပြထားပါသည်။ အခြားကလေးသူငယ်များသည် ခြံများတွင် ပေါင်းသင်မြက်နုတ်ရခြင်း၊ တံမြက်စည်းလုပ်ရန် မြက်များစုဆောင်းခြင်း၊ နွားကျောင်းခြင်း၊ နှင့် သစ်ခုတ်ခြင်းများတွင်လည်း လုပ်ကိုင်နေရသည်။[52]

ကလေးသူငယ်အများစုမှာ အိမ်ဖော်အလုပ်သမားအဖြစ် လုပ်ကိုင်နေခြင်း (သို့မဟုတ်) ဈေးထဲတွင် ပစ္စည်းများရောင်းချခြင်းတွင် လုပ်ကိုင်နေကြသည်။ ၎င်းတို့မှာ မှတ်ပုံတင်လုပ်ကိုင်ကြသော စီးပွားရေးလုပ်ငန်းမျိုးမဟုတ်ကြဘဲ အစိုးရမှလည်း စောင့်ကြပ်စစ်ဆေးခြင်းမရှိပေ။ ရန်ကုန်မြို့ရှိ လှိုင်သာယာစက်မှုဇုန်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းလေ့လာချက်တွင် ငယ်ရွယ်သည့် ကလေးသူငယ်များသည် တရားဝင်စည်းကြပ်ထားခြင်းမရှိသည့် အလုပ်များတွင် လုပ်နေကြရပြီး၊ ထိုကလေးများသည်လည်း အန္တရာယ်ရှိသည့် အလုပ်များနှင့် ထိတွေ့နေမှုပိုများသည်။ ထိုကလေးသူငယ်များသည် အဆောက်အအုံပြင်ပတွင် အလုပ်ကြမ်းများ လုပ်ရပြီး၊ လေးလံသည့် ကုန်စည်များ သယ်ရခြင်းကြောင့် ဖုန်မှုန့်၊ ဓာတ်ငွေ့နှင့် ပြင်းထန်သည့် အပူဒဏ်များကို ခံစားနေရသည်။[53]

လက်ဖက်ရည်ဆိုင်များနှင့် စီးပွားရေးလုပ်ငန်းအသေးစားတွင် လုပ်ကိုင်နေရသော ကလေးသူငယ်အများစုသည် အသက် ၁၄ နှစ်အောက်ဖြစ်သဖြင့် ကလေးသူငယ်အလုပ်သမားအဖြစ် ဖော်ပြခံရသည်။ ထို့အပြင် အများစုမှာ မိသားစုနှင့်အလွန်ဝေးကွာသော နေရာများတွင် နေကြရသူများဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်များတွင် နေထိုင်ကြပြီး ကျောင်းလည်း မတက်နိုင်ကြချေ။[54] ၂၀၁၃ ခုနှစ်တွင် Coca Cola ၏ လက်ဖက်ရည်ဆိုင်များတွင် လုပ်ကိုင်နေသော ကလေးသူငယ်လုပ်သားများအား လေ့လာမှုတွင် ၁၂ နှစ်မှ ၁၄ နှစ်အတွင်း ကလေးသူငယ်အများစု၏ တစ်ရက်အလုပ်ချိန် ၁၁ နာရီရှိပြီး အချိန်ပိုကြေးမရချေ။ ၈၈ ရာခိုင်နှုန်းမှာ ပုံမှန်နားရက်မရှိဟု စာတမ်းတွင် ဖော်ပြထားခဲ့သည်။[55]

အမေရိကန်အလုပ်သမားဌာနက လေ့လာခဲ့သည့်စာတမ်းတစ်ခုတွင် ဖော်ပြထားသည်မှာ ကုန်ပစ္စည်း ၁၄ မျိုးတွင် အဓမ္မခိုင်းစေခြင်းခံရသော အလုပ်သမားများသို့ ကလေးသူငယ်လုပ်သားများ ပါဝင်နေသည်။ ယင်းကုန်ပစ္စည်းများတွင် ကျောက်စိမ်းနှင့် ပတ္တမြား၊ ရော်ဘာနှင့် အခြားသော ကောက်ပဲသီးနှံများနှင့် အုတ်များ ပါဝင်သည်။ [56]

## လုပ်ငန်းနယ်ပယ် အသီးသီးမှ ကလေးလုပ်သားများ

### အထည်ချုပ်လုပ်ငန်း

မြန်မာနိုင်ငံတွင် လုပ်ခလစာနည်းပါးမှုကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖြည်လျော့လာသည့်နောင်းပိုင်းတွင် အနောက်တိုင်းမှ အဝတ်အထည်ထုတ်လုပ်သည့်လုပ်ငန်းများသည် မြန်မာနိုင်ငံရှိစက်ရုံများတွင် အထည်ချုပ်လုပ်ရန် ပိုမိုစိတ်ဝင်စားလာကြသည်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်တွင် ဥရောပသမဂ္ဂမှ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဥရောပသမဂ္ဂနိုင်ငံများသို့တင်ပို့သော ကုန်ပစ္စည်းများအား အခွန်မဲ့ (သို့မဟုတ်) အခွန်အနည်းငယ်သာ ပေးဆောင်ရသည့် GSP စနစ်ကို မြန်မာနိုင်ငံအတွက် ပြန်လည်ကျင့်သုံးခဲ့သည်။ [57]

အထည်ချုပ်စက်ရုံလုပ်ငန်းများတွင် ကလေးသူငယ်လုပ်သားပါဝင်မှုကို လေ့လာမှုပြုလုပ်ခဲ့ပြီး ယင်းအစီရင်ခံစာအရ အသက် ၁၈ နှစ်အောက် ကလေးသူငယ်များသည် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသည်ဟု ဖော်ပြထားသော်လည်း အသက်မပြည့်သည့် အလုပ်သမား (၁၄ နှစ်အောက်) မရှိသလောက်ရှားပါးသည်ဟု ရေးသားခဲ့သည်။ သို့ရာတွင် သက်ငယ်အလုပ်သမား၏ အလုပ်ချိန်သည့် လူကြီးများကဲ့သို့ ဖြစ်ပြီး ကလေးသူငယ်များ အလုပ်ချိန်နှင့် ပတ်သက်သည့် စက်ရုံအလုပ်ရုံအက်ဥပဒေသည် အသက်မဝင်သေးပေ။ (စည်းမျဉ်း (၃)အား ကြည့်ပါ)

52 'Children for hire: a portrait of child labor in Mon areas', စာမျက်နှာ ၈-၉, Woman and Child Rights Project, နိုဝင်ဘာ ၂၀၁၃။

53 Rapid Assessment on Child Labour in Hlaing Thar Yar Industrial Zone in Yangon, Myanmar -2015, ILO, ၂၈ အောက်တိုဘာ ၂၀၁၅။ စာမျက်မှာ ၆။

54 Childhood interrupted: Yangon's underage teashop workers', မြန်မာတိုင်မ်း၊ အောက်တိုဘာ ၁၄ ၂၀၁၆။

55 Children's Rights and Business Principles in ASEAN', MCRB presentation, အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၊ ဒီဇင်ဘာ ၈ရက် ၂၀၁၅။

56 'List of Goods Produced by Child Labor or Forced Labor', Bureau of International Labor Affairs, United States Department of Labor, စက်တင်ဘာ ၃၀ ၂၀၁၆။

57 'EU re-opens its market to Burma',. ဇူလိုင် ၁၈ ၂၀၁၃။

သက်ငယ်အလုပ်သမားများသည် အများအားဖြင့် စက်ရုံများတွင် ပေါ့ပါးသည့်အလုပ်များဖြစ်သော ပစ္စည်းစီခြင်း၊ ပါကင်ထုတ်ခြင်း၊ အပ်ချည်များညှပ်သည့်အလုပ်များအား လုပ်ရသည်။[58] ကိုရီးယားပိုင်စက်ရုံများရှိ အလုပ်သမားများ အခြေအနေကို လေ့လာမှုပြုလုပ်ခဲ့သည့် အစီရင်ခံစာတစ်ခုတွင် ကလေးလုပ်သားရှိ မရှိပြောကြားရခြင်းမှာ အလွန်ခက်ခဲသည့် အကြောင်းအရာတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော လုပ်သားများအား မေးခွန်းမေးမြန်းရာတွင် သက်သေခံအထောက်အထားအတုနှင့် ဆရာဝန်ဆီမှ ထောက်ခံချက်အတုများ အသုံးပြုနေကြောင်းကို တွေ့ရှိခဲ့သည်။ ထို့အပြင် အလုပ်သမား စစ်ဆေးရေးအရာရှိများ လာရောက်စစ်ဆေးပါက ကလေးလုပ်သားများမှာ အိမ်သာထဲတွင် ဝင်ရောက်ပုန်းနေသည့် ဖြစ်ရပ်များကိုတွေ့ရှိခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ [59]

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ ကျင့်ဝတ်စည်းမျဉ်းတစ်ခုကို အတည်ပြုလက်မှတ်ထိုးခဲ့သည်။ ၎င်းမှာ ကလေးသူငယ်လုပ်သားပပျောက်ရေး ကတိကဝတ်နှင့် အနိမ့်ဆုံးလုပ်ငန်းခွင်ဝင်ရမည့် အသက်မှာ ၁၅ နှစ်ဖြစ်ရမည်ဟု သဘောတူညီခဲ့ကြသည်။ အဖွဲ့ဝင်ကုမ္ပဏီများသည် လုပ်သားသစ်ခေါ် ယူရာနှင့် အလုပ်မခန့်မီစပ်ကြား လုပ်သားအသက်အား သက်သေခံကတ်ပြားကို စစ်ဆေးအတည်ပြုမှုကို အောင်မြင်အောင် လုပ်မည်ဟု ကတိထားခဲ့ကြသည်။ စည်းမျဉ်းသည် သက်ငယ်အလုပ်သမားများအား ကာကွယ်ပေးထားပြီး လုပ်ငန်းခွင်တွင် အန္တရာယ်များသော၊ အသက်စွန့်လုပ်ရမည့်အလုပ်မျိုး၊ လုံခြုံမှုမရှိသောအလုပ်များနှင့် ညပိုင်းအလုပ်လုပ်ခြင်းနှင့် အန္တရာယ်ရှိသောစက်ပစ္စည်းများ အသုံးပြုခြင်းမှလည်း တားမြစ်ထားသည်။[60] ယင်းကျင့်ဝတ်စည်းမျဉ်းများသည် ဖွံ့ဖြိုးမှုဆိုင်ရာအဖြစ် ကြိုဆိုခြင်းခံရသော်လည်း အလုပ်သမားအဖွဲ့အစည်းများနှင့် ကလေးသူငယ်အခွင့်အရေးလုပ်ကိုင်နေသည့် ပညာရှင်များသည် စက်ရုံများတွင် အမြင့်ဆုံးလုပ်ငန်းခွင်ဝင်ရမည့် အသက်အပိုင်းခြားသတ်မှတ်မှု မြှင့်တင်လိုက်ခြင်းကြောင့် လူငယ်လူရွယ်များသည် အန္တရာယ်များသည့်အလုပ်များတွင် လုပ်ကိုင်ရခြင်းနှင့် လမ်းမပေါ်တွင် အဆုံးသတ်သွားသည့်ဘဝများ ဖြစ်လာနိုင်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ အလုပ်လုပ်နေရသည့် ကလေးသူငယ်များအတွက် အလုပ်အကိုင်နှင့်ပညာရေးပေါင်းစပ်မှု ပေါ်ပေါက်လာရန် ဆောင်ရွက်သင့်သည်ဟု အလုပ်သမားသမ္မဂ္ဂအဖွဲ့မှ ကိုယ်စားလှယ်များမှ အကြံပြုကြသည်။[61]

58 ‘Child labor in Myanmar’s garment sector, Challenges and Recommendations’, BSR, မေ ၂၀၁၆။

59 ‘Under Pressure: A Study of Labour Conditions in Garment Factories in Myanmar which are wholly Korean owned or in a Joint Venture with Korean Companies’, Action Labour Rights, စာမျက်နှာ ၁၇။

60 Code of Conduct for member companies of the Myanmar Garment Manufacturers Association, ဇန်နဝါရီ ၂၀၁၅။ ၄.၁နှင့် ၄.၂။

61 Child labor in Myanmar’s garment sector, Challenges and Recommendations’, BSR, မေ ၂၀၁၆ စာမျက်နှာ ၁၀။

## လေးထောင့်ကွက် (၅)
## MCRB ၏ ကဏ္ဍအလိုက်သက်ရောက်မှုများ လေ့လာဆန်းစစ်ခြင်းမှ တွေ့ရှိခဲ့ရသော ကလေးသူငယ်အခွင့်အရေးများ ခရီးသွားလုပ်ငန်းကဏ္ဍ

**ခရီးသွားလုပ်ငန်းကဏ္ဍ** တွင် ကလေးသူငယ်များမှာ စားသောက်ဆိုင်ငယ်များ၊ လက်ဆောင်ပစ္စည်းများရောင်းချခြင်း၊ ဧည့်လမ်းညွှန်နှင့် တောင်းရမ်းစားသောက်ခြင်းများအား လုပ်ကိုင်နေကြောင်း တွေ့ရသည်။ ဟိုတယ်များတွင် ဧည့်ကြို၊ စားပွဲထိုးနှင့် အကူအဖြစ် အလုပ်လုပ်ကိုင်ကြရသည်။ ဟိုတယ်များနှင့် အခြားသော အကြီးစားခရီးသွားလုပ်ငန်းများသည် အများအားဖြင့် အလုပ်သမားများ၏ အသက်မှတ်ပုံတင် သက်သေခံများကို တောင်းခံကြသော်လည်း ဧည့်သည်များမှာ စားသောက်ဆိုင်ငယ်များနှင့် လက်ဆောင် ပစ္စည်းအရောင်းဆိုင်များတွင် လုပ်ကိုင်နေသော ကလေးသူငယ်များအား ခဏခဏတွေ့ရသည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း ဧည့်သည်ဝင်ရောက်တိုးတက်မှုနှုန်း မြင့်မားလာမှုကြောင့် ကလေးသူငယ်များလိင်လုပ်သားအဖြစ် လုပ်ကိုင်နိုင်သဖြင့် စိုးရိမ်ဖွယ်ရာတစ်ခု ဖြစ်လာသည်။ [62]

**ICT Sector သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ၌ ဆက်သွယ်မှုဝန်ဆောင်မှုပေးသော တယ်လီနောကုမ္ပဏီသည် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်အတွင်း ၎င်းတို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစဉ်၏ ကွင်းဆက်တစ်ခုဖြစ်သည့် ဆက်သွယ်ရေးတာဝါတည်ဆောက်မှု လုပ်ငန်းခွင်တွင် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း သက်ငယ်လုပ်သားနှင့် ၁၅ နှစ်အောက် သက်ငယ်လုပ်သားအမှုများကို တွေ့ရှိခဲ့သည်။ အသက် ၁၅ နှစ်မှ အသက် ၁၇ နှစ် အပိုင်းအခြားအတွက်ပင်လျှင် ဆက်သွယ်ရေးတာဝါ ဆောက်လုပ်ရေးလုပ်ငန်းခွင်သည် အန္တရာယ်များသော အလုပ်များဖြစ်နိုင်သောကြောင့် အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို လုပ်ကိုင်ခွင့်မပေးချေ။ မေလ ၂၀၁၅တွင် ကုမ္ပဏီမှာ ဆက်သွယ်ရေးတာဝါလုပ်ငန်းခွင် နေရာအားလုံးတွင် ကလေးသူငယ် အလုပ်သမားများကို ဖယ်ရှားရန် လုပ်ဆောင်ခဲ့သောကြောင့် အသက်မပြည့်သော ကလေးသူငယ်များကို ပို၍ရှာတွေ့ရှိခဲ့သည်။ ကုမ္ပဏီမှကျင့်သုံးသော မူဝါဒတွင် အသက် ၁၅ နှစ်အောက် မည်သူမဆို အလုပ်လုပ်ကိုင်ခွင့် မပြုဟုဖော်ပြထားသည်။ ထို့အပြင် အလုပ်သမားများသည် အနည်းဆုံး အသက် ၁၈ နှစ်ရှိမှသာ ဆက်သွယ်ရေးတာဝါများတွင် အလုပ်လုပ်ရမည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ငန်းခွင်များသည် အလွန်အန္တရာယ်များသည့် အလုပ်များဖြစ်သည်ဟု ကုမ္ပဏီမှယူဆသောကြောင့်ဖြစ်သည်။[63] ၂၀၁၆ ခုနှစ်၊ မတ်လ တယ်လီနောကုမ္ပဏီရေရှည်တည်တံ့ရေး အနှစ်ချုပ်တွင် အသက်မပြည့်သည့်အမှု ၈၉ ခုနှင့် ကလေးသူငယ် အလုပ်သမားအမှု ၁၉ ခုအား ၎င်းတို့ အလုပ်စတင်လည်ပတ်သည့် အချိန်မှစ၍ ရှာဖွေတွေ့ရှိခဲ့သည်ဟုအစီရင်ခံစာတွင်ဖော်ပြခဲ့သည်။ ၎င်းတို့၏လုပ်ငန်းတွင် ကလေးလုပ်သားရှိနေမှုကို တိုက်ဖျက်ရန် တယ်လီနောမှ လုပ်ငန်းခွင်တွင် ရာချီသော ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများကိုလည်း ပြုလုပ်ခဲ့သည်။ [64]

### အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရသည့် ကလေးလုပ်သားများ

အရင်တစ်ချိန်က မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများသည် စစ်တပ် (သို့မဟုတ်) အရပ်သားအာဏာပိုင်များနှင့် ဆက်စပ်မှုရှိခဲ့သည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ ပုဂ္ဂလိကကဏ္ဍတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုမှာ မကြာသေးမီကာလအတွင်း ပိုမိုသိသာလာပြီး ပြည့်စုံလုံလောက်စွာ မဖြေရှင်းနိုင်သေးကြောင်း အစီရင်ခံခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံခြားရေးဌာန၏ လူကုန်ကူးမှုစစ်တမ်းတွင် မြန်မာနိုင်ငံအား Tier 3 အဆင့်အဖြစ် သတ်မှတ်ခဲ့သောကြောင့် အရမ်းဆိုးရွားသည်ဟု ဆိုနိုင်ပါသည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ကလေးများသည် အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် လိင်ကုန်ကူးမှုအတွက် ပြည်တွင်း ပြည်ပနှစ်မျိုးစလုံး၏ အရင်းအမြစ် တိုင်းပြည်တစ်ခုဖြစ်နေကြောင်း တွေ့ရှိခဲ့ပါတယ်။ လိင်အတွက် ခရီးသွားသော နိုင်ငံခြားသားဧည့်သည် (foreign sex tourists) အနည်းငယ်သည် မြန်မာနိုင်ငံသို့ ဝင်ရောက်လာပြီး ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများ ပြုလုပ်နေပါသည်။[65] ဧည့်သည်ဝင်ရောက်မှုနှုန်း မြင့်တက်လာသည့်နှင့်အမျှ စိုးရိမ်ပူပန်မှု ပိုမိုမြင့်တက်လာပါသည။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ခရီးသွားလာရေးလုပ်ငန်းများနှင့် အွန်လိုင်းများ၌ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း အခြေ

62 Myanmar Tourism Sector-Wide Impact Assessment, MCRB/DIHR/IHRB, ဖေဖော်ဝါရီ ၂၀၁၅ စာမျက်နှာ ၁၅၈နှင့် ၁၆၂မှ ၁၆၃။
63 Myanmar ICT Sector-Wide Impact Assessment, MCRB/IHRB/DIHR, စက်တင်ဘာ ၂၀၁၅ စာမျက်နှာ ၁၉၄။
64 'Telenor addresses underage labour, corruption and site fatalities', မြန်မာတိုင်းမ်း မတ်လ ၂၉၊၂၀၁၆။
65 US Department of State, Trafficking in persons report, June 2016, p. 112. ဇွန်လ ၂၀၁၆ စာမျက်နှာ ၁၁၂။

**သတ္တုတူးဖော်မှုလုပ်ငန်း**

ကလေးသူငယ်များသည် သတ္တုတွင်းများနှင့် သတ္တုတူးဖော်သည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေကြသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေရသောကလေးငယ်များသည် အန္တရာယ်များသော အလုပ်များတွင် ဝင်ရောက် လုပ်ကိုင်နေသည်ဟု ယူဆနိုင်ပြီး ၎င်းမှစွန့်ထုတ်သည့်ဓာတ်ငွေ့များနှင့် ပြင်းထန်သည့် ဓာတုဗေဒပစ္စည်းများနှင့် ကလေးသူငယ်များ ထိတွေ့နေရသောကြောင့်သည်။ ထို့ပြင် မတော်တဆမှုများလည်း လွန်စွာဖြစ်ပေါ်နိုင်ပါသည်။ ၁၉၉၆ ခုနှစ် မြန်မာသတ္တုတွင်းစည်းမျဉ်းတွင် အသက် ၁၈ နှစ်အောက် ကလေးသူငယ်များသည် သတ္တုတူးဖော်သည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်မရှိဟု ပါရှိပြီး အလုပ်သမားတွင် အသက်ပြည့်ကြောင်းထောက်ခံစာနှင့် သက်ဆိုင်သည့် ကျန်းမာရေးထောက်ခံချက် ပါမှသာလျှင် လက်ခံခွင့်ပြုမည်ဟု ဖော်ပြပါရှိသည်။

ကလေးသူငယ်များသည် အများအားဖြင့် သတ္တုလုပ်ငန်းတွင်းလုပ်ငန်းကြီးများ၌ အလုပ်မလုပ်ရသော်လည်း သတ္တုလုပ်ငန်းနှင့်ဆက်စပ်သည့် ကွင်းဆက်လုပ်ငန်းများတွင် လုပ်နေရသည်။ အထူးသဖြင့် ဆောက်လုပ်ရေးကာလတွင် အလုပ်လုပ်ကိုင်နေရခြင်းမျိုး ဖြစ်သည်။ ကလေးလုပ်သားများအား ဥပဒေမူဘောင်၏ ပြင်ပတွင်ဖြစ်သည့် တရားမဝင်သတ္တုတူးဖော်သည့်လုပ်ငန်း၊ တနိုင်တပိုင် လုပ်ငန်းများတွင် ပိုမိုတွေ့ရလေ့ရှိသည်။ ကလေးသူငယ်များမှာ ၎င်းတို့၏ မိဘ၊ ဆွေမျိုးများ၊ မောင်နှမများနှင့်အတူ တနိုင်တပိုင် သတ္တုတူးဖော်ခြင်းကိုလည်း ပြုလုပ်ရသည်။ အသေးစား ရွှေတူးဖော်သည့်လုပ်ငန်းများသည် ကျန်းမာရေးကို အလွန်ဆိုးရွားစွာထိခိုက်နိုင်သော ဆိုင်ရာနိုက်ဓာတ်ငွေ့များ ရှိသော်လည်း အကာအကွယ်ပစ္စည်းများမသုံးဘဲ ခြေဗလာဖြင့် အလုပ်လုပ်ကိုင်နေကြသည်။

ကလေးသူငယ်များသည် လူကြီးများထက် သတ္တုတွင်းတူးဖော်မှုကြောင့်ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ခံနိုင်ရည်အားနည်းသည်။ ဥပမာအားဖြင့် အန္တရာယ်များသည့် ဓာတုဗေဒပစ္စည်းများဖြစ်သည့် အာဆင်းနစ်နှင့် ဆိုင်ရာနိုက်ဓာတ်ငွေ့များ၊ ရေ၊ လေနှင့် မြေကြီးညစ်ညမ်းမှုမှုများကို ၎င်းတို့၏ မပြည့်စုံသေးသည့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးဆဲ၊ တိုးတက်ဆဲ အခြေအနေကြောင့် ပို၍ခံနိုင်ရည်အားနည်းသည်။ သတ္တုတွင်းလုပ်ငန်းတွင် မိဘများသည်လုပ်ကိုင်နေသောကြောင့် ၎င်းတို့၏ကလေးများသည် အလုပ်မလုပ်ကိုင်သော်လည်း သတ္တုတွင်းတူးဖော်သည့်လုပ်ငန်း ပတ်ဝန်းကျင်တွင် နေထိုင်နေရသည်။ ထို့ကြောင့် ထိုကလေးများသည် အလုပ်မလုပ်ကိုင်သော်လည်း အန္တရာယ်ရှိသည့် ပတ်ဝန်းကျင်နှင့်ထိတွေ့နေရသည်။[66]

အနေအပေါ် ဆန်းစစ်ချက်တစ်ခုကို သုတေသန ပြုလုပ်နေပါသည်။ [67]

အထည်ချုပ်လုပ်ငန်းများတွင် အမျိုးသမီးများနှင့် ကလေးများလည်း ကျေးကျွန်များအဖြစ် (သို့မဟုတ်) အတင်းအဓမ္မခိုင်းစေခြင်းခံနေရသည်။ လက်ဖက်ရည်ဆိုင်များ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် တောင်းရမ်းမှုများတွင်လည်း ကလေးသူငယ်များသည် အတင်းအဓမ္မခိုင်းစေခံနေရသည်။[68] ၂၀၁၅ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ မြန်မာနိုင်ငံရှိဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများအပေါ် လေ့လာမှုတစ်ခုပြုလုပ်ခဲ့ရာတွင် ကလေးသူငယ်များသည် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ခံစားနေရသည်။ အထူးသဖြင့် မိန်းကလေးငယ်များဖြစ်သည်ဟု ဖော်ပြထားသည်။ အတင်းအဓမ္မခိုင်းစေခြင်းနှင့် လူကုန်ကူးမှုသည် အသက် ၁၅ နှစ်မှ ၁၇ နှစ် ကလေးများတွင် အများဆုံးဖြစ်ပွားနေသည်။ သို့သော်လည်း စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများမှာ ၇၂၉၅ ဦးသာဖြစ်ပါသည်။ ၎င်းအရေအတွက်မှ ၆ ရာခိုင်နှုန်းခန့်သာ ၁၈ နှစ်အောက်ကလေးငယ်များ ဖြစ်သည်။ ဆင်းရဲသောမိသားစုမှ ကလေးသူငယ်များသည် လူကုန်ကူးခံရခြင်းကဲ့သို့သော ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ ပိုမိုခံစားနေရကြသည်။ ဆင်းရဲသည့်အိမ်ထောင်စုများမှ မိန်းကလေးငယ်တစ်ချို့သည်လည်း မိသားစုအတွက်ဝင်ငွေရှာရန် အခြေခံပညာ အထက်တန်း ၉ တန်းနှင့် ၁၀ တန်းမတက်ရဘဲ စောစီးစွာကျောင်းထွက်ခဲ့ရသဖြင့် အခြားသူများနှင့် နှိုင်းယှဉ်လျှင် လူကုန်းကူးခံမှုများနှင့် အတင်းအဓမ္မခိုင်းစေခြင်းခံရသည့် အမှုများတွင် ပိုမိုခံစားနေရကြောင်း တွေ့ရှိရပါသည်။ အိမ်ဖော်အလုပ်သမား၊ ငါးဖမ်းလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုလုပ်ငန်းနှင့် အစားအသောက်နှင့်ဆက်စပ်သည့် လုပ်ငန်းများတွင် အတင်းအဓမ္မခိုင်းစေခြင်းခံရသည့် အလုပ်သမားများ ပိုမိုပျံ့နှံ့လျက်ရှိသည်။ [69]

66 Draft Myanmar Mining Sector Wide Impact Assessment on Limestone, Gold and Tin, Women and Children, MCRB/DIHR/IHRB, ဒီဇင်ဘာ ၂၀၁၆။

67 See www.myanmarresponsibletourism.org/tag/ecpat/

68 Ibid

69 'Internal Labour Migration in Myanmar – Building an evidence-base on patterns of migration, human trafficking and forced labour', ILO, 2015, pages 3, 6, 65-66, 70, and 85. ၂၀၁၅ စာမျက်နှာ ၃၊၆၊၆၅-၆၆၊ ၇၀ နှင့် ၈၅။

Equality Myanmar ၊ World Vision အပါအဝင် အခြားသော မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ကလေးသူငယ်များအား လူကုန်ကူးခံရမှုမှကာကွယ်ရန်နှင့် သတိပြုမိရန် အမြင်ဖွင့်သင်တန်းအစီအစဉ်များအား လုပ်ဆောင်နေပါသည်။ [70]

## ကလေးသူငယ်အလုပ်သမား တိုက်ဖျက်ရန် ကနဦးလုပ်ရှားမှုများ

ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် Inter Government အဖွဲ့အစည်းများ (ILO and UN) နှင့် မြန်မာနိုင်ငံ အစိုးရအတွက် ကလေးအလုပ်သမားသည် အဓိကပြဿနာတစ်ခု ဖြစ်နေသည်။ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့သည့် အချိန် ၂၀၁၁ ခုနစ်မှစ၍ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့လိုက်ပြီး၊ နောင်းပိုင်းတွင် နိုင်ငံတကာမှ အကူအညီများ ပိုမိုရရှိခဲ့သည်။ ကလေးသူငယ်လုပ်သား တိုက်ဖျက်ရေးအစီအစဉ်များလည်း ပိုမိုလုပ်ဆောင်လာကြသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ မြန်မာနိုင်ငံတွင် ကလေးသူငယ်လုပ်သားပပျောက်ရေးအစီအစဉ် (My-PEC) အား ၂၀၁၃ ခုနစ်တွင် စတင်ခဲ့ပြီး။ ၎င်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ကလေးသူငယ်အလုပ်သမားများနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် အသိပေးပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန်ဖြစ်ပြီး။ ကလေးအလုပ်သမားများပပျောက်ရေးအတွက် ဥပဒေရေးဆွဲခြင်းနှင့် ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်းများ ပါဝင်သည်။ ပြည်တွင်းပြည်ပမှသက်ဆိုင်သည့် ပါဝင်ပတ်သက်သူများ၏ ပူးပေါင်း ဆောင်ရွက်မှု၊ ကွန်ယက်များတည်ဆောက်ခြင်းနှင့် ကလေးအလုပ်သမား ပပျောက်ရေးကြိုးပမ်းမှုများတွင် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်နေသည်။[71] My-PEC သည် အလုပ်သမားစစ်ဆေးရေး အရာရှိများ၊ အခြားအရာရှိများနှင့် ရဲများအား လုပ်ငန်းခွင်တွင် ကလေးလုပ်သားများအား မည်ကဲ့သို့ရှာဖွေစစ်ဆေးရမည်ကို သင်တန်းပေးနေသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းမှ အလုပ်သမားသမဂ္ဂအဖွဲ့များကို ကလေးအလုပ်သမားအရေးကိစ္စများအား စောင့်ကြည့်ဆောင်ရွက်သင့်သည်ဟုလည်း အကြံပြုထားသည်။ ထို့အတူ အလုပ်ရှင် အဖွဲ့အစည်းများအနေဖြင့် ကလေးအလုပ်သမားများ ပပျောက်ရန် အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂ သုံးပွင့်ဆိုင်လမ်းကြောင်းကိုအသုံးပြုရန် တိုက်တွန်းထားသည်။[72] (လေးထောင့်ကွက်-၆တွင် ရှုပါ။)

UNICEF မြန်မာသည် မန်နေဂျာများကိုသင်တန်းပေး၍ ကလေးများအား ကလေးလုပ်သားများအဖြစ် ကြမ်းတမ်းသောအခြေအနေတွင် တွေ့ရှိပါက ရှာဖွေဖော်ထုတ်ကူညီပေးရန်၊ ကလေးအလုပ်သမားများအား ကာကွယ်ရန် ဆောင်ရွက်လျက်ရှိပြီး၊[73] ကလေးအလုပ်သမား ပပျောက်စေရန် UNICEF နှင့် ILO သည် အစိုးရနှင့် ပူးပေါင်း၍ အလုပ်သမားဥပဒေပြန်လည်ရေးဆွဲရေးတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ [74]

အလုပ်သမားဝန်ကြီးဌာနမှ သဘာပတိပြုလုပ်၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ကြီးဌာန ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်ရှင်များနှင့် အလုပ်သမား အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများပါဝင်သော ကလေးအလုပ်သမားဆိုင်ရာ နည်းပညာပိုင်းလုပ်ငန်းအဖွဲ့ (Child Labour Technical Working Group) အားတည်ထောင်၍ လေးလတစ်ကြိမ်တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်လေ့ရှိသည်။ ၎င်းတို့မှာ-

- မြန်မာနိုင်ငံမှ သဘောတူညီချက်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် စာစောင် ၁၈၂ အရ ကလေးသူငယ်များအားလုံးအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် အလုပ်များကို စာရင်းပြုစုခြင်း။

70 See Equality Myanmar and World Vision Myanmar.

71 Myanmar Programme on the Elimination of Child Labour (My-PEC) စီမံကိန်း, ILO.

72 'The Role of Trade Unions in the fight against child labour', ILO Myanmar, 10 October 2016; 'The Role of Employers in the fight against child labour', ILO Myanmar, အောက်တိုဘာ ၁၀ ၂၀၁၆။

73 See 'Burma's broken system silent on violence against women, Democratic Voice of Burma စက်တင်ဘာ ၂၇ ၂၀၁၆။

74 အောက်တိုဘာ ၂၆ရက်တွင် ILO သည် Fifth Tripartite Dialogue Forumမှ စက်တင်ဘာ ၂၈ ရက် ၂၀၁၆ တွင် အထောက်အကူပြုထားသော- Framework of Engagement for Myanmar covering 2016-2017 ကို အဆိုပြုခဲ့သည်။ ယင်းကို အစိုးရမှ အတည်ပြုရန် ဆွေးနွေးလျက်ရှိသည်။

### လေးထောင့်ကွက် (၆)
### ကလေးအလုပ်သမား စင်္ကြံ (Child Labor Platform)

ဤ Platform မှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသည့် အချက်များဖြစ်သည်။

- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ ကလေးအလုပ်သမားဆိုင်ရာ သဘောတူညီချက်များကို အကောင် အထည်ဖော်ရာတွင် ပစ္စည်းပေးသွင်းသည့်လုပ်ငန်းကွင်းဆက်များတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဖော်ထုတ်ခြင်း။
- ထိုအခက်အခဲများကို ကျော်လွှားရန်အတွက် လက်တွေ့ကျသည့် နည်းလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- ပူးပေါင်းဆောင်ရွက်ခြင်း (catalyze collective action)

ဤ Platform တွင် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသည့် နိုင်ငံတကာမှ သံယံဇာတတူးဖော်သည့်ကုမ္ပဏီများ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ကုမ္ပဏီများ၊ အထည်ချုပ်လုပ်ငန်း၊ အစားအစာနှင့် ဖျော်ရည်ယမကာကုမ္ပဏီများ၊ သစ်တောများနှင့် အခြားကဏ္ဍများ၊ ၎င်းတို့အား ပစ္စည်းပေးသွင်းသူများ၊ ဒေသတွင်း အလုပ်သမားသမ္မဂ္ဂအဖွဲ့များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများပါဝင်သည်။ ကိစ္စရပ်များကို ဆွေးနွေးရန်ပုံမှန်တွေ့ဆုံမှုများလည်း ပြုလုပ်ကြသည်။ ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ပြုလုပ်ခဲ့သည့်တွေ့ဆုံဆွေးနွေးပွဲတွင် လက်ဖက်ရည်ဆိုင်နှင့် မြို့ပြနေရာများတွင် အခြားအလုပ်လုပ်နေရသော ကလေးသူငယ်များပြဿနာကို ဆွေးနွေးခဲ့သည်။ [75]

- ကလေးအလုပ်သမား ကိစ္စရပ်များကိုကိုင်တွင်ဖြေရှင်းမည့် အမျိုးသားစီမံကိန်းတစ်ခု ရေးဆွဲခြင်း - အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းသည် ကလေးအလုပ်သမားပပျောက်ရေးနှင့် ကာကွယ်ရန်အတွက် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသည့် ကလေးအလုပ်သမားများအတွက် National Action Plan များအားရေးဆွဲနေသည်။ ၎င်းတွင် ကလေးအလုပ်သမားကိစ္စရပ်များနှင့်ဆိုင်သည့် အရေးကြီးသည့် ပါဝင်ပတ်သက်သူများအား နိုင်ငံတော်နှင့် ဒေသတွင်းအစီအစဉ်များနှင့် မူဝါဒများ၌ ကလေးအလုပ်သမားအရေးကို ထည့်သွင်းဆောင်ရွက်ရေးအတွက် အမြင်ဖွင့်ခြင်းနှင့် စွမ်းရည်မြှင့်သင်တန်းများပေးခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်။ [76]

မြန်မာနိုင်ငံတွင် စီးပွားလုပ်ငန်းများမှ ကလေးလုပ်သားများနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များ (အချပ်ပို Linked Initiative စာစောင်ကို ကြည့်ပါ။)

75 'Roundtable discussion on tackling child labour in Myanmar', ဇူလိုင်လ၊ ၁၃ ရက်၊ ၂၀၁၆ ခုနှစ်။

76 မြန်မာနိုင်ငံရှိ အရေးကိစ္စများကို ဖြေရှင်းနိုင်ရန် အစည်းအဝေး၏ ၁၀၂ ကြိမ်မြောက် (၂၀၁၃) တွင် အပိုဒ် ၃၈ (၂) နှင့် နောက်ဆက်တွဲ စာပိုဒ် ၄(က) တို့တွင်ပါရှိသော အကြောင်းအရာများနှင့် ပြောကြားခဲ့သည်။ ILO Governing Body, 328th session, 27 October – 10 November 2016, ၁၈ အောက်တိုဘာ ၂၀၁၆။

### လေးထောင့်ကွက် (၇)
### မြန်မာမိုဘိုင်းပညာရေးစီမံကိန်း (myME)

မြန်မာမိုဘိုင်းပညာရေးစီမံကိန်းသည် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင် ၅၀၊ ဘုန်းတော်ကြီးပညာသင်ကျောင်း ၉ကျောင်းနှင့် ဆင်းရဲသောရွာငါးရွာတွင် ကျောင်းပြင်ပပညာရေးနှင့် သက်မွေးဝမ်းကျောင်းနှင့်ဆိုင်သည့်ပညာရေးအား ထောက်ပံ့မှုများပေးနေခြင်းဖြစ်သည်။ တယ်လီနောအမှတ်တံဆိပ်ပါသော လက်ဖက်ရည်ဆိုင်များ (၎င်းတို့၏ ဖုန်းကတ်များနှင့် ကြော်ငြာများကပ်ထားသောဆိုင်များ)တွင် myME မှ အခြေခံ စာပေ၊ သင်္ချာ၊ ကွန်ပျူတာနှင့် ခွဲခြားစိတ်ဖြာတက်သည့်ပညာ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု စသည်တို့ကို သင်ကြားပေးနေသည်။[77] နောက်တစ်ချက်မှာ တယ်လီနော အမှတ်တံဆိပ်ကပ်ထားသည့်ဆိုင်များသည် ပြန်လည်ပြင်ဆင်ထားသည့် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေနှင့်အညီ ကလေးလုပ်သားများ၏အသက်သည် အနည်းဆုံး အသက် ၁၄ နှစ်ဖြစ်ရမည်။[78] ယင်းစီမံကိန်းကို မြို့ပေါင်းငါးမြို့(ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ ကျောက်ဆည်နှင့် မော်လမြိုင်) တွင် ရွေ့လျားဘတ်စ် ၅ စီး၊ ဝန်ထမ်းပေါင်း ၅၀ ကျော်ဖြင့် ကျောင်းသားပေါင်း ၃၀၀၀ ကို သင်ကြားပေးနေသည်။ [79]

## မြန်မာဥပဒေအရ အလုပ်လုပ်ခွင့်ရှိသော အသက်အရွယ်၌ အလုပ်လုပ်နေကြသော ကလေးများအတွက် ဥပဒေရေးရာ

အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေး၊ အလုပ်သမားအခွင့်အရေး၊ တာဝန်များနှင့်ပတ်သက်၍ စည်းကြပ်ထားသည့် ပင်မဥပဒေမရှိပါ။ လက်ရှိတရားစီရင်ရေးစနစ်သည် ကိုလိုနီလက်ထက် ကရေးဆွဲခဲ့သည့် ဥပဒေအတွဲများသာဖြစ်ပြီး စုစည်းမှုမရှိသော အပိုင်းပိုင်း ဖြစ်နေသည့် အလုပ်သမား ဥပဒေများသည်ကဏ္ဍအလိုက် (စက်ရုံများ၊ ဈေးဆိုင်များ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ) (သို့) အကြောင်းချင်းရာအလိုက် (လုပ်ခ၊ လစာ၊ ခွင့်နှင့် ပိတ်ရက်) အစရှိသည်တို့ကိုသာ ခြုံငုံပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းသည် အစိုးရနှင့်ပူးပေါင်း၍ ပြီးပြည့်စုံသည့်အလုပ်သမား ဥပဒေတစ်ရပ် ထွက်ပေါ်လာရန် လုပ်ဆောင်နေကြသည်။[80]

မြန်မာနိုင်ငံဥပဒေများတွင် ကလေးသူငယ်များအား ကလေးအလုပ်သမားများအဖြစ်မှ ကာကွယ်နိုင်ရန်အတွက် များစွာသော ဟာကွက်များရှိနေပါသည်။ [81]

- ကလေးအလုပ်သမားများနှင့်ဆိုင်သော ဥပဒေများတွင် ကလေးသူငယ်၏ အဓိပ္ပာယ်ကို ရှေ့နောက်ညီညီ ပြဋ္ဌာန်းထားမှု မရှိခြင်း။
- ကလေးသူငယ်အလုပ်ခန့်အပ်မှုအတွက် အနိမ့်ဆုံးအသက်ကို သတ်သတ်မှတ်မှတ် ဖော်ပြထားခြင်းမရှိဘဲ ၎င်း အစား အသက်သတ်မှတ်ချက်အမျိုးအစား မျိုးစုံဖြစ်နေသည့် ဥပဒေများသာရှိခြင်း။
- စက်ရုံများ၊ ဆိုင်များနှင့် အလုပ်ဌာနများတွင် အနိမ့်ဆုံးအလုပ်လုပ်သည့် အသက်အရွယ်မှာ ၁၄ နှစ်ဖြစ်ကြောင်း မကြာသေးမီက တိုးမြှင့်သတ်မှတ်ခဲ့သည်။ အကယ်၍ ကလေးသူငယ်ဥပဒေ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါက အလုပ်လုပ်ရန် အနိမ့်ဆုံးအသက် ၁၄ နှစ်ဟု ပြောင်းလည်းသတ်မှတ်မည်ဟုလည်း မျှော်လင့်ရပါသည်။
- လက်ရှိ အလုပ်သမားဥပဒေများသည် အချို့သောကဏ္ဍများအား ခြုံငုံမှုမရှိပါ။ ယေဘုယျအားဖြင့် စက်ရုံ၊ ဈေးဆိုင်နှင့် အလုပ်ဌာနများမှလွဲ၍ ကျန်လုပ်ငန်းများအတွက် အသက် သတ်မှတ်ချက်မရှိပါ။ ထို့ကြောင့် အလုပ်လုပ်နေရသော ကလေးငယ်များသည် တချို့နေရာတွင် တရားဥပဒေအရ ကာကွယ်ခြင်းမျိုး မရရှိနိုင်ပါ။

77 'Non formal education for children out of school', တယ်လီနော၊ ဩဂုတ် ၄ ၂၀၁၆။
78 Discussions with Telenor, ဖေဖော်ဝါရီ ၂၀၁၆။
79 See for example: https://www.youtube.com/watch?v=T80j2LCS0uI
80 A legal review of national laws and regulations related to child labour in Myanmar in light of international laws and standards, Executive Summary, ILO အောက်တိုဘာ ၂၀၁၅။
81 Excerpted from A legal review of national laws and regulations related to child labour in Myanmar in light of international laws and standards, Executive Summary, ILO,. အောက်တိုဘာ ၂၀၁၅။

- လက်ရှိမြန်မာနိုင်ငံမှ အသက် ၁၈ နှစ်အောက် ကလေးငယ်များအတွက် အန္တရာယ်ရှိသောအလုပ်အကိုင်စာရင်းများ ပြုစုထားခြင်းမရှိသေးပေ။ ကလေးအလုပ်သမား နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့သည် ကလေးများအတွက် အန္တရာယ်များသည့် အလုပ်များစာရင်းကို စတင်ပြုစုလုပ်နေသည်။
- ကလေးသူငယ်များကို အတင်းအဓမ္မခိုင်းစေခြင်းမှ တားမြစ်ထားခြင်း မရှိချေ။
- ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှလွဲ၍ အခြားဥပဒေများတွင် ကလေးများနှင့် လူငယ်များတွက် အလုပ်သင်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့်ဆိုင်သည့် ဥပဒေများပြဋ္ဌာန်းထားခြင်း မရှိချေ။ သို့သော် ပညာရပ်ပိုင်းဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကိုသာ ထောက်ပံ့ပေးပြီး အနိမ့်ဆုံး အသက်အပိုင်းအခြားအား မပံ့ပိုးပေ။ ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်ဖွံ့ဖြိုးမှုတိုးတက်ရေးဥပဒေတွင်လည်း နည်းပညာပိုင်းနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများအကြောင်းသာ ပါဝင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် အနိမ့်ဆုံးအသက်နှင့် လုပ်ငန်းခွင်အခြေအနေများ ပါဝင်ခြင်းမရှိချေ။
- ကလေးများအား လူကုန်ကူးမှုနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကာအကွယ်ပေးမှုတွင် ကွာဟချက်များ ရှိနေသည်။
- လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် မည်သည့်အခြေအနေတွင်မဆို အသက် ၁၈ နှစ်အောက် ကလေးများ အဓမ္မခိုင်းစေခိုင်းမှု၊ ကလေးစစ်သားစုဆောင်းမှုနှင့် ပဋိပက္ခနှင့်ဆိုင်သည့်မည့်သည့် အလုပ်တွင်မဆို အသုံးပြုခြင်းအား ဥပဒေမှ အထူးသတိပေးတားမြစ်ထားခြင်း မရှိချေ။
- အနိမ့်ဆုံး လုပ်ခလစာ ဥပဒေတွင် သက်ငယ်လုပ်သားများနှင့်ဆိုင်သည့် ရည်ညွှန်းချက်များ သတ်သတ်မှတ်မှတ် မပါရှိပါ။

အကောင်းဘက်မှကြည့်လျှင် ၂၀၁၆ ခုနှစ် စက်ရုံများ၊ ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒကို ပြင်ဆင်သည့်အက်ဥပဒေတွင် ဆိုင်များနှင့် အလုပ်ဌာနများတွင် အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံး အသက်အရွယ်အား ၁၃ နှစ်မှ ၁၄ နှစ်အထိ တိုးမြှင့်သတ်မှတ်ခဲ့ သည်။ စက်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေတွင် ကလေးသူငယ်များအား "အဆိုးရွားဆုံးသော အလုပ်များဖြစ်သည့် ဘေးအန္တရာယ်များသော အခြေအနေ၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အခြေအနေ၊ ပညာရေးကို နှောင့်နှေးစေနိုင်သော အခြေအနေနှင့် အမြတ်ထုတ်ခံထား နိုင်ချေရှိသော လုပ်ငန်းခွင်" (ပုဒ်မ ၇၅(က))တွင် အလုပ်လုပ်နိုင်ခွင့်ကို တားမြစ်ထားသည်။[82] သို့သော် ယင်းဥပဒေ နှစ်ခုစလုံးမှာ အလုပ်လုပ်ကိုင်နေသော ကလေးအင်အားအချို့ကိုသာ အကာအကွယ်ပေးနိုင်ပြီး။ ဥပမာ စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ဖော်အလုပ်သမား၊ ဈေးများတွင် ပစ္စည်းရောင်းချခြင်းကဲ့သို့သော လုပ်ငန်းလိုင်စင်ရယူထားခြင်းမရှိသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေသော ကလေးသူငယ်များအားလုံးကို အကာအကွယ်ပေးနိုင်ခြင်း မရှိပါ။

82 A legal review of national laws and regulations related to child labour in light of international laws and standards, Executive summary, စာမျက်နှာ ၃-၆၊ ILO အောက်တိုဘာ ၂၀၁၅။

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

အခြေအနေအမျိုးမျိုးကြောင့် ကလေးလုပ်သားများကို ကာကွယ်ပေးရန် တရားဥပဒေစိုးမိုးမှုမှာ အားနည်းနေသည်။ ယင်းအခြေအနေများတွင် တရားဝင်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်မှုများခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများသည် တရားဥပဒေဆိုင်ရာ အသိအမြင်နည်းပါးခြင်း၊ စောင့်ကြည့်သည့်ယန္တရားမရှိခြင်းနှင့် အကျင့်ပျက်ချစားခြင်း အစရှိသောအကြောင်းရင်း များပါဝင်သည်။[83]

အလုပ်သမားဝန်ကြီးဌာနအောက်ရှိ အလုပ်သမားစစ်ဆေးရေးအရာရှိချုပ်တွင် အလုပ်သမားစစ်ဆေးသည့် ဝန်ထမ်းအင်အား လုံလုံလောက်လောက် မရှိသဖြင့် ကလေးအလုပ်သမားများ ရှာဖွေစစ်ဆေးရာတွင် အခက်အခဲဖြစ်နေသည်။ ကလေးအလုပ်သမားများအား လုပ်ငန်းခွင်တွင် ရှာဖွေတွေ့ရှိပါက လူမှုဖူလုံရေးဌာနသည် ထိုကလေး၏မိသားစုများ၊ အလုပ်ရှင်တို့နှင့်ပူးပေါင်း၍ နောက်ဆက်တွဲ ပြန်လည်ကုစားသည့် အစီအစဉ်များလုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သို့သော် ထိုကဲ့သို့သောကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်သည့် စွမ်းဆောင်ရည်ပြည့်ဝသည် ဝန်ထမ်းမရှိသောကြောင့် အခက်အခဲဖြစ်နေသည်။[84] ကလေးအလုပ်သမား အများအပြားရှိသည့် လယ်ယာများနှင့် တရားဝင်မဟုတ်သည့် စီးပွားရေးကဏ္ဍများကို စစ်ဆေးရန် အလုပ်သမားအရာရှိချုပ်တွင် အခွင့်အာဏာမရှိပေ။

ထို့အပြင် မသင်မနေရပညာရေး၏ အသက်အရွယ် (မူလတန်းအဆင့်သည် များသောအားဖြင့် ၁၀ နှစ်နှင့် ၁၂နှစ်ကြားတွင်ပြီးစီးသည်) နှင့် အလုပ်လုပ်ရန် အနိမ့်ဆုံး အသက်အရွယ်အကြားကွာဟမှုရှိနေသည်။ ကလေးသူငယ်များ မသင်မနေရ ပညာရေးပြီးဆုံးပြီးမှ တရားဝင် အလုပ်လုပ်ကိုင်နိုင် ရန်အတွက် ယင်းအသက်သတ်မှတ်ချက် နှစ်ခုသည် လိုက်လျောညီထွေမှု ရှိသင့်သည်။ အစိုးရသည် အခြေခံပညာရေးဥပဒေကို ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်နေပြီး မသင်မနေရပညာရေးအတွက် အသက်သတ်မှတ်ချက်ကို ၁၄ နှစ်အထိ တိုးမြှင့်ရန်မျှော်မှန်းပါသည်။ ယင်းမှာ လက်တွေ့မကျလျှင်တောင်မှ ဥပဒေအရ ကျောင်းမှထွက်၍ လုပ်ငန်းခွင်သို့ဝင်ရောက်မည့် အသက်ကွာခြားချက်ကို လျော့ချစေနိုင်သည်။ မြန်မာနိုင်ငံ၌တွေ့ရှိရသည့် အဓိကအားနည်းချက်မှာ ကျေးလက်မှ ကလေးသူငယ်များသည် မူလတန်းကျောင်းများ ပြီးဆုံးသွားသောအခါ ကျောင်းနားလေ့ရှိကြသည်။ ပညာရေးနှင့်ဆိုင်သည့် အခွင့်အလမ်း မရှိသည့်အခါ အလုပ်ခွင်သို့ဝင်ရောက်ကြသည်။ မိဘများ၏အကူအညီဖြင့် ကလေးအလုပ်သမားများ ဖြစ်လာကြသည်။

အစိုးရအသစ်သည် ၎င်းတို့၏ ရက်တစ်ရာစီမံကိန်းမှ အစိတ်အပိုင်းတစ်ခုအဖြစ် လမ်းဘေးကလေးများနှင့် အခြားသော အိုးမဲ့အိမ်မဲ့များအတွက် စောင့်ရှောက်မှုပေးသည့်နေရာများနှင့် အသက်မွေးဝမ်းကျောင်းစင်တာများ ဖွင့်လှစ်ပေးသွားမည်ဟု ပြောကြားခဲ့သည်။ အစီအရင်ခံစာများအရ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးမှ အစိုးရများနှင့်ပူးပေါင်းကာ မြို့ပြများတွင် စစ်တမ်းများ ပြုလုပ်ခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များက ထိုသို့စောင့်ရှောက်မှုပေးရာတွင် တာဝန်ယူဆောင်ရွက်သွားမည့်ဝန်ထမ်းများအား လေ့ကျင့်သင်ကြားမှုများ သေချာပေးရန် လိုအပ်ပြီး ရင်းမြစ်များကိုလည်း တိုးမြှင့်ရန် လိုအပ်ကြောင်း မှတ်ချက်များပြုထားကြသည်။ [85]

## ကုမ္ပဏီများအတွက် အကြံပြုချက်များ

ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားခြင်း၊ ကလေးအလုပ်သမားများနှင့်ဆိုင်သည့် လက်ရှိကျင့်သုံးနေသော အလေ့အကျင့်များနှင့် စိတ်နေသဘောထား၊ နိမ့်ပါးနေသောပညာရေးနှင့် အခြေခံအဆောက်အအုံများ၊ လူမှုရေးကာကွယ်စောင့်ရှောက်သည့်စနစ်များ မရှိခြင်းကြောင့် ကလေးအလုပ်သမားများ ပြဿနာသည် တစ်ဆင့်ခံကန်ထရိုက်နှင့် ပစ္စည်းပေးသွင်းသည့် လုပ်ငန်းကွင်းဆက် (Supply Chain)များအပါအဝင် စီးပွားရေးကဏ္ဍများစွာတွင် ပြင်းထန်သည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ မြန်မာနိုင်ငံ၏ သမိုင်းအကြောင်းအရနှင့် ကလေးအလုပ်သမားများ ပျံ့နှံ့နေခြင်းကြောင့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နေသော နိုင်ငံခြားကုမ္ပဏီများသည် ဤကိစ္စရပ်များကို အသေးစိတ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်လိုအပ်သည်။ ၎င်းနိုင်ငံခြားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီကြီးများသည် အောက်ပါတို့ကိုဆောင်ရွက်သင့်ကြောင်း အကြံပြုလိုသည်။

83 A legal review of national laws and regulations related to child labour in light of international laws and standards, Executive summary, ILO, အောက်တိုဘာ ၂၀၁၅။

84 Conversation with children's rights expert, ရန်ကုန် စက်တင်ဘာ ၆ ၂၀၁၆။

85 '100-day plan for street children', Frontier စက်တင်ဘာ ၆ ၂၀၁၆။

- မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားနှင့်ပတ်သက်သည့် ဥပဒေမူဘောင်များမှာ ဟာကွက်များရှိနေသဖြင့် နိုင်ငံတကာစံနှုန်းများကိုသာ အခြေခံ၍ သင့်လျော်သော အသက်သတ်မှတ်ချက်များထားရှိရန်။ (အထက်တွင် ဖော်ပြခဲ့သည့် ဇယား-၁ ကို ကြည့်ပါ။)
- ပြည်သူ့ရေးရာမူဝါဒ ကတိကဝတ် (သို့မဟုတ်) ကျင့်ဝတ်များထားရှိ၍ ကလေးအလုပ်သမားများအား မည်သည့်ပုံစံနှင့်မျှ အလုပ်ခန့်ထားမှု မရှိခြင်း။ ကုမ္ပဏီသည် ကလေးအလုပ်သမားခန့်အပ်ခြင်းကို ငြင်းဆိုကြောင်းနှင့် ၎င်းတို့၏ပစ္စည်း ပေးသွင်းသူများအား ထိုသို့ပြုလုပ်ရန် တိုက်တွန်းခြင်း။
- ယင်းမူဝါဒ ကတိကဝတ်များရှိကြောင်း အများပြည်သူသိရှိရန်နှင့် ကုမ္ပဏီတစ်ခုလုံး သိရှိကျင့်သုံးရန်။
- စီးပွားရေးလုပ်ငန်းများသည့် ၎င်းတို့၏လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းဆက်ဆံမှုများတွင် ကလေးအလုပ်သမား ပြဿနာများကိုဖြေရှင်းရန် လမ်းညွှန်ချက်များနှင့် ကနဦးဆောင်ရွက်မှုများကို အသုံးပြုခြင်း။ [86]
- အလုပ်သမားခန့်အပ်ရာတွင် အသက်များကို စိစစ်အတည်ပြုရန် အားကောင်းသည့်လမ်းစဉ်တစ်ခု တည်ဆောက်ရန်။ အသက်အရွယ်စစ်ဆေးရာတွင် အားကိုးအားထားပြုနိုင်သော နည်းလမ်းများမှာ-
  - o အလုပ်မခန့်မီ ဆေးဝါးစစ်ဆေးမှုပြုလုပ်ခြင်း။
  - o သက်သေအထောက်အထားများနှင့် (မှတ်ပုံတင်၊ မြို့နယ်သန်းခေါင်စာရင်း (သို့မဟုတ်) မွေးစာရင်း အစရှိသည့်) စာရွက်စာတမ်းများ။
  - o ယဉ်ကျေးမှုအရ ထိရှလွယ်သည်များကို သတိထား၍ အသက်အရွယ် အလွန်ငယ်ရွယ်သည်ဟု ထင်ရသော အလုပ်သမားများနှင့် အလုပ်လျှောက်ထားသူများအား လူတွေ့မေးမြန်းခြင်း။
  - o အထက်တွင်ဖော်ပြခဲ့သည့် မသင်မနေရ ပညာရေးစနစ် ပြီးဆုံးသည့် လက်မှတ်အထောက်အထား။
  - o ပေါ့ပါးသည့်အလုပ်များအတွက် ကျောင်းအပ်လက်မှတ် [87]
- အသက် ၁၈ နှစ်အောက်ကလေးများ လုပ်ခွင့်မရှိသော (သို့မဟုတ်) ယင်းတို့၏ ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းများထက်ကျော်လွန်၍ ခိုင်းစေမှုများမှ ငယ်ရွယ်သောအလုပ်သမားများအား ကာကွယ်ရန်၊ ဖော်ထုတ်ရန်နှင့် လျှော့ချရန်တို့ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် -
  - o သက်ငယ်အလုပ်သမားများ လုပ်ကိုင်ရသည့်အလုပ်များကို နားလည်ရန်။
  - o ယင်းတို့၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လေ့ကျင့်မှုများ သေချာပေးရန်။
  - o လုံလောက်သည့် အနားယူချိန်ပေးရန်။
  - o အလွန်လေးလံသော ကုန်စည်ပစ္စည်းများ (သို့မဟုတ်) စက်ကြီးများ (သို့မဟုတ်) ညဘက်လုပ်ရသည့် အလုပ်များတွင် လုပ်ကိုင်ခွင့် မပြုရန်။
- ကလေးသူငယ်များအား ဘေးအန္တရာယ်ရှိသည့် အလုပ်များ လုပ်ကိုင်နေခြင်းမှ ကာကွယ်ရန်နှင့် ဖယ်ထုတ်ရန်။ မြန်မာနိုင်ငံရှိ ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသည့် အလုပ်များစာရင်း မထုတ်ပြန်ခင်အချိန်ထိ အပြည်ပြည်ဆိုင်ရာ အလုပ် သမားအဖွဲ့အစည်း၏ တားမြစ်ထားသော ဘေးအန္တရာယ်ရှိသည့်အလုပ်များနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များကို ကိုးကားရန် (စာမျက်နှာ ၁၇ ကိုကြည့်ပါ) (သို့မဟုတ်) အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားစစ်ဆေးရေးအရာရှိများ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးရန်။
- လုပ်ငန်းခွင်တွင် အန္တရာယ်ရှိသည့်အလုပ်များကို ဖော်ထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို အကဲဖြတ်ခြင်းပြုလုပ်ရန်။

86 Tools from UNICEF, Save the Children and the UN Global Compact on http://childrenandbusiness.org/ and tools from the ILO at http://www.ilo.org/ipec/Action/CSR/lang--en/index.htm
The ILO has developed a mobile app Checkpoints for Companies – Eliminating and Preventing Child Labour, available for download on smartphones.

87 Checkpoints for Companies Eliminating and Preventing Child Labour, ILO ၂၀၁၆ စာမျက်နှာ ၆။

**တစ်ဆင့်ခံကန်ထရိုက်များနှင့် ပစ္စည်းပေးသွင်းသည့်လုပ်ငန်းကွင်းဆက်များတွင် ထိရောက်မှုရှိစေရန် လုပ်ငန်းကြီးများအနေဖြင့် အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်သင့်သည်။**

- စီးပွားဖက်ပါတနာများအား ကလေးအလုပ်သမား ကာကွယ်ခြင်း၊ ကိုင်တွယ်ခြင်းနှင့် ကုစားခြင်းတို့အတွက် ရှင်းလင်းသောလမ်းညွှန်ချက်များကို အောက်ပါအချက်များအပါအဝင် လက်ရေးစာချုပ်ဖြင့် အသိပေးထားခြင်း။
    - o လုပ်ငန်းခွင်ဝင်ရောက်နိုင်သော တရားဝင်အနိမ့်ဆုံးအသက်နှင့် ဘေးအန္တရာယ်များသော အလုပ်အကိုင်စာရင်း (ရှိလာလျှင်)
    - o အကယ်၍ ဥပဒေရှိစံနှုန်းများထက် မြင့်မားနေလျှင်၊ ကုမ္ပဏီစံနှုန်းများ။
    - o အမျိုးသားဥပဒေမှ လိုအပ်ချက်သည်အချက်များထက်မြင့်မားနေလျှင် အဘယ်ကြောင့် ကုမ္ပဏီစံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း အကြောင်းပြချက်များ။
    - o ကလေးအလုပ်သမား ပပျောက်ရေး၊ လုပ်ငန်းခွင်မှဖယ်ရှားရေးအတွက် စီးပွားဖက်ပါတနာများ လိုက်နာလုပ်ဆောင်ရမည့် သဘောတူထားသည့် ပြောင်းလဲရန်အချိန်နှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ။
    - o ကုမ္ပဏီများ၏ စောင့်ကြပ်စစ်ဆေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။
    - o သတ်မှတ်ချက်များကို ဖောက်ဖျက်ပါက စာချုပ်များအား ပယ်ဖျက်ခြင်းအပါအဝင် အခြားသော ဖြစ်လာနိုင်မည့် အကျိုးဆက်များ။

- ကလေးအလုပ်သမားများ တားဆီးရေး၊ ကိုင်တွယ်ရေးနှင့် ကုစားရေးတို့ ဆောင်ရွက်ရန်အတွက် စီးပွားဖက်များအား လေ့ကျင့်သင်တန်းများပေးခြင်း။
    - o ကလေးသူငယ်များ၏ အသက်အရွယ် ခန္ဓာကိုယ်တည်ဆောက်မှုနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးတို့နှင့် လျော်ညီခြင်းမရှိသော အန္တရာယ်များသည့်လုပ်ငန်းခွင် ပတ်ဝန်းကျင်များမှ ကလေးသူငယ်များအား ဖယ်ရှားခြင်း။
    - o အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များအား ကျောင်း (သို့မဟုတ်) သင်တန်းများတက်နိုင်ရန် အလုပ်ချိန်လျှော့ချပေးခြင်း။
    - o လုပ်ငန်းခွင်အခြေအနေကို ကောင်းမွန်အောင် မပြုလုပ်နိုင်ပါက ကလေးသူငယ်များအား လုပ်ငန်းခွင်မှဖယ်ရှားရန် (သို့မဟုတ်) ကလေးငယ်များ၏ တရားဝင်အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိ မိသားစုဝင်များကို အလုပ်ခန့်အပ်ရန် စဉ်းစားခြင်း။
    - o ကျောင်းပြန်တက်သည့် ကလေးအလုပ်သမားဟောင်းများ အထောက်အပံ့ရရှိစေရန် ကလေးသူငယ်အခွင့်အရေးလုပ်ကိုင်နေသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန်။

**စောင့်ကြပ်စစ်ဆေးခြင်းနှင့်ပတ်သက်ပြီး** - ကုမ္ပဏီများအနေဖြင့် အစိုးရအာဏာပိုင်များအား ကလေးအလုပ်သမားနှင့်ပတ်သက်၍ ရှာဖွေဖော်ထုတ်ခြင်းများအတွက် အားမကိုးသင့်ပေ။ အလုပ်သမားစစ်ဆေးရေးဌာန၏ လုပ်ဆောင်မှုစွမ်းရည်အပြင် ကလေးအလုပ်သမားများရှိနေသည့် လုပ်ငန်းကဏ္ဍများကို ဥပဒေများဟာကွက်များကြောင့်၊ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့် -

- ဌာနမှစာရင်းစစ်များ၊ ပြင်ပစာရင်းစစ်များ (သို့မဟုတ်) အလုပ်သမားသမဂ္ဂများနှင့် မန်နေဂျာများ ဦးဆောင်သော စောင့်ကြည့်စစ်ဆေးရေးအဖွဲ့အစရှိသည့်သူများအပါအဝင် လုပ်ငန်းခွင်အတွင်းရှိလူများ၊ ကလေးအလုပ်သမားနှင့်ပတ်သက်သည့်အခြေအနေအား စောင့်ကြပ်စစ်ဆေးနိုင်သော ခိုင်မာသည့် စနစ်များချမှတ်ရန်။

- စစ်ဆေးသူများ ဝင်ရောက်ချိန်တွင်သာ ကလေးသူငယ်များအား ခေတ္တဖယ်ရှားထားခြင်းမှ ကာကွယ်ရန် စီးပွားမိတ်ဖက်ပါတနာများကို ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခြင်း။

- အသက် ၁၈ နှစ်အောက်အလုပ်သမားများနှင့် တွေ့ဆုံပြီး ယင်းတို့၏အသံများအား နားထောင်ပေးရန်နှင့် လုပ်ငန်းလည်ပတ်မှု အဆင့်ရှိနစ်နာမှုများကို တိုင်ကြားနိုင်သည့်စနစ်မှတစ်ဆင့် ယင်းတို့၏ နစ်နာမှုများကို မှတ်ချေမပြတ်နားထောင်ရန်။

- ကုစားမှုနှင့်ပတ်သက်၍ ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ကလေးသူငယ်ကာကွယ်မှုစနစ် ကောင်းမွန်စွာ မရှိကြောင်းကို သိရှိရန်လိုအပ်သည်။ UNICEF မှ ကလေးသူငယ် ကာကွယ်ရေးစနစ်အား အားဖြည့်ရန် အစီအစဉ်ရှိသော်လည်း ကလေးသူငယ်များအား အမြတ်ထုတ်နေသည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများမှ ကာကွယ်နိုင်ရန်အစွမ်းရှိသည့် အစိုးရဌာနများမရှိပေ။ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့်
- ကလေးအလုပ်သမားများ ပြန်လည်ကုစားမှုနှင့် ကလေးသူငယ် ကာကွယ်ရေးမူဝါဒများသည် မြန်မာနိုင်ငံ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိရမည်။
- ကလေးအလုပ်သမားများ ကုမ္ပဏီလုပ်ငန်းအတွင်း ရှိနိုင်ချေအန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ကလေးလုပ်သားတွေ့ရှိပါက ကုစားရန် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လုပ်ကိုင်နေသော အစိုးရမဟုတ်သည့် အရပ်ဖက်အဖွဲ့အစည်းများထံသို့ သွားရောက်တွေ့ဆုံ၍ ၎င်းတို့၏ အကြံဉာဏ်များယူခြင်း။
- စီးပွားရေးလုပ်ငန်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ ကဏ္ဍအလိုက်အဖွဲ့အစည်းများ၊ အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများများ အရပ်ဘက်အဖွဲ့အစည်းများ၏ ကလေးအလုပ်သမားများဖြစ်ပေါ်လာခြင်း၏ ရင်းမြစ်ကိုဖော်ထုတ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်သင့်သည်။ သို့မှသာ မြန်မာနိုင်ငံတွင် တရားဝင်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများတွင်လုပ်ကိုင်နေသည့် ကလေးလုပ်သားအရေအတွက်ကို လျှော့ချနိုင်မည်ဖြစ်သည်။ ယင်းလုပ်ဆောင်ချက်များတွင် အောက်ပါတို့ပါဝင်သည်။
  - o ကျောင်းတက်သည့် ကုန်ကျစရိတ်ကိုလျှော့ချခြင်း (သို့မဟုတ်) ကျောင်းစရိတ်မရှိရန်လုပ်ဆောင်သည့် အစီအစဉ်များတွင် ထောက်ပံ့ပေးခြင်း။
  - o ကျောင်း၌ အစားအစာများ ထောက်ပံ့ပေးခြင်း။
  - o ကလေးအလုပ်သမားဟောင်းများအတွက် ကူးပြောင်းရေးဆိုင်ရာကျောင်းများ ထားရှိခြင်း။
  - o အသက်ကြီးသောကလေးများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ (သို့) အလုပ်သင်အခွင့်အရေးများ ပေးခြင်း။
  - o မွေးစာရင်း လက်မှတ်များ ရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း။

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားနှင့် ပညာရေးနှင့်ပတ်သက်သည့် လှုပ်ရှားမှုများအတွက် အချပ်ပို Linked Initiative စာစောင်အား ကြည့်ရှုပါ။

လိုင်စင်မရှိသည့် အသေးစားလုပ်ငန်းများတွင် အလုပ်လုပ်နေသည့် ကလေးအလုပ်သမားများအတွက် ၎င်းတို့၏ လုပ်ငန်းခွင်အခြေအနေများ ကောင်းမွန်ရန် ဆောင်ရွက်ပေးသင့်သည်။ ၎င်းအလုပ်ရှင်များအနေဖြင့် ကလေးအလုပ်သမားနှင့်ဆိုင်သည့် လက်ရှိဥပဒေကို နားလည်စေရန်နှင့် ကလေးအလုပ်သမားနှင့်ဆိုင်သည့် ကိစ္စရပ်များအတွက် ၎င်းတို့၏အလုပ်သမားများနှင့် တိုင်ပင်၍ မူဝါဒတစ်ခုချမှတ်နိုင်ရန် ကြိုးစားရမည်။ ယင်းမူဝါဒများအား စာဖြင့် ရေးသားထားခြင်းမရှိပါကလည်း ကလေးအလုပ်သမား ခန့်အပ်ခြင်းမပြုကြောင်းနှင့် တွေ့ရှိပါက သင့်လျော်သည့် ကုစားမှုများ ပေးမည့်အကြောင်း ဖော်ပြရမည်။

**စည်းမျဉ်း (၃)**

**သက်ငယ်လုပ်သား ဖွင့်ဆိုချက်**

**မြန်မာနိုင်ငံအတွင်းရှိ သက်ငယ်လုပ်သားများ၏ အခြေအနေ**

## စည်းမျဉ်း ၃ - သက်ငယ်လုပ်သားများ၊၎င်းတို့၏ မိဘများနှင့် စောင့်ရှောက်သူများအား သင့်လျော်သည့်အလုပ်များပေးခြင်း။

**"သက်ငယ်လုပ်သား"** ဆိုသည်မှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက် (CRC) နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း သဘောတူညီချက်များတွင်ရှိသည့် လုပ်ငန်းခွင်အခြေအနေများတွင် အလုပ်လုပ်ကိုင်နေသောသူများဖြစ်ပြီး လုပ်ငန်းခွင်ဝင်ရန်သတ်မှတ်ထားသည့် အနိမ့်ဆုံးအသက်ရှိသော်လည်း အသက် ၁၈ နှစ်မပြည့်သေးသည့်သူများကို ဆိုလိုသည်။ ဆိုလိုသည်မှာ ၎င်းတို့အား အဆိုးရွားဆုံးသောပုံစံဖြင့် ခိုင်းစေခြင်းဖြစ်သည့် "ဘေးအန္တရာယ်များသည့်အလုပ်များ"တွင် မလုပ်ကိုင်စေရပါ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် "ဘေးအန္တရာယ်များသည့်အလုပ်များ" ဟူသော အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်ရန် ဆောင်ရွက်နေဆဲပင် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြားရှိသောသူများကို လူငယ်ဟုသတ်မှတ်သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏လူငယ်ဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၂၆ ရာခိုင်နှုန်းဖြစ်ပြီး ၁၂.၁ သန်းရှိသည်ဟု သိရသည်။ ယင်းလူငယ်ဦးရေ၏ထက်ဝက်ကျော် (၅၂) ရာခိုင်နှုန်းမှာ အလယ်တန်းပညာမပြီးဆုံးဘဲ ကျောင်းထွက်ခဲ့ရသည်။[88] (မိန်းကလေးဦးရေထက် ယောကျ်ားလေးဦးရေပိုများသည်) အဘယ်ကြောင့်ဆိုသော် ဆင်းရဲနွမ်းပါးမှု၊ နေထိုင်မှုအဆင့်အတန်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မိသားစုဝင်များ ပိုမိုပါဝင်လုပ်ကိုင်ရခြင်း၊ အလုပ်အကိုင်၊ ပညာရေးနှင့် ကျောင်းတက်ရန် လက်လှမ်းမမှီခြင်းတို့အကြားလည်း စိတ်ဒွိဟများဖြစ်နေခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျောင်းထွက်ခြင်း၏ဇင်းမြစ်ကို သတ်မှတ်ရန်မှာ စိန်ခေါ်မှုများ ဖြစ်နေသည်။ ကျွမ်းကျင်မှုအားနည်း၍ ပညာရေးအဆင့်အတန်းနိမ့်ပါးသည့် သက်ငယ်အလုပ်သမားများမှာ ကျွမ်းကျင်မှုလိုအပ်သည့် နိမ့်ပါးသောအလုပ်အကိုင်များမှ ပိုမိုအဆင့်မြင့်သောအလုပ်အကိုင်များသို့ ရာထူးတိုးရောက်ရှိရန် ခက်ခဲပါသည်။ ထို့အတူ အလုပ်ရှင်များသည်လည်း ကျွမ်းကျင်အလုပ်သမားများရရှိရန် ခက်ခဲနေပါသည်။

အသက် ၁၅နှစ်နှင့် ၁၇နှစ်ကြားရှိ အလုပ်လုပ်ကိုင်နေသော သက်ငယ်အလုပ်သမားများမှာ ၇၅ ရာခိုင်နှုန်းရှိပြီး ယောကျ်ားလေး ၅၄ ရာခိုင်နှုန်းနှင့် မိန်းကလေး ၄၆ ရာခိုင်နှုန်းဖြစ်သည်။ အလုပ်လုပ်ကိုင်နေသော ကလေးသူငယ် ၁၁၂၅,၆၆၀ ဦးတို့ရှိပြီး ၎င်းတို့မှ ၆၁၆,၈၁၅ ဦးတို့မှာ အန္တရာယ်များသည့်အလုပ်များတွင် လုပ်ကိုင်နေရကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူဦးရေနှင့် ဗဟိုစာရင်းစစ်အဖွဲ့မှ တွေ့ရှိခဲ့သည်။ ထိုသို့အန္တရာယ်များသောအလုပ်များတွင် လုပ်ကိုင်နေသော ကလေးအလုပ်သမားများ၏ ၇၄.၆ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိကြသည်။[89] ၎င်းတို့သည် လက်ရှိတွင် တစ်ပတ်လျှင် ပျမ်းမျှ ၅၂ နာရီခန့် အလုပ်လုပ်နေကြပြီး အချို့မှာ တစ်ပတ်လျှင် နာရီ ၆၀ ထက်ပင်ပို၍ အလုပ်လုပ်နေကြရသည်။[90]

အန္တရာယ်များသောအလုပ်များမှ ပိုမိုထိခိုက်လွယ်သည့် အသက်အရွယ်အုပ်စုမှာ ၁၅နှစ်နှင့်၁၇နှစ်ကြားဖြစ်သည်။ ယင်းအသက် အရွယ်အုပ်စုတွင် ၁၈ ရာခိုင်နှုန်းမှာ အန္တရာယ်များသောအလုပ်များတွင် လည်းကောင်း၊ ၂၇ ရာခိုင်နှုန်းသည် အဆမတန် အလုပ်လုပ်ရခြင်းနှင့် ၃၂ ရာခိုင်နှုန်းသည် ကလေးအလုပ်သမားအဖြစ်လည်းကောင်း လုပ်ကိုင်လျက်ရှိကြသည်။[91] ၎င်းရလဒ်များသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့မှ တစ်ကမ္ဘာလုံးတွင် ငယ်ရွယ်သူများ

88 မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ခန့်ထားရေးဝန်ကြီးဌာန၊ လူမှုလုံခြုံရေးနှင့် ဗဟိုစာရင်းစစ်အဖွဲ့အစည်းတို့ ILOနှင့် ပူးပေါင်းသော ဆန်းစစ်ချက် Executive Summary of the Myanmar labour force, child labour and school to work transition survey (၂၀၁၅) (LF-CL-StWT Survey), စာမျက်နှာ ၅၅

89 Myanmar: Child Labour in 2015, Key Facts and Statistics', မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ခန့်ထားရေးဝန်ကြီးဌာန၊ လူမှုလုံခြုံရေးနှင့် ဗဟို စာရင်းစစ်အဖွဲ့အစည်းတို့ ILOနှင့် ပူးပေါင်းသော ဆန်းစစ်ချက်။

90 မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ခန့်ထားရေး ဝန်ကြီးဌာန၊ လူမှုလုံခြုံရေးနှင့် ဗဟို စာရင်းစစ် အဖွဲ့အစည်းတို့ ILOနှင့် ပူးပေါင်းသော ဆန်းစစ်ချက် Executive Summary of the Myanmar labour force, child labour and school to work transition survey (2015) (LF-CL-StWT Survey), စာမျက်နှာ ၄၀။

91 မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ခန့်ထားရေးဝန်ကြီးဌာန၊ လူမှုလုံခြုံရေးနှင့် ဗဟိုစာရင်းစစ်အဖွဲ့အစည်းတို့ ILOနှင့် ပူးပေါင်းသော ဆန်းစစ်ချက် Executive Summary of the Myanmar labour force, child labour and school to work transition survey (2015) (LF-CL-StWT Survey), စာမျက်နှာ ၄၅။

အတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များကို ဆန်းစစ်ချက်များပြုလုပ်ခဲ့ပြီး ၎င်းမှ ထုတ်ပြန်ခဲ့သည့် အခြားသော ဝင်ငွေနည်းပါးသည့်နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်လည်း တူညီနေသည်။ မြန်မာနိုင်ငံကဲ့သို့သောတိုင်းပြည်များတွင် အဆင့်မြင့်စွမ်းရည်လိုအပ်သည့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များအတွက် အခွင့်အလမ်းနည်းပါးပြီး ပညာရေးဖက်သို့ ပြန်လည်ခြေဦးလှည့်ရန်လည်း ကန့်သတ်ထားမှုများ ရှိနေသည်။ သို့ဖြစ်၍ မိဘများသည် ၎င်းတို့၏ ကလေးသူငယ်များအား အလုပ်ဝင်ရောက်လုပ်ကိုင်ခြင်းကို နှောင့်နှေးစေရန် အကြောင်းပြချက်များမရှိသကဲ့သို့ ၎င်းတို့သားသမီးများ၏ ပညာသင်စရိတ်များအတွက် ကျခံပေးရန်လည်း အကြောင်းပြချက်နည်းလှသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၏ အစီရင်ခံစာမှ အဓိကပေးလိုသည့် သတင်းအကြောင်းအရာမှာ မြန်မာနိုင်ငံကဲ့သို့သော တိုင်းပြည်များတွင် ကလေးအလုပ်သမားပြဿနာများနှင့်ဆိုင်သည့် မူဝါဒများချမှတ်ခြင်းဖြင့် ကလေးသူငယ်များ အရွယ်မတိုင်ခင် ကျောင်းမှထွက်ခြင်းကိုတားဆီးရေးနှင့် ငယ်ရွယ်သူများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များရရှိစေနိုင်ရေး ကြိုးပမ်းမှုများအတွက် လွန်စွာအရေးကြီးပါသည်။ [92] တစ်ချိန်တည်းမှာပင် အလုပ်အကိုင်အခွင့်အလမ်း မကောင်းမွန်ခြင်းကြောင့် ငယ်ရွယ်ချိန်တွင် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းမှာအကျိုးမရှိဟု အယူအဆ လွဲမှားသွားနိုင်သည်။ အစိုးရနှင့်စီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အရေးတိုးတက်စေရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်အများစုမှာ လုပ်ငန်းခွင်သို့ဝင်ရောက်ရန် အနိမ့်ဆုံး အသက်အရွယ်ထက် ကျော်လွန်ကြသည်။ သို့သော်လည်း ၎င်းတို့၏အလုပ်ချိန်များမှာ ဥပဒေနှင့်မကိုက်ညီဘဲ ပညာသင်ရန် အခွင့်အရေးများ နည်းပါးလျက် ရှိသည်။ ဆိုလိုသည်မှာ ယင်းတို့သည် ဥပဒေမှခွင့်ပြုထားသော သက်ငယ်အလုပ်သမား အခြေအနေများထက် ကလေးလုပ်သားအခြေအနေတွင် အလုပ်လုပ်ကိုင်နေရခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ ရန်ကုန်တိုင်းရှိ အဓိကစက်မှုဇုန်တစ်ခုတွင် အလုပ်လုပ်ကိုင်နေသော ကလေးများကို လေ့လာချက်များပြုလုပ်ခဲ့ရာတွင် အသေးစား အထည်ချုပ်စက်ရုံများအပါအဝင် စက်မှုလုပ်ငန်းများတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်အကြားရှိ ကလေးသူငယ်အများစုသည် ဥပဒေမှခွင့်ပြုထားသော ၁ ရက်လျှင်အလုပ်ချိန် ၄ နာရီထက် ပို၍ အလုပ်လုပ်ကိုင်နေကြရကြောင်း တွေ့ရှိခဲ့သည်။ [93]

သက်ငယ်အလုပ်သမားများသည် ၎င်းတို့၏ အသက်အရွယ်နှင့် သင့်လျော်သော အလုပ်များကို စည်းကြပ်ထားသော အခြေအနေအောက်၌ လုပ်ကိုင်ရလျှင်ပင် ၎င်းတို့၏ မရင့်ကျက်မှုများနှင့် ထိလွယ်ရှလွယ်မှုများကြောင့် ခွဲခြားဆက်ဆံခြင်းနှင့် ခေါင်းပုံအမြတ်ထုတ်မှုများကို ခံစားနေရဆဲပင်ဖြစ်သည်။ အလုပ်ခွင်တွင် ငယ်ရွယ်သည့် တိုင်းရင်းသားလူမျိုးများနှင့် မိန်းကလေးငယ်များသည် ခွဲခြားဆက်ဆံခြင်း ခံရနိုင်ချေရှိသည်။

အလုပ်သင်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသည် သက်ငယ်အလုပ်သမား၏ အရည်အချင်းနှင့် အတွေ့အကြုံများကို ထောက်ပံ့ပေးနိုင်သဖြင့် အနာဂတ်တွင် ၎င်းတို့သည်အလုပ်အကိုင် အခွင့်အလမ်းများပိုမိုကောင်းမွန်နိုင်သည်။ အစိုးရသည် ထိရောက်မှုမရှိသော ပညာရေးစနစ်ကို အစားထိုးရန် နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးဥပဒေ (TVEL)ကို မူကြမ်းရေးဆွဲနေသည်။[94] ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် လုပ်ငန်းခွင်သို့ဝင်ရောက်ရန် အနိမ့်ဆုံးအသက်အရွယ်မှာ အသက် ၁၄ နှစ်ဖြစ်ရမည်ဆိုသော သတ်မှတ်ချက်များ မပါဝင်ပေ။ ယင်းတွင်နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ အကြောင်းသာပါဝင်သည်။[95]

---

92 ILO World Report on Child Labour: Paving the Way to Decent Work for Young People (၂၀၁၅), စာမျက်နှာ ၁၈

93 'Rapid Assessment on Child Labour in Hlaing Thar Yar Industrial Zone in Yangon, Myanmar – ၂၀၁၅', စာမျက်နှာ ၅, ILO, ၂၈ အောက်တိုဘာ ၂၀၁၅။

94 A legal review of national laws and regulations related to child labour in Myanmar in light of international laws and standards, Executive Summary, ILO အောက်တိုဘာ ၂၀၁၅။

95 ILO သဘောတူညီချက် ၁၃၈ အားရှု။

## သက်ငယ်အလုပ်သမားများနှင့် သက်ဆိုင်သော ဥပဒေအခြေအနေ

### လွတ်လပ်စွာစုရုံးခွင့်

ကလေးသူငယ်ဥပဒေတွင် လွတ်လပ်စွာထုတ်ဖော်ခွင့်၊ ပြောကြားခွင့်နှင့် ကိုးကွယ်ခွင့်တို့ကို ပေးထားသော်လည်း ယင်းအခွင့်အရေးများသည် (ဥပဒေနှင့်အညီ)ဟူသော သတ်မှတ်ချက်ဖြင့် ကန့်သတ်ထားခြင်းရှိသည်။[96] ဥပဒေမှ ခွင့်ပြုထားသော "ကလေးသူငယ် လူမှုအဖွဲ့အစည်းများ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်းများ"တွင် ပါဝင်ရန် ခွင့်ပြုထားသော်လည်း လွတ်လပ်စွာစုရုံးခွင့်ကိုမူ အသေးစိတ်ဖော်ပြထားခြင်း မရှိချေ။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ သက်ငယ်အလုပ်သမားများအတွက် လွတ်လပ်စွာသင်ပင်းဖွဲ့စည်းခွင့် နှင့်စုပေါင်းတောင်းဆိုပိုင်ခွင့်များနှင့် ပတ်သက်၍ စည်းမျဉ်းများတွင်ပါဝင်ရန် အကြံပြုထားသည်။[97]

### လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေအား မူကြမ်းရေးဆွဲပြီးသော်လည်း လွှတ်တော်သို့တင်သွင်းထားခြင်း မရှိသဖြင့် မူကြမ်းအဖြစ် အများပြည်သူအား ချပြနိုင်ခြင်း မရှိသေးပေ။ အချို့သောလုပ်ငန်းခွင်များတွင် ဥပဒေမှ သက်ငယ်လုပ်သားများအတွက် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ တိတိကျကျ သတ်မှတ်ပေးထားရန်နှင့် ကာကွယ်မှုများကို ပြုလုပ်ရန်လိုအပ်ပါသည်။ နောက်တစ်ချိန်တွင် ဥပဒေမှ ကလေးသူငယ်များအတွက် အန္တရာယ်များသည့်အလုပ်များစာရင်းများ ထုတ်ပြန်သွားသည့်အခါတွင်လည်း နှစ်ခုစလုံးကိုက်ညီမှုရှိရမည်။

### အလုပ်ချိန်

စက်ရုံအက်ဥပဒေနှင့် ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေကို ပြင်ဆင်ထားသည့်ဥပဒေတွင် အသက်၁၄နှစ်နှင့်အထက်ရှိသော ကလေးငယ်များသည် ဆိုင်များနှင့်အလုပ်ဌာနများတွင် တရားဝင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုထားသည်။ သို့သော် အသက် ၁၄ နှစ်မှ ၁၅ နှစ်အတွင်းရှိ ကလေးသူငယ်များသည် တစ်ရက်လျှင် လေးနာရီထက်ပို၍ (သို့မဟုတ်) ညနေ ၆ နာရီမှ မနက် ၆ နာရီအတွင်း (ညဆိုင်းအလုပ်) အတွင်း အလုပ်လုပ်ခွင့်မရှိချေ။[98] စက်ရုံမန်နေဂျာများသည် အလုပ်လုပ်ရန် သင့်လျော်မှု ရှိ၊ မရှိ စစ်ဆေးထားသည့် ဆေးစစ်ချက်လက်မှတ်များနှင့် ကလေးအလုပ်သမားများ လူစာရင်းကို ထိန်းသိမ်းထားရန် လိုအပ်သည်။ အလုပ်ချိန်များအတွင်း စစ်ဆေးရေးအရာရှိအတွက် လာရောက်စစ်ဆေးသည့်အခါ အဆင့်သင့်ပေးနိုင်ရန် ထားရှိရမည်။[99]

## မြန်မာနိုင်ငံတွင်းမှ အလုပ်လုပ်နေသော မိဘများနှင့် စောင့်ရှောက်ပေးသူများ

လက်ရှိ မြန်မာနိုင်ငံတွင်ရှိသော လူမှုကာကွယ်ရေးစနစ်သည် အလွန်ကန့်သတ်ချက်များရှိနေပြီး ဖရိုဖရဲလည်း ဖြစ်နေသည်။ ဘေးအန္တရာယ်ရှိသောအခြေအနေများ (သို့မဟုတ်) နေ့စဉ်ဘဝများတွင် ထိခိုက်လွယ်သောအန္တရာယ်များဖြင့်ရင်ဆိုင်လာရချိန်များတွင် မြန်မာပြည်ရှိမိသားစုများသည် ၎င်းတို့ကိုယ်တိုင်နှင့် တရားဝင်မဟုတ်သော ကွန်ယက်များအပေါ်တွင် မှီခိုအားထားနေရသည်။[100] အလုပ်လုပ်နေသည့် မိဘများအတွက် ထိုကဲ့သို့သောကိစ္စများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းနေကြရသည်။ ၎င်းတို့တွင် သန့်ရှင်းသောသောက်သုံးရေ၊ မိလ္လာနှင့်သန့်ရှင်းသော အဆောက်အဦများမရှိသည့် တရားဝင်မဟုတ်သည့် အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ရခြင်း၊ လုပ်ငန်းခွင်တွင် ကလေးသူငယ်များအား ထိန်းသိမ်းစောင့်ရှောက်ပေးသော ဝန်ဆောင်မှုမရှိသည့် အလုပ်များတွင်လုပ်ကိုင်ရသဖြင့် ကလေးငယ်များကို

96 ကလေးသူငယ်ဥပဒေ၊ ပုဒ်မ ၁၅။ လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် စုဝေးခွင့်များကိုဖိနှိပ်ထားသော အချို့သော ဥပဒေများမှာ ဖယ်ရှားပြီးဖြစ်သော်လည်း ယင်းအခွင့်အရေးများကို ပိတ်ပင်ထားသော တရားစီရင်မှုလည်း ရှိနေသေးသည်။

97 A legal review of national laws and regulations related to child labour in light of international laws and standards, Executive summary, ILO, October 2015, p. 4. အောက်တိုဘာ ၂၀၁၅ စာမျက်နှာ (၄)။

98 စက်ရုံ အက်ဥပဒေ၏ ပုဒ်မ ၇၉(၁)နှင့် ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေ၏ အပိုင်း ၁၅ ILO Natlex.

99 The Factories Act, ILO Natlex, Article 81 (1). စာပိုဒ် ၈၁(၁)

100 Social Protection in Myanmar: The Impact of Innovative Policies on Poverty, UNICEF, ၂၀၁၆၊စာမျက်နှာ ၅။

အိမ်တွင်ထားခဲ့ရခြင်း (သို့မဟုတ်) မိသားစုအားထောက်ပံ့ရန် ကလေးငယ်များအား ကလေးသူငယ် အလုပ်သမားဘဝသို့ တွန်းပို့လိုက်ရခြင်း အစရှိသည့်တို့ လုပ်ကိုင်နေရပါသည်။

မြန်မာနိုင်ငံသည် မကြာသေးမီက "လူ့ဘဝတန်းမှုများပေါ်တွင် အခြေခံသောစနစ်မှ လွတ်မြောက်စေနိုင်ပြီး လျှင်မြန်စွာကြီးထွား၍ ပြောင်းလဲနေသော လူ့အဖွဲ့အစည်းတွင် အားလုံးလက်လှမ်းမီမှုရှိခြင်း၊ သာတူညီမျှရှိခြင်း အတူတကွယှဉ်တွဲနေထိုင်နိုင်ခြင်း အစရှိသည်တို့ကိုဖော်ဆောင်မည့် ဆန်းသစ်သောဝန်ဆောင်မှုများ" ပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ အစီအစဉ်(NSPSP)အား ရေးဆွဲခဲ့သည်။[101] ယင်း မဟာဗျူဟာအသစ်သည် ကလေးသူငယ်များနှင့် အလုပ်လုပ်နေသော မိဘများအတွက် အထူးသင့်လျော်ပါသည်။ အဘယ်ကြောင့်ဆိုသော် -

- ကိုယ်ဝန်ဆောင် အမျိုးသမီးများအားလုံးနှင့် အသက် ၂ နှစ်အထိကလေးသူငယ်များ ငွေကြေးထောက်ပံ့မှုများပေးခြင်း။
- အသက် ၃ နှစ် မှ ၁၅ နှစ်အတွင်း ကလေးများအတွက် ငွေကြေးထောက်ပံ့မှု။
- ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း အစီအစဉ်။
- အများပြည်သူ အလုပ်အကိုင်ရရှိခြင်း။
- အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့်သင်တန်း။
- အများပြည်သူအလုပ်အကိုင်များကို ပံ့ပိုးရန် လုပ်ငန်းခွင် လုံခြုံစိတ်ချရမှုတို့[102] ပါဝင်ပါသည်။

ယင်းစနစ်သည် အားလုံးပါဝင်ပြီး စီးပွားရေးနှင့် လူမှုရေးဆိုင်ရာထိခိုက်လွယ်မှုများ၊ လူ့သက်တမ်းအတွင်း စားနပ်ရိက္ခာမလုံလောက်မှုများ၊ လူမှုရေးဖယ်ကျဉ်ခံရခြင်းများကို လွတ်မြောက်စေပြီး အခွင့်အရေးများဖော်ဆောင်နိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။[103] မကြာမီကထုတ်ပြန်ခဲ့သည့် UNICEF အစီရင်ခံစာတွင် "ကလေးအလုပ်သမား ကာကွယ်ရေးတွင် လူမှုကာကွယ်ရေးစနစ်များသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သော်လည်း ရံဖန်ရံခါ လျစ်လျူရှုခံထားရသဖြင့် မြန်မာနိုင်ငံတွင် အရေးတယူထည့်သွင်းစဉ်းစားရန် လိုအပ်သည်"ဟုဖော်ပြခဲ့သည်။[104]

ကလေးရှိသော မိသားစုများသို့ တည်ငြိမ်သောအရင်းအမြစ်များ ခွဲဝေပေးခြင်းသည် ဆင်းရဲမွဲတေမှု တိုက်ဖျက်ခြင်းတွင် အားကောင်းသော သက်ရောက်မှုတစ်ခုဖြစ်မည်ဟု ခန့်မှန်းရသည်။ ထို့ကြောင့် ကလေးများကျောင်းထွက်နှုန်းနှင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် အလုပ်စတင်လုပ်ကိုင်နေရသော တွန်းအားများကိုလည်း လျှော့ချနိုင်ပြီး ကလေးသူငယ်များသည် ကျောင်းပြီးအောင်တက်ရောက်နိုင်ပြီး သက်ငယ်အလုပ်သမားများအဖြစ် ခွင့်ပြုထားသောအလုပ်များတွင် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့အပြင် မိဘများသည် ကလေးသူငယ်များအတွက် ငွေကြေးထောက်ပံ့မှုများရခြင်း၊ သားဖွားခွင့်ယူချိန်တွင် အထောက်အပံ့များရရှိခြင်း အကျိုးများခံစားရလိမ့်မည်။ ရံပုံငွေရရှိစေရန် ယခုလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်သည် စောင့်ဆိုင်းနေရဆဲဖြစ်သည်။

101 Social Protection in Myanmar: The Impact of Innovative Policies on Poverty, UNICEF ၂၀၁၆၊စာမျက်နှာ ၈။
102 Social Protection in Myanmar: The Impact of Innovative Policies on Poverty, UNICEF ၂၀၁၆ စာမျက်နှာ ၁၃ မှ ၁၄။
103 Republic of the Union of Myanmar, Myanmar National Social Protection Strategic Plan, ဒီဇင်ဘာ ၂၀၁၄ စာမျက်နှာ ၄၅။
104 Social Protection in Myanmar: The Impact of Innovative Policies on Poverty, UNICEF, 2016, p. 13-39.

## မြန်မာနိုင်ငံတွင်းရှိ အလုပ်လုပ်ကိုင်နေသော မိဘများနှင့် စောင့်ရှောက်သူများအတွက် ဥပဒေဆိုင်ရာ အခြေအနေ

လူ့အခွင့်အရေးတွင် လူမှုဖူလုံရေးရရှိခွင့်[105] သည် မေ့လျော့ခြင်းခံနေရသော လူ့အခွင့်အရေးတစ်ခုဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် ယင်းစနစ်အား အထောက်အပံ့ပေးရာ၌ အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ အမျိုးသမီးများသည် မီးမဖွားမီ ၆ ပတ် မီးဖွားပြီးလျှင် ၈ ပတ် ခွင့်ခံစားခွင့်ရှိသည်။[106] ၎င်းမှာ ကလေးရှိသော မိခင်များအားစောင့်ရှောက်ရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း သဘောတူညီချက်နှင့်အညီဖြစ်ပြီး မိခင်များသည် ကလေးမီးဖွားပြီး ၈ ပတ်ကြာလျှင် အလုပ်ခွင်သို့ပြန်လာခွင့်ရှိသည်။ သို့သော် မြန်မာနိုင်ငံအလုပ်သမားဥပဒေများတွင် လစာပြည့် ကလေးနို့တိုက်ခွင့်အတွက် ပြဋ္ဌာန်းချက်များမပါရှိပေ။ ထိုအကြောင်းရင်းနှစ်ခုကြောင့် ကလေးများအား ဆက်လက်၍နို့တိုက်ကျွေးရန် သက်ရောက်မှုများရှိသည်။[107]

အစိုးရအလုပ်တွင်လုပ်ကိုင်နေသော ဝန်ထမ်းအမျိုးသမီးများသည် မီးဖွားခွင့်ခြောက်လအထိခံစားခွင့်ရှိသည်။[108] ဖခင်များသည် ကလေးမီးဖွားပြီးခွင့် ၁၅ ရက် ရရှိသည်။ လူမှုဖူလုံရေးဥပဒေပုဒ်မ ၂၅ (က)နှင့် (ဂ) ပြင်ဆင်ချက်များအရ ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားချိန်များအပြင် မီးဖွားခွင့်ယူထားသော အချိန်များ၌ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိခံစားခွင့်ရှိသည်။

မီးဖွားရန်အတွက် ငွေကြေးအထောက်အပံ့ ရရှိခွင့်ရှိသော်လည်း အမျိုးသမီးအနေဖြင့် မီးမဖွားမီ အနည်းဆုံးလုပ်သက်တစ်နှစ်ရှိရမည်ဖြစ်ပြီး ၆ လအတွက် လူမှုဖူလုံရေးပေးသွင်းပေးသူဖြစ်မှာသာ ခံစားခွင့်ရမည်ဖြစ်သည်။[109] သို့သော်လည်း လူမှုဖူလုံရေးသည် လူဦးရေအနည်းငယ်ကိုသာ အထောက်အပံ့ပေးနိုင်သည် ဥပမာအားဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လူဦးရေ၏ ၁.၅ ရာခိုင်နှုန်းကိုသာ အထောက်အပံ့ပေးနိုင်ခဲ့သည်။[110] တရားဝင်မဟုတ်သော စီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးအလုပ်သမားအများစုသည် လုပ်ကိုင်နေရသောကြောင့် လူမှုဖူလုံရေးဥပဒေ (သို့မဟုတ်) ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေတို့မှ အကာအကွယ်မရရှိပေ။ ထို့ကြောင့် အမျိုးသမီးအလုပ်သမားများအား ကိုယ်ဝန်ဆောင်မှု၊ မီးဖွားခွင့်ရရှိမှု၊ (သို့မဟုတ်) မီးဖွားခွင့်အပြီးတွင် ယခင်ရာထူးအား ပြန်လည်ရရှိခွင့်အစရှိသည့် ခွဲခြားဆက်ဆံခံရမှုများမှ ကာကွယ်ပေးနိုင်ခြင်း မရှိပေ။

လက်ရှိ မြန်မာနိုင်ငံတွင် မိဘများအတွက် လုပ်ငန်းခွင်ကာကွယ်မှုများ အလွန်အမင်း အားနည်းပြီး မရှိသလောက်နည်းပါသည်။  အလုပ်ရုံများအက်ဥပဒေ ပုဒ်မ (၅၀)အရ အမျိုးသမီးဝန်ထမ်း ၅၀အထက်ပိုပါက အလုပ်ရုံများတွင် ကလေးထိန်းရန် နေရာများ ထားရှိရမည်ဟု ဖော်ပြထားသော်လည်း ယင်းပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရန် တွန်းအား ပေးခြင်း ရှိမရှိကို မသိရှိပေ။

## ကုမ္ပဏီများအတွက် အကြံပြုချက်များ

ဤစာတမ်းမူကြမ်းရေးပြီးသည့် အချိန်တွင် MCRBသည် ရန်ကုန်တိုင်းဒေသကြီးတွင် သက်ဆိုင်သူများထံမှ အကြံဉာဏ်ရယူသည့်ပွဲ ပြုလုပ်ခဲ့ပြီး ပါဝင်တက်ရောက်ဆွေးနွေးသူများက အလုပ်ရှင်များသည် လူငယ်များအတွက် သင့်တင့်လျောက်ပတ်သောအလုပ်အကိုင်အခွင့်အရေးများဖန်တီးပေးရာတွင်အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ သက်ငယ်အလုပ်သမားများ အကျိုးစီးပွားအတွက် မိဘများနှင့် ကလေးများအတွက် ကောင်းနေခြင်းကြောင့်ရရှိနိုင်သည့် အကျိုးအမြတ်များကို ချပြသင့်သည်။ အစိုးရသည် ပညာရေးစနစ်အား ရင်းနှီးမြှုပ်နှံမှုပြုလုပ်၍ အဆင့်မြှင့်တင်ခြင်းဖြင့် စွမ်းဆောင်ရည်ပြည့်ဝသည့် လုပ်သားအင်အား မွေးထုတ်ပေးရာတွင် အကူအညီပေးရာရောက်သည်။ ကုမ္ပဏီများအနေဖြင့် -

105 For more information on the Right to Social Security, see here

106 The 1951 Leave and Holiday Act (amended July 2014) 'Labour laws and regulations', Myanmar Garment Manufacturers Association.

107 A report by Alive & Thrive Vietnam indicates that a large percentage of working women didn't exclusively breastfeed when they returned to work.

108 Civil servants unaware of new maternity leave rights, says MP, Mizzima ဇွန်လ ၂၅ ၂၀၁၆။

109 Social Security Law, 2012, (စာပိုဒ် ၂၆)

110 'Social security sign-up slow in coming', Mizzima, 5 January 2015.  ဇန်နဝါရီလ ၅ ၂၀၁၅။

- သက်ငယ်အလုပ်သမားအပေါ် ကုမ္ပဏီလုပ်ငန်းများနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များမှာ ခေါင်းပုံဖြတ်အမြတ်ထုတ်နိုင်သည့် အလားအလာ၊ ကျရောက်နိုင်သည့် အန္တရာယ်များ၊ ညည်းပမ်းနှိပ်စက်ခံရမှုများနှင့် ပတ်သက်၍ နိုးနိုးကြားကြားရှိရန်။
- သက်ငယ်အလုပ်သမားများအား အလုပ်ခန့်ရာတွင် ပြည်တွင်းဥပဒေ၏ အနိမ့်ဆုံးလိုအပ်ချက်များနှင့် လျော်ညီအောင် အဆင့်ဆင့်ဆောင်ရွက်ပြီး သင့်တင့်ကောင်းမွန်သည့် အလုပ်အကိုင်များပေးရမည်။
- ဥပဒေမှသက်မှတ်ထားသည့် အကာအကွယ်များ သက်ငယ်အလုပ်သမားများအား ပေးရမည်။ ဥပမာ ညဆိုင်းအလုပ်များတွင် အလုပ်လုပ်ခြင်းမှ တားမြစ်ခြင်း။
- လုပ်ငန်းခွင်တွင် အရွယ်ရောက်ပြီးသက်ကြီးအလုပ်သမားများသည် ကလေးသူငယ်အလုပ်သမားများနှင့် ပတ်သက်၍ အသိစိတ်ဖြင့် အကာအကွယ်ပေးသော ပတ်ဝန်းကျင်တစ်ခုဖန်တီးရန်။
- သက်ငယ်အလုပ်သမားများသည် ယင်းတို့၏ ငယ်ရွယ်သောအသက်ကြောင့် အနှောင့်အယှက်ပေးခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ (သို့မဟုတ်) အမြတ်ထုတ်ခံရခြင်းတို့မှ အကာအကွယ်ရရန်နှင့် သင့်တင့်လျောက်ပတ်သည့် ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံမှုများရရှိရန်။
- အန္တရာယ်များသောအလုပ်များတွင် ကလေးငယ်များကိုတွေ့ရှိပါက ထိုနေရာမှဖယ်ရှားပြီး ကုမ္ပဏီအတွင်း၌ (သို့မဟုတ်) အခြားတစ်နေရာသို့ ပြောင်းရွှေ့အလုပ်ပေးခြင်း။
- သက်ငယ်အလုပ်သမားများအတွက် အလုပ်သင်နှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးအစီအစဉ်များ တည်ထောင်ပေးခြင်း။
- သက်ငယ်အလုပ်သမားများအား အလုပ်ရှင်များနှင့် အလုပ်သမားများအဖွဲ့အစည်းများအကြား လူမှုရေးဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးနိုင်ရန် အားပေးခြင်း။
- မိသားစုနှင့် သင့်လျော်သောလုပ်ငန်းခွင်များ ဖန်တီးပေးခြင်းဖြင့် အလုပ်သမားများသည် ၎င်းတို့၏ လုပ်ငန်းခွင်ဆိုင်ရာ ကတိကဝတ်များနှင့် မိသားစုရေးရာတာဝန် နှစ်ခုစလုံးကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့်-
    - မိသားစုအား ထောက်ပံ့ပေးနိုင်လောက်သော လုံလောက်သည့် လစာပေးခြင်း
    - အလုပ်တွင်ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်နေရသည့် မိဘများအတွက် ၎င်းတို့၏ကလေးများကို အစောင့်အရှောက်ပေးသည့် ဝန်ဆောင်မှုများပေးခြင်း။
    - အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ မိခင်နှင့်မိခင်လောင်းများဆိုင်ရာ သဘောတူညီချက် (အမှတ် ၁၈၃) နှင့်အညီ ကိုယ်ဝန်ဆောင်များနှင့် နို့ချိုတိုက်ကျွေးနေသည့် အလုပ်သမားမိခင်များအား လစာပေးခြင်း၊ ခွင့်များပေးခြင်း။[111]
    - ကုမ္ပဏီပရဝဏ်နှင့် စက်ရုံများအတွင်းတွင် ကလေးထိန်းအခန်းများ ထားရှိပေးခြင်းဖြင့် မိခင်များသည် ၎င်းတို့၏ကလေးများအား အသက် ၆ လအထိ စောင့်ရှောက်နိုင်သည်။
    - ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနှင့် UNICEF တို့မှ တိုက်တွန်းထားသည့်အတိုင်း မိခင်များအားအနေဖြင့် ကလေးငယ်များအား ပထမ ၆ လတွင် မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးနိုင်ရန် ဖြစ်နိုင်ပါက ခွင့်ခြောက်လပေးရန်။ ယင်းသည် အစိုးရဝန်ထမ်းများအတွက် တိုးမြှင့်လိုက်သည့် မီးဖွားခွင့် ခြောက်လကြာနှင့် ကိုက်ညီပါသည်။
- လူမှုဖူလုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အလုပ်ရှင်နှင့် အလုပ်သမားများသည် ဥပဒေနှင့်အညီလိုက်နာကျင့်သုံးရန်နှင့် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားများအား ၎င်းနှင့်ပတ်သက်သည့် ဗဟုသုတ အသိအမြင်များအား မြှင့်တင်ပေးရန်။

111 Children are Everyone's Business, Pilot Workbook, UNICEF, အခန်း ၂၊ စာမျက်နှာ ၄၄

စီးပွားရေးဆက်နွယ်မှုများကို အသုံးချ၍ ကုမ္ပဏီများသည် ကလေးအလုပ်သမားများအား ဖော်ထုတ်ရမည်။ သက်ငယ်အလုပ်သမားများအား သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်များပေးခြင်းနှင့် ကုန်ပစ္စည်းပေးသွင်းသူများကိုလည်း သက်ငယ်အလုပ်သမားများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာအစီအစဉ်များ ဖန်တီးပေးရန် အားပေးခြင်းတို့ကို ပြုလုပ်သင့်သည်။



**စည်းမျဉ်း (၄)**

**စီးပွားရေး ဆောင်ရွက်မှုများနှင့် အဆောက်အဦ ဝန်ဆောင်မှုများ၊ ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ ကလေးသူငယ်များအတွက် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကာကွယ်ပေးခြင်း**

ကုမ္ပဏီအဆောက်အဦ အတွင်းနှင့်အပြင်ရှိ ထိခိုက်စေနိုင်သော အမှုအကျင့်များ

## စည်းမျဉ်း ၄ - စီးပွားရေးလုပ်ငန်းများ အားလုံးအနေဖြင့် ၎င်းတို့၏စီးပွားရေးဆောင်ရွက်မှုများနှင့် အဆောက်အဦ၊ ဝန်ဆောင်မှုများ၊ ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ကလေးသူငယ်များအား ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက်အကာအကွယ်ပေးရမည်။

စီးပွားရေးလုပ်ငန်းအဆောက်အအုံများ၊ အိမ်ခြံမြေ၊ အရင်းအမြစ်များနှင့် ဆက်သွယ်ရေးကွန်ရက်များမှ ကလေးသူငယ်များအား အလုပ်ချိန်အတွင်း (သို့မဟုတ်) အလုပ်ချိန်ပြင်ပတွင်ဖြစ်စေ၊ အကြမ်းဖက်ခြင်းနှင့် နှိပ်စက်ခြင်းတို့ကို ကုမ္ပဏီမှသိရှိသည်ဖြစ်စေ၊ မသိရှိသည်ဖြစ်စေ နည်းလမ်းပေါင်းများစွာဖြင့် ပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် ကုမ္ပဏီမှအလုပ်သမားများသည် ကုမ္ပဏီမှကွန်ပျူတာများကို အသုံးပြု၍ ကလေးသူငယ်များပါဝင်သော ညစ်ညမ်းရုပ်ရှင်ကြည့်ခြင်းကဲ့သို့သော ကလေးသူငယ်များကို ထိခိုက်စေနိုင်သည့်လုပ်ဆောင်မှုများကို ပြုလုပ်နိုင်သည်။ အလုပ်ချိန်ပြင်ပတွင်လည်း ကုမ္ပဏီမှတာဝန်ရှိသူများသည် ကလေးသူငယ်များအား ထိခိုက်စေနိုင်သော လုပ်ဆောင်မှုများကို ပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် အလုပ်ကိစ္စဖြင့်ခရီးသွားချိန်တွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ သို့မဟုတ် အသက်မပြည့်သောကလေးငယ်များအား အိမ်မှုကိစ္စစေခိုင်းရန် အလုပ်ခန့်ခြင်းတို့ ပြုလုပ်နိုင်သည်။[112]

ဆောက်လုပ်ရေးလုပ်ငန်းခွင်များ (သို့မဟုတ်) သတ္တုတွင်းများကဲ့သို့ အန္တရာယ်များသည့်လုပ်ငန်းများ၏ ပရဝုဏ်အတွင်းရှိ နေရာအချို့သည် ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံမှုမရှိပေ။ အလုပ်ချိန်ပြင်ပ၌ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ သို့မဟုတ် သတ္တုတွင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကဲ့သို့ ကြီးမားသည့်တူးဖော်ရေးစီမံကိန်းများ၏ အနီးတစ်ဝိုက်တွင် လာရောက်ဆော့ကစားသော ကလေးများအတွက် အန္တရာယ်ရှိနိုင်သည်။ MCRB ၏ သုတေသနပြုချက်အရ ကလေးသူငယ်များသည် သတ္တုတွင်းနှင့် အနီးတစ်ဝိုက်တွင် ဆော့ကစားလေ့ရှိပြီး မိုးရာသီတွင် ရေများဖြင့်ပြည့်နေသော တွင်းနက်များအထဲသို့ပါ ဝင်ရောက်ကစားလေ့ရှိကြောင်း တွေ့ရှိခဲ့သည်။ အပေါ်ယံမြေလွှာဖယ်ထားသဖြင့် ကန်သဖွယ်ဖြစ်နေသော ရေအိုင်အတွင်း ကလေးငယ်တစ်ဦး ရေကူးရာမှ ရေနစ်သေဆုံးခဲ့ကြောင်း သတင်းရရှိခဲ့သည်။ ထို့ပြင် ကလေးငယ်တစ်ဦးလည်း စွန့်ပစ်ထားသော တွင်းပေါက်တစ်ခုအတွင်း ရွှေရှာဖွေရာမှ အနာတရရခဲ့ကြောင်းလည်းသိရသည်။ မိဘများအနေဖြင့် ယာဉ်အသွားအလာများခြင်း၊ ကျောက်ခဲများတင်ဆောင်သည့် ဝန်တင်ကားကြီးများထံမှ ပြုတ်ကျနိုင်ခြင်း၊ ဖုန်မှုန့်များဖြင့် ထိတွေ့နေရခြင်းတို့ကြောင့်[113] (သို့မဟုတ်) ဟိုတယ်ဆောက်လုပ်ရေးအတွက် ကုန်တင်ယာဉ်များ အသွားအလာများခြင်းတို့ကြောင့် ၎င်းတို့၏ ကလေးငယ်များလုံခြုံရေးအတွက် ပူပန်နေရကြောင်းကို မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနမှ သုတေသနသီများအား ဖွင့်ဟပြောဆိုခဲ့သည်။[114]

ကုမ္ပဏီမှပုဂ္ဂိုလ်များသည် အသက်မပြည့်သော မိန်းကလေးငယ်များကို အိမ်ဖော်အဖြစ်အလုပ်ခန့်၍ အလွဲသုံးစားလုပ်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။ ရန်ကုန်အခြေစိုက် အစိုးရမဟုတ်သည့် အမျိုးသမီးနှင့် လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားနေသည့် အဖွဲ့အစည်းများ၏အဆိုအရ[115] ကျေးလက်ဒေသမှ ဆင်းရဲသည့်မိသားစုများမှ ထောင်ချီသော မိန်းကလေးငယ်များနှင့် ကလေးငယ်များသည် ချမ်းသာကြွယ်ဝသည့် အိမ်ထောင်စုများထံတွင် အလုပ် လုပ်နေကြသည်။ ထိုအိမ်များသည် ၎င်းတို့အတွက် အလုပ်ချိန်များခြင်း အတင်းအကျပ်ခိုင်းစေခြင်း၊ အစားရေစာ အလုံအလောက်မပေးခြင်း၊ အဆင့်နိမ့်ကျသည့်တန်းလျားများတွင် နေထိုင်ခိုင်းခြင်း၊ ကိုယ်ထိလက်ရောက်ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ အနိုင်ကျင့်၍ လုပ်ခလစာအနည်းငယ်၊ သို့မဟုတ် လစာပင် မရရှိသူများရှိသည်။

112 Children’s Rights and Business Principles, UNICEF, the UN Global Compact, Save the Children.

113 Myanmar Centre for Responsible Business, Myanmar Mining Sector Wide Impact Assessment on Limestone, Gold and Tim,-Consultation Draft စာမျက်နှာ ၈၁၊ ၁၃၁

114 Myanmar Centre for Responsible Business, Myanmar Tourism Sector Wide Impact Assessment စာမျက်နှာ ၁၆၂။

115 ရန်ကုန်အခြေစိုက် အစိုးရနှင့်မသက်ဆိုင်သော အဖွဲ့အစည်းများ၏ အဆိုအရ Women Can Do It and Equality Myanmar.

၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့်အမှုတစ်ခုတွင် ရန်ကုန်မြို့ရှိ အပ်ချုပ်ဆိုင်မိသားစုတစ်ခုတွင် အလုပ်လုပ်ကိုင်နေသော အသက်မပြည့်သည့် မိန်းကလေး ၂ ဦးသည် ယင်းတို့၏ အလုပ်ရှင်များထံမှ ပြင်းထန်စွာခေါင်းပုံဖြတ်ခြင်းနှင့် ညှင်းပန်းနှိပ်စက်မှုများကို ခံခဲ့ရသည်။ အသက်မပြည့်သော အိမ်အကူများ ညှင်းပန်းနှိပ်စက်ခံရမှုများရှိခြင်းကို မီးမောင်းထိုးပြခဲ့ပါသည်။[116]

## မိဘမဲ့ဂေဟာ လေ့လာရေး ခရီးသွားလုပ်ငန်း၊ သို့မဟုတ် လုပ်အားပေး ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်း၊ သို့မဟုတ် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများသည် ယင်းတို့၏ လုပ်ငန်းလည်ပတ်မှုများ သဘောသဘာဝကြောင့် ကလေးသူငယ်များ၏ အခွင့်အရေးများအပေါ် သက်ရောက်မှုများ ရှိနိုင်သည်။ ကမ္ဘာလှည့်ခရီးသွားများသည် မြန်မာနိုင်ငံရှိ မိဘမဲ့ဂေဟာများ၊ သို့မဟုတ် ဘုန်းကြီးကျောင်း/အလှူခံကျောင်းများထဲမှ တစ်နေရာသို့ သွားရောက်လည်ပတ်ခြင်း၊ သို့မဟုတ် ကလေးသူငယ်များရှိသော မှီခိုရာတစ်နေရာသို့ လုပ်အားပေးခြင်းများ လုပ်နေသည်။ ဤမိဘမဲ့ဂေဟာ လေ့လာရေးခရီးသွားလုပ်ငန်း၊ သို့မဟုတ် လုပ်အားပေးခရီးသွားလုပ်ငန်းများသည် ကလေးသူငယ်များအပေါ် အနုတ်သဘောဆောင်သည့် မကောင်းသော သက်ရောက်မှုများ ရှိစေနိုင်သည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလမ်းညွှန်အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံခရီးသွားအသင်းချုပ်တို့နှင့် ပူးပေါင်းပြီး မိဘမဲ့ဂေဟာ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော အသိပညာမြှင့်တင်ရေး ပြုလုပ်လျက်ရှိသည်။ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးသူငယ်များ ရန်ပုံငွေအဖွဲ့၏လေ့လာချက်အရ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မိဘမဲ့ဂေဟာအဖွဲ့အစည်းများ၏ စောင့်ရှောက်မှုခံယူနေသော ကလေးသူငယ်များ၏ ၇၃ ရာခိုင်နှုန်းတွင် မိဘတစ်ပါး (သို့မဟုတ်) နှစ်ပါးစလုံးများ သက်ရှိထင်ရှားရှိနေကြသည်။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာသဘောတူညီချက် (CRC) အပိုဒ် -၉ အရ ကလေးများ၏ အကောင်းဆုံးအကျိုးဖြစ်ထွန်းမှု မရှိနိုင်သည့် အခြေအနေမှလွဲ၍ ကလေးသူငယ်များသည် ၎င်းတို့၏ မိဘများဖြင့် နေထိုင်ရမည့်အခွင့်အရေး ရှိသည်။ ၂၀၁၀ ခုနှစ်တွင် မှတ်ပုံတင်ထားသည့် မိဘမဲ့ဂေဟာ ၂၁၇ တွင် ကလေးသူငယ် ၁၇၃၂၂ ယောက်ရှိပြီး၊ ၂၀၀၆ ခုနှစ်တွင် မှတ်ပုံတင်ထားသော ဂေဟာ ၁၇၇ တွင် ကလေးသူငယ် ၁၄၄၁၀ ယောက် နေထိုင်သည်။ ၎င်းကို နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မိဘမဲ့ ဂေဟာများတွင်နေထိုင်သည့် ကလေးသူငယ်များ တိုးပွားလာကြောင်းတွေ့ရသည်။[117] အချက်အလက်များ ပြည့်စုံစွာမရှိသော်လည်း ခိုင်မာသောသတင်းများမှ နိုင်ငံခြားသားခရီးသွားများသည် မြန်မာနိုင်ငံရှိ မိဘမဲ့ဂေဟာများနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်းများသို့ သွားရောက်လည်ပတ်လိုခြင်း (သို့မဟုတ်) လအနည်းငယ်ခန့် လုပ်အားပေးခြင်းများကို စိတ်ဝင်စားကြောင်းသိရှိရသည်။ ခရီးသွားလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များနှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးသူများသည်လည်း ခရီးသွားများအား မိဘမဲ့ဂေဟာများနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်းများသို့ သွားရောက်လည်ပတ်ခြင်းနှင့် ကာလရှည်လုပ်အားပေးခြင်း၊ အင်္ဂလိပ်စာများ သင်ပေးခြင်းအားဖြင့် အတွေ့ကြုံသစ်များနှင့် လူနေမှုဘဝအစစ်များကို ခံစားနိုင်ခြင်း၊ သို့မဟုတ် ခဏတဖြုတ်ဝင်ရောက်၍ ကလေးသူငယ်များအား နှုတ်ဆက်ခြင်းတို့စသည့် ဝန်ဆောင်မှုများပေးနေသည်။[118]

ပုဂံတွင်မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB)သည်ခရီးသွားလုပ်ငန်းနှင့်ဆိုင်သည့် ကွင်းဆင်းလေ့လာမှုတစ်ခုပြုလုပ်ခဲ့သည်။ ဘုန်းတော်ကြီးစာသင်ကျောင်းများမှ ကျောင်းထိုင်ဆရာတော်များနှင့် ဧည့်လမ်းညွှန်များကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ရာ နိုင်ငံခြားသားဧည့်သည်များသည် ပုဂံရှိဘုန်းတော်ကြီးပညာသင်ကျောင်းများတွင်ကလေးသူငယ်များအားထိတွေ့၍လုပ်အားပေးနေသော်လည်း၎င်းတို့တွင်စာရွက်စာတမ်းအထောက်အထား၊ သို့မဟုတ် ပုဂ္ဂိုလ်ရေးနောက်ခံစစ်ဆေးထားမှု တစ်စုံတစ်ရာမရှိပေ။ ဧည့်လမ်းညွှန်များ၏ ပြောကြားချက်အရ ခရီးသွားလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏ အင်တာနက်ဝက်ဘ်ဆိုဒ်စာမျက်နှာများတွင် ဘုန်းတော်ကြီးကျောင်း

116 UNICEF deeply disturbed by the abuse of two girls in a tailor shop.

117 Tourism sector united to combat children’s exploitation in Myanmar, UNICEF

118 When children become tourist attractions, Myanmar Times, ဖေဖော်ဝါရီ ၂၂ရက် ၂၀၁၅.

များနှင့် မိဘမဲ့ဂေဟာများသို့ သွားရောက်လည်ပတ်နိုင်ကြောင်း ဖော်ပြထားသည်ဟုသိရသည်။[119] လုပ်အားပေးလာသော ခရီးသွားဧည့်သည်အများစု၏ စိတ်ရင်းစေတနာ ကောင်းမွန်သော်လည်း ဤသို့ ရှေ့ဆက်သွားလျှင် မိဘမဲ့ဂေဟာများ ပိုမိုများပြားလာနိုင်သည်။ မရိုးသားသောသူများမှလည်း ယင်းမိဘမဲ့ဂေဟာများကို စီးပွားဖြစ်လုပ်ကိုင်ကာ အလှူငွေများကောက်ခံလာနိုင်သည်။ ထို့အပြင် ကလေးသူငယ်များသည် ၎င်းတို့အား လာရောက်လည်ပတ်သည့် ဧည့်သည့်များအား လက်ခံတွေ့ဆုံသည့်အခါ ကလေးမုဒိမ်းသမား၏ အာရုံစိုက်လာမှုလည်း ကြုံရနိုင်သည်။ သုတေသနများအရ ကလေးများသည် လုပ်အားပေးလာသူများနှင့် သံယောဇဉ်တွယ်သွားသဖြင့် ၎င်းတို့ ပြန်သွားသည့်အခါများတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ကာလရှည်ခံစားရကြောင်း သိရှိရသည်။[120]

## ကလေးသူငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စီးပွားရေးဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ဥပဒေအခြေအနေများ

အထက်ဖော်ပြပါ ဘေးရန်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေများမှ အကာအကွယ်ပေးနိုင်မှုမှာ အားနည်းသည်။ အိမ်ရှင်များက အိမ်ဖော်အလုပ်သမားများအပေါ် အကြမ်းဖက်နေမှုများကို အကာအကွယ်ပေးသော အလုပ်သမားဥပဒေမရှိပါ။[121] အိမ်အကူများမှာလည်း ဥပဒေဆိုင်ရာဗဟုသုတများ နည်းပါးသည့်အတွက် အိမ်ရှင်များအား အရေးယူဆောင်ရွက်နိုင်ရန် တိုင်တန်းမှုများပင် မပြုနိုင်ပါ။ ထို့ပြင် ရဲများသည်လည်း တိုင်တန်းလာမှုများအပေါ် အရေးယူဆောင်ရွက်ပေးမှုမရှိခြင်း ဖြစ်နိုင်သည်။ အထက်တွင်ဖော်ပြခဲ့သည့် အမှုကိစ္စတွင် သတင်းထောက်တစ်ဦးမှ နယ်မြေရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သော်လည်း နိုင်ငံတစ်ဝန်း လူအပြောအဆိုများလာသည့် အချိန်မတိုင်မီအထိ ရဲဖက်မှ ကိုင်တွယ် ဖြေရှင်းပေးခြင်း မရှိခဲ့ပေ။[122]

မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့၊ အခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် အတူပူးပေါင်း၍ အထက်ဖော်ပြပါအမှုကိစ္စများနှင့် တူညီသောအမှုများကို ဖော်ထုတ်နိုင်ရန်နှင့် ကျူးလွန်သူများကို ဥပဒေအရအရေးယူမှုများပြုလုပ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ဥပဒေဖြင့် အကာအကွယ်ပေးနိုင်သောစနစ်ကို ဖော်ဆောင်ကာ ကလေးသူငယ်များအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်။[123]

## ကုမ္ပဏီများသို့ အကြံပြုချက်များ

အလုပ်ချိန်အတွင်းနှင့် အလုပ်ချိန်ပြင်ပတွင် ကုမ္ပဏီများသည် ၎င်းတို့၏ အဆောက်အဦ၊ အသုံးအဆောင်ပစ္စည်းစသည်တို့ကို အသုံးပြု၍ ကလေးသူငယ်များအပေါ် ခေါင်းပုံဖြတ်ခြင်း၊ အနိုင်ကျင့်ခြင်း၊ သို့မဟုတ် အနာတရဖြစ်ရန် လုပ်ဆောင်မှုများမရှိရန်နှင့် ကုမ္ပဏီ၏ အန္တရာယ်ဖြစ်စေနိုင်သော ဓရိယာများအား ကလေးသူငယ်များအတွက် ဘေးအန္တရာယ်မဖြစ်စေရန် တာဝန်ရှိသည်။ ကုမ္ပဏီများအနေဖြင့် -

- ကုမ္ပဏီပိုင်အသုံးအဆောင်နှင့် နေရာထိုင်ခင်းများကို ပုံမှန်စစ်ဆေးပြီး ကျန်းမာရေး၊ လုံခြုံရေးနှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ ထားရှိရန်။
- ကုမ္ပဏီပရဝုဏ်အတွင်းတွင်သာမက အပြင်တွင်လည်း ကလေးသူငယ်များအပေါ်တွင် အကြမ်းဖက်မှု၊ နှိပ်စက်ညှင်းပန်းမှု၊ သို့မဟုတ် အလွဲသုံးစားမှုများပြုလုပ်ခြင်းကို လုံးဝဥဿုံခွင့်မလွှတ်သည့် စည်းမျဉ်းဥပဒေတစ်ခု၊ သို့မဟုတ် ကလေးသူငယ်များအား အကာအကွယ်ပေးသည့်မူဝါဒများ ချမှတ်ရန်လိုအပ်သည်။ ယင်းမူဝါဒများကိုလည်း မြန်မာနိုင်ငံ၏အခြေအနေနှင့် သက်ဆိုင်ရာစီးပွားရေးကဏ္ဍများနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲသင့်သည်။

---

119 ၂၀၁၅ ခရီးသွားလာရေး ကဏ္ဍကျယ် သက်ရောက်မှု လေ့လာချက်ကို ဖြည့်စွက်နိုင်ရန် MCRB သည် ၂၀၁၆ ဩဂုတ်လတွင် အရေးကြီးသော ခရီးသွားအရပ်ဒေသနစ်ခုဖြစ်သည့် ပုဂံနှင့် ငပလီတို့တွင် ကွင်းဆင်းသုတေသနပြုလုပ်ပြီး ခရီးသွားလာရေးလုပ်ငန်းမှ ကလေးသူငယ် အခွင့်အရေးများအပေါ်ရှိသည့် သက်ရောက်မှုများကို နားလည်ရန် ကြိုးပမ်းခဲ့သည်။

120 Voluntourism tips: is it ethical to visit orphanages? Lonely Planet, မေ ၂၅ရက် ၂၀၁၃.

121 ၂၀၁၁ အလုပ်သမားအသင်း ဥပဒေသည် လွတ်လပ်သော ကုန်သွယ်ရေးအဖွဲ့အစည်းများ တည်ထောင်ခွင့်ကို နှစ် ၅၀ အတွင်း ပထမဆုံး ပြန်လည် ခွင့်ပြုခဲ့သည်။ ယင်းတွင် အိမ်အကူများ ပါဝင်သော်လည်း အိမ်အကူများခန့်ထားခြင်းနှင့် သက်ဆိုင်သော အသေးစိတ် ဥပဒေမပါဝင်ချေ။

122 Isolated and lacking labour rights, housemaids toil in silence, Myanmar Times, ဇူလိုင် ၅ ရက် ၂၀၁၆။

123 UNICEF deeply disturbed by the abuse of two girls in a tailor shop.

- ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု၊ ညှင်းပန်းနှိပ်စက်မှု (သို့မဟုတ်) အလွဲသုံးစားမှု ဖြစ်နိုင်ချေများ ပေါ်ပေါက်လာပါက သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်။
- မူဝါဒများကို ကုမ္ပဏီမူဝါဒများထဲသို့ ထည့်သွင်းရေးဆွဲကာ ဝန်ထမ်းများအားလုံးကို ရှင်းလင်းစွာ ပြောကြားထားခြင်း။
- ယင်းစည်းမျဉ်း (သို့မဟုတ်) ကျင့်ဝတ်များသည် လက်တွေ့တွင် မည်သို့ အဓိပ္ပာယ်သက်ရောက်သည်ကို ကုမ္ပဏီဝန်ထမ်းများအား ရှင်းလင်းပြရန်လိုအပ်သည်။ ဥပမာအားဖြင့် ရုံးသုံးကွန်ပျူတာများဖြင့် ကလေးသူငယ်များပါဝင်သည့် လိင်အသားပေး ညစ်ညမ်းရုပ်သံများ၊ တရားမဝင်ပုံရိပ်များအား အွန်လိုင်းမှ ရှာဖွေရယူသိမ်းဆည်းခြင်းတို့ မပြုလုပ်သင့်ကြောင်း၊ အလုပ်ချိန်ပြင်ပတွင်လည်း အိမ်ဖော်များ ငှားရမ်းခန့်ထားရာတွင်လည်း ယင်းစည်းမျဉ်း (သို့မဟုတ်) ကျင့်ဝတ်များကို လိုက်နာရန် လိုအပ်ကြောင်း။

**ခရီးသွားလုပ်ငန်းများ (ခရီးသွားလာရေး အော်ပရေတာများ၊ ခရီးသွားအေးဂျင့်များ၊ ဧည့်လမ်းညွှန်များနှင့် လုပ်အားပေးခရီးသွားလုပ်ငန်း အော်ပရေတာများ) စသော လုပ်ငန်းများအတွက်မူ**

- ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အပြည်ပြည်ဆိုင်ရာ လုပ်အားပေးခရီးသွားလာရေး လမ်းညွှန်ချက်များ[124] ကို လိုက်နာရန်လိုအပ်သည်။ နိုင်ငံတကာ လုပ်အားပေးခရီးသွားလာရေး ဝန်ဆောင်မှုပေးသူများသည် ၎င်းလမ်းညွှန်ချက်များကို လက်တွေ့အသုံးချ၍ ၎င်းတို့၏ အစီအစဉ်များနှင့် စီမံကိန်းများကိုတာဝန်ယူမှုနှင့် ရေရှည်ခိုင်မြဲမှုရှိစွာ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်သည်။ လက်တွေ့တွင် အသုံးချနိုင်မည့် အစီအစဉ်များရေးဆွဲရာနှင့် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် စီမံခန့်ခွဲမှုများတွင် ကူညီပေးရန်။
- လုပ်အားပေးသူများအား သေချာစွာစောင့်ကြည့်ရန်နှင့် ပုဂ္ဂိုလ်ရေးနောက်ခံစစ်ဆေးမှုများကို သေချာပြုလုပ်ရန်။
- ခရီးသွားများအား မိဘမဲ့ဂေဟာများနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်းများသို့ သွားရောက်လည်ပတ်ခြင်းနှင့် လုပ်အားပေးသွားခြင်းတို့ကို တားမြစ်ရန်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့၏ စာစောင်များကို အသုံးပြု၍ ဘာကြောင့် ယင်းခရီးစဉ်များမရှိကြောင်း ခရီးသွားများကို ရှင်းပြရန်လိုအပ်သည်။ [125]

124 The International Voluntourism Guidelines for Commercial Tour Operators.

125 Children are not tourist attractions, UNICEF Myanmar pamphlet

စည်းမျဉ်း (၅)

ဘေးကင်းသော ထုတ်ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများ

## စည်းမျဉ်း ၅ - စီးပွားရေးလုပ်ငန်းများအားလုံးသည် ၎င်းတို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအားလုံးသည် ဘေးအန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်ရမည် ဖြစ်ပြီး၊ ထို့မှတစ်ဆင့် ကလေးသူငယ်အခွင့်ရေးများအား ထောက်ပံ့မှုပေးရမည်။

မြန်မာနိုင်ငံတကာမှ ကုမ္ပဏီများသည် စီးပွားရေးဖွံ့ဖြိုးလာမှု၊ လူငယ်လူဦးရေတိုးပွားလာမှုနှင့် ဝင်ငွေများတိုးပွားလာမှုများကြောင့် နိုင်ငံတွင်း၌ လည်ပတ်နှုန်းမြန်သောလူသုံးကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ (FMCG)[126] အပါအဝင် အခြားသောကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အခွင့်အလမ်းများပေါ် ပေါက်လာသည်။ ဤသို့ ဖွံ့ဖြိုးလာသော အခြေအနေတွင် ကုမ္ပဏီများအနေဖြင့် ဘေးကင်းသောထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို စျေးကွက်အတွင်း ပို့ဆောင်ပေးရန်မှာ အရေးကြီးသည်။ ကလေးသူငယ်များကဲ့သို့သော စားသုံးသူအုပ်စုများသည် ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသော ထုတ်ကုန်များနှင့် သို့မဟုတ် ဝန်ဆောင်မှုများမှရရှိသည့် ဆိုးကျိုးများကို ပိုမိုခံစားရနိုင်ပါသည်။ (လေးထောင့်ကွက် ၈ ကို ရှု။)

### ထုတ်ကုန်ပစ္စည်း ဘေးကင်းလုံခြုံရေး

ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ စားသုံးသူများသည် အစားအသောက်နှင့်ဆေးဝါးများမှ ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာထိခိုက်မှုများ[127] နှင့်ပတ်သက်၍ အသိပညာနည်းပါးလျက်ရှိသည်။ ဤပြဿနာများကို ပိုမိုဆိုးရွားစေသည့် အချက်မှာ စာညွှန်းများကို မြန်မာဘာသာဖြင့် ရေးထိုးထားခြင်းမရှိဘဲ အခြားဘာသာစကားများဖြင့် ရေးထိုးထားခြင်းကြောင့်ဖြစ်သည်။ မန္တလေးနှင့် တရုတ်တန်းရှိ ထုတ်ကုန်အများစုတွင် စာညွှန်းများကို တရုတ်ဘာသာစကားဖြင့်သာ ရေးထိုးထားသည်ကို အများဆုံးတွေ့ရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်က ထုတ်ပြန်ချက်အရ ပါဝင်ပစ္စည်းများအား မြန်မာဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာစကားဖြင့် ရေးထိုးထားခြင်းမရှိပါက ထိုစားသောက်ကုန်များကို တားမြစ်သွားမည်ဟုကြေညာခဲ့သည်။[128] ကုန်သွယ်ရေးဝန်ကြီးဌာနသည်လည်း ကလေးသူငယ်များအား အမှတ်တံဆိပ်နှင့် သက်တမ်းကုန်ဆုံးရက်များ မပါဝင်သည့် တရားမဝင်ထုတ်ကုန်များ၏ ဘေးအန္တရာယ်များကို ရှင်းလင်းပြောကြားခြင်း အစရှိသည့် အသိပညာမြှင့်တင်ရေးဆောင်ရွက်မှုများစွာ စတင်လုပ်ဆောင်ခဲ့သည်။

### သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အသုံးချခြင်း

#### ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှု ပုံရိပ်များ

ကလေးသူငယ်များကို အလွဲသုံးစားပြု၍ ပုံများဖြန့်ချိခြင်းနှင့် ရယူသုံးစွဲခြင်းသည် ကလေးသူငယ်အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ပြီး နိုင်ငံတကာဥပဒေများအောက်တွင်လည်း ရာဇဝတ်မှုမြောက်သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြုပြီး ကလေးသူငယ်များကို အလွဲသုံးနေသော ပုံရိပ်များကို ဖြန့်ချိခြင်းနှင့် ရယူအသုံးပြုမှုများ များပြားလာခြင်းကြောင့် ကမ္ဘာနှင့်အဝန်းပူးပေါင်းဆောင်ရွက်ကြ၍ (Global Coalitions and Initiavtives) သားကောင်ဖြစ်ရသော ကလေးသူငယ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ယင်းပုံရိပ်များကို ဖြန့်ဝေခြင်းနှင့် ရယူခြင်းမရရှိစေရန် ပြုလုပ်လာကြသည်။[129] ကလေးသူငယ်များ၏ လိင်ပိုင်းဆိုင်ရာကို အလွဲသုံးစားလုပ်၍ ပုံရိပ်ဖြန့်ဝေလိုသူများသည် တရားဝင်အွန်လိုင်း ဝန်ဆောင်မှုများကို အလွဲသုံးစားပြုလုပ်နေကြသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်များအား ရောင်းစားခြင်း၊ ကလေးပြည့်တန်ဆာလုပ်ငန်းနှင့် ကလေးလိင်မှုဆိုင်ရာ ညစ်ညမ်းသည့်ပုံရိပ်များ ထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် ကလေးသူငယ်အခွင့်အရေး သဘောတူညီချက် (CRC) ၏ နောက်ဆက်တွဲ ထပ်တိုးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ကလေးသူငယ်အခွင့်အရေး သဘော

126 Myanmar's young population and increasing consumer purchasing power fuels opportunities for brands, Nielsen, မေ ၈ ရက် ၂၀၁၅။

127 Assessment on Awareness of Consumer Rights in Mandalay, Local Resource Centre (LRC), ဇန်နဝါရီ ၂၀၁၅။

128 Food Label Controls Planned, Eleven Myanmar, စက်တင်ဘာ ၅ရက် ၂၀၁၅

129 ဥပမာ: European Commission, A Global Alliance against Child Sexual Abuse Online' (နိုဝင်ဘာ ၂၀ရက် ၂၀၁၆တွင် ကြည့်ရှုခဲ့)

### လေးထောင့်ကွက် (၈)
### ဖြစ်ရပ်လေ့လာချက် (case study) - မွေးကင်းစကလေးများ ဘေးကင်းသော ဆေးဝါးများရရှိရေး

ကလေးသူငယ်အခွင့်အရေး သဘောတူညီချက် (CRC) အပိုဒ် - ၂၄ အရ ကလေးသူငယ်များသည် ရရှိနိုင်သမျှ အကောင်းဆုံးသော ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာ စောင့်ရှောက်မှုများကို ရပိုင်ခွင့်ရှိသည်။ အစွမ်းထက်သောဝန်ဆောင်မှုများ မရရှိနိုင်သော အခြေအနေမရှိစေရ။ သို့သော်လည်း မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် ရံပုံငွေနည်းနည်းဖြင့် ဆုံးရှုံးစွာလည်ပတ်နေရသည် (စည်းမျဉ်း-၁၀ ကို ရှု)။

မကြာသေးမီက ပဲခူးတိုင်းရှိ အထွေထွေရောဂါကုဆေးရုံကြီးတွင် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးခဲ့သည့် မွေးကင်းစကလေး ၂၈ဦးမှာ အပြင်းအထန်ဖျားနာ၍ ၃ ဦးသေဆုံးခဲ့သည့် အမှုတစ်ခုဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်ကို ကြည့်ခြင်းဖြင့် မွေးစကလေးများနှင့် ကလေးသူငယ်များသည် ဘေးကင်းသော ဆေးဝါးများရရှိခြင်းမရှိကြောင်းကို သိရှိရသည်။ စုံစမ်းစစ်ဆေးသူများက ကလေးများသေဆုံးရသည့် အကြောင်းအရင်းမှာ ထိုးဆေးများထက် ဆေးရုံ၏ မပြည့်စုံသောအခြေအနေများကြောင့်သာ ဖြစ်သည်ဟုသာထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်သောသတင်းအချက်အလက်များအရ ကလေးမိဘများအား ဆေးရုံတွင် ဆေးဝါးပြတ်လပ်သဖြင့် ပြင်ပမှ ထိုးဆေးများဝယ်ယူရန် ဆေးရုံမှ ဖိအားပေးခဲ့ခြင်းရှိခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ဒေသခံဈေးရောင်းသူများအား ဆေးဝါးဆိုင်ရာပစ္စည်းများနှင့် ဆေးရုံသုံး ထိုးဆေး၊ သောက်ဆေးများကို ရောင်းချခွင့်ပိတ်ပင်ထားသည်ဟု ဆိုသော်လည်း ဤသို့ပင် အပြင်တွင် ဝယ်ယူရရှိနိုင်ပါသည်။ [130]

ဆေးရုံများ၏ မပြည့်စုံသောအခြေအနေများကြောင့် ကျန်းမာရေးအန္တရာယ် ပိုမိုဖြစ်ပွားစေပြီး ဆေးများအားစနစ်တကျ သိုလှောင်သိမ်းဆည်းနိုင်ခြင်း မရှိသောကြောင့် ဆေးဝါးအရည်အသွေးကျဆင်းကာ ကျန်းမာရေးအာမခံချက်မရှိပါ။

တူညီချက် (CRC)၏ အပိုဒ် ၃၄ အရ အစိုးရအနေဖြင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုလုပ်ခြင်းများဖြစ်သည့် ပြည့်တန်ဆာပြုခြင်းနှင့် လိင်မှုဆိုင်ရာပုံရိပ်များတွင် ပါဝင်စေခြင်း မရှိစေရန် ကာကွယ်ပေးရမည်ဟု ပါဝင်သည်။

မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေ၏ ပုဒ်မ (၆၆) တွင် ကလေးသူငယ်များ၏ လိင်ပိုင်းဆိုင်ရာပုံရိပ်များ ထုတ်ဝေခြင်း၊ သို့မဟုတ် ရောင်းချ ခြင်းများပြုလုပ်ပါက ဒဏ်ငွေ ၁၀၀၀၀ ကျပ် (သို့မဟုတ်) နှင့် ထောင်ဒဏ် ၂ နှစ် အများဆုံး ကျခံရနိုင်သည်။ [131] သို့သော် ယင်းဥပဒေတွင် ကလေးလိင်မှုဆိုင်ရာပုံရိပ်များနှင့် ပတ်သက်၍ အဓိပ္ပာယ်တိတိကျကျ ဖွင့်ဆိုထားခြင်းမရှိပေ။ မြန်မာနိုင်ငံရာဇသတ်ကြီး ဥပဒေအောက်တွင် ကွန်ပျူတာကိုအသုံးပြု၍ ညစ်ညမ်းသောအရာများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ဖြန့်ချိခြင်းနှင့် အများပြည်သူအား ပြသခြင်းတို့ ပြုလုပ်ခြင်းသည်[132] ရာဇဝတ်မှု မြောက်သည်။[133] သို့သော် မြန်မာနိုင်ငံတွင် တရားဥပဒေရေးရာအရာရှိများနှင့် အဖွဲ့အစည်းများကို အင်တာနက်ဝန်ဆောင်မှုပေးသူများက ယင်းတို့၏ ကွန်ယက်များကိုအသုံးပြု၍ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု/အမြတ်ထုတ်မှု ပုံရိပ်များပြုလုပ်ခြင်းအား သတင်းပို့ရမည်ဟု တင်းကြပ်စွာ သတ်မှတ်ထားခြင်း မရှိပေ။[134] ထို့အပြင် အင်တာနက်တွင်ရှိသည့် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံရိပ်များကို ဖယ်ရှားခြင်းနှင့် ပိတ်ပင်ခြင်းပြုရန် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ သို့မဟုတ် လုပ်ဆောင်ချက်များလည်း မရှိပေ။[135] သို့သော် အွန်လိုင်းရာဇဝတ်မှုဆိုင်ရာ ဥပဒေများကိုသတ်မှတ်ရန် ပြင်ဆင်နေပြီး ဥရောပကောင်စီအနေဖြင့်လည်း အစိုးရအား ဘုဒပတ်စ်အွန်လိုင်း ရာဇဝတ်မှုဆိုင်ရာသဘောတူညီချက် (Budapest Convention)[136] ကို ထင်ဟပ်စေသည့်

130 Bago hospital patient care in spotlight after child deaths, Myanmar Times, ဧပြီ ၈ရက် ၂၀၁၆။

131 'SLORC's Child Report – 4, 26 January 1997, Burma Library

132 မြန်မာရာဇသတ်ကြီး၊ အခန်း ၂၉၂။

133 Ibid, အခန်း ၁၁။

134 International Centre for Missing and Exploited Children, Myanmar Country Report, ၂၀၁၄။

135 Child Protection in the Digital Age: National responses to online child sexual abuse and exploitation in ASEAN Member States, UNICEF, ၂၀၁၆၊ စာမျက်နှာ ၂၆။

136 MCRB အနေဖြင့် ၂၀၁၅ ဖွန်လတွင် ဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်ခဲ့သည်။ ဘုဒပတ်စ် သဘောတူညီချက်(၂၀၀၁)သည် တစ်ခုတည်းသော အင်တာနက်ရာဇဝတ်မှုအတွက် ရှိနေသော တည်ဆဲနိုင်ငံတကာသဘောတူညီချက် ဖြစ်နေသည်။ ယင်းသည် နိုင်ငံတော် အချုပ်အခြာတည်တံ့ရန် ဆောင်ရွက်နေဆဲဖြစ်သော နိုင်ငံတိုင်းအတွက် လမ်းညွှန်ချက်အဖြစ် အသုံးဝင်လျက်ရှိသည်။

ဥပဒေတစ်ခုအကောင်အထည်ဖော်နိုင်ရန် အကြံဉာဏ်များ ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများနှင့် ပတ်သက်၍ ထိုးဖောက်မှုနှုန်းမှာ နိမ့်ကျနေဆဲဖြစ်သည်။ ကလေးသူငယ်ကာကွယ်ရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးချ၍ ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှုများပြုလုပ်နေခြင်းကိစ္စများသည် ယခုအချိန်တွင် ကြီးမားသော စိုးရိမ်ပူပန်မှု မဖြစ်သေးသော်လည်း နောင်တစ်ချိန်တွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အင်တာနက်နှင့် လက်ကိုင်ဖုန်း အသုံးပြုမှု များပြားလာသည်နှင့်အမျှ စိုးရိမ်ပူပန်မှုတစ်ခုအဖြစ်သို့ ပြောင်းလဲလာနိုင်သည်။[137] ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာတွင် အင်တာနက် အသုံးပြုသည့်လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်းဖြစ်သော ၇.၁ သန်းသာ ရှိခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ် အကုန်တွင် မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၆၉ ရာခိုင်နှုန်းဖြစ်သော ၃၇.၅ သန်းအထိ တိုးပွားလာခဲ့သည်။ ၂၀၁၆ ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံတွင် Facebook အသုံးပြုသူ ၉.၇ သန်းအထိ များပြားလာသည်။[138] အင်တာနက်၊ လက်ကိုင်ဖုန်းနှင့် လူမှုကွန်ယက်မီဒီယာ အသုံးပြုမှု တိုးပွားလာသည်နှင့်အမျှ ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းများ အသုံးပြုကာ ကလေးသူငယ်များအား အလွဲသုံးစား ပြုလုပ်ထားသည့် ညစ်ညမ်းသည့်ပုံရိပ်များ ဖြန့်ချိခြင်းနှင့် ရယူသုံးစွဲမှုများ မြင့်တက်လာနိုင်ချေရှိသည်။

**ကလေးသူငယ်များအား လူကုန်ကူးခြင်း**

လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများ၏ အဆိုအရ[139] Facebook ကဲ့သို့သော လူမှုကွန်ယက်မီဒီယာများကို အသုံးချပြီး အသက်မပြည့်သေးသော မြန်မာမိန်းကလေးများကို တရားမဝင်လူကုန်ကူးရန် သွေးဆောင်ဖြားယောင်းခြင်းများ ပြုလုပ်ခြင်းများ ရှိနေကြောင်းသိရသည်။ ထိုလမ်းကြောင်းကို အသုံးချ၍ ဆင်းရဲသောဒေသများမှ မိန်းကလေးငယ်များကို ဆက်သွယ်ပြီး တရုတ်ပြည်သို့ ပို့ဆောင်ကာ အတင်းအဓမ္မလက်ထပ်စေခိုင်းခြင်းများ ပြုလုပ်သည်ဟုဆိုသည်။

**အမုန်းစကား ဖြန့်ခြင်းနှင့် အင်တာနက်ပေါ်တွင် အနိုင်ကျင့်ခြင်း**

အဖွဲ့အစည်းများစွာ၏ သုတေသနပြုလုပ်မှုများအရ မြန်မာမူဆလင်လူထုကို ပစ်မှတ်ထား၍ လူမှုကွန်ယက်မီဒီယာများမှ မဟုတ်မမှန် သတင်းဖြန့်ခြင်း၊ စော်ကားခြင်း၊ သို့မဟုတ် မုန်းတီးစေသော အသုံးအနှုန်းများ အသုံးပြုကာ အမုန်းစကားဖြန့်ဝေခြင်းနှင့် အင်တာနက်ပေါ်တွင် အနိုင်ကျင့်မှုများ ပြုလုပ်နေသည်ဟုဆိုသည်။[140] သတင်းပို့မှုများအရ အာရှဒေသအတွင်းတွင် အင်တာနက်ပေါ်တွင် အနိုင်ကျင့်မှုကိစ္စများသည် အဖြစ်များသောအကြောင်းအရာတစ်ခု ဖြစ်လာပြီး သားကောင်များနှင့် အနိုင်ကျင့်သူ နှစ်ဖက်လုံးအပေါ် သက်ရောက်မှုများရှိနေသည်။ ၂၀၁၆ ခုနှစ်တွင် စင်ကာပူ ကလေးသူငယ်များအဖွဲ့အစည်းနှင့် စင်ကာပူစိတ်ကျန်းမာရေးအဖွဲ့အစည်းတို့ ပြုလုပ်ခဲ့သော သုတေသနများအရ အနိုင်ကျင့်သူများနှင့် အနိုင်ကျင့်ခံသူများသည် မိမိကိုယ်ကို နာကျင်အောင်လုပ်နိုင်ချေမှာ ထိုသို့ ပြုလုပ်ခြင်း မရှိသောသူများနှင့် နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားကြောင်း သိရှိရသည်။[141] မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား အဓိကပစ်မှတ်ထား၍ အမုန်းစကားဖြန့်ခြင်းနှင့် အင်တာနက်အနိုင်ကျင့်မှုတို့နှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ထားသည်များ မရှိသော်လည်း ၎င်းမှာ ဖြစ်ပေါ်ရန်အလားအလာရှိသည့် စိုးရိမ်ပူပန်မှုတစ်ခု ဖြစ်နေသည်။

137 ဥပမာ, UNICEF, Child Safety Online – Global Challenges and Strategies, ၂၀၁၁။

138 Facebook racks up 10m Myanmar users, Myanmar Times, ဇွန်လ ၁၃ရက် ၂၀၁၆.

139 ဤအကြောင်းကိစ္စနှင့်ပတ်သတ်ပြီး အချက်အလက်မရှိဘဲ၊ ခိုင်လုံမှုမရှိသော သတင်းပို့ချက်များသာ ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကျွမ်းကျင်သူတစ်ဦးနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုအပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

140 Myanmar Centre for Responsible Business, ICT Sector Wide Impact Assessment, ၂၀၁၅၊ စာမျက်နှာ ၁၀၈-၁၀၉။

141 Taking a united stand against digital bullying in Asia, Frontier Myanmar, နိုဝင်ဘာ ၂၈ ရက် ၂၀၁၆။

**ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများနှင့် ကလေးသူငယ်များအပေါ် အမြတ်ထုတ်ခြင်း**

ခရီးသွားခြင်းနှင့် ခရီးသွားလုပ်ငန်းခေါင်းစဉ်အောက်မှ ကလေးသူငယ်များအပေါ် အမြတ်ထုတ်ခြင်းသည် ကမ္ဘာတစ်ဝှမ်းတွင်ဖြစ်ပေါ်နေသော ကိစ္စရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ခရီးသွားဝန်ဆောင်မှုပေးနေသူများသည် ခရီးသွားများနှင့် သက်ငယ်ပြည့်တန်ဆာများတွေ့ဆုံနိုင်ရန် အင်တာနက်စာမျက်နှာများနှင့် ခရီးသွားဧည့်လမ်းညွှန်များမှတစ်ဆင့် ဝန်ဆောင်မှုပေးနေကြောင်း သတင်းရရှိထားသည်။ စာရင်းအချက်အလက် တိတိကျကျ မရှိသော်လည်း ရန်ကုန်မြို့တွင် အသက် ၁၅ နှစ်အရွယ် ယောကျ်ားလေးနှင့်မိန်းကလေးများသည် ပြည့်တန်ဆာလုပ်ငန်းများတွင် ပါဝင်မှုမှာ မြင့်တက်နေပြီး ယင်းဝန်ဆောင်မှုကို နိုင်ငံခြားသားခရီးသွားများသည် အသုံးပြုနေကြကြောင်း သိရှိရသည်။ ခရီးသွားဧည့်လမ်းညွှန်များ၏ အဆိုအရ နိုင်ငံခြားခရီးသွားများသည် အသက်မပြည့်သော မိန်းကလေးများကို ပိုမိုလိုချင်ကြောင်းသိရသည်။[142]

**ထုတ်ကုန် ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အလွဲသုံးစားပြုကာ ကလေးသူငယ်များကို အမြတ်ထုတ်ခြင်းနှင့် သက်ဆိုင်သည့် ဥပဒေရေးရာအခြေအနေ**

**ထုတ်ကုန် ဘေးကင်းမှု**

မြန်မာနိုင်ငံအစိုးရ၊ ပြည်သူများနှင့် စားသုံးသူများအတွက် စားသုံးသူအခွင့်အရေးကာကွယ်ခြင်းသည် အကြောင်းအရာအသစ်တစ်ခုဖြစ်နေသည်။ အစားအသောက်၊ ဆေးဝါးနှင့် အခြားထုတ်ကုန်ပစ္စည်းများ အပါအဝင် ဘေးကင်းသောထုတ်ကုန်နှင့် ဝန်ဆောင်မှုများရရှိစေရန် ၂၀၁၄ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေသည် အာမခံချက်တစ်ခုဖြစ်သည်။[143] ဤဥပဒေတွင် ဗဟိုအမှုဆောင်ကော်မတီတစ်ခု ဖွဲ့စည်းကာ စားသုံးသူများ၏အခွင့်အရေးအား ကာကွယ်ပေးရမည်ဟု ပါရှိသည်။ ဤဥပဒေကို ကြိုဆိုမှုများ အပြောက်အမြားရှိသော်လည်း အားနည်းချက်များရှိသည်ဟု သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးမှုမရှိဘဲ ဥပဒေကြမ်းထုတ်ခဲ့သောကြောင့်ဖြစ်သည်။[144]

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးစီမံကွပ်ကဲရေးဌာန၏ ထုတ်ပြန်စာအမှတ် ၂၂/၂၀၁၄အရ အစားအသောက်ထုတ်လုပ်သူများနှင့် ဖြန့်ချိသူများအနေဖြင့် သက်ဆိုင်သောအချက်များကို အောက်ပါအတိုင်းပါဝင်အောင် ထည့်သွင်းရမည်ဟု ထုတ်ပြန်ထားသည်။

- စားသောက်ကုန်အမျိုးအစား
- စားသုံးရန် သင့်လျော်သော အသက်အရွယ်
- ပါဝင်သော ကုန်ကြမ်းပစ္စည်းများ
- အာဟာရတန်ဖိုး ဆန်းစစ်မှု
- ပြင်ဆင်ရန်နှင့်စွန့်ပစ်ရန် လမ်းညွှန်ချက်များ
- သက်တမ်းကုန်ဆုံးရက်၊ သို့မဟုတ် ထုတ်ပိုးမှုအလိုက် စားသုံးရန် အသင့်လျော်ဆုံးရက်စွဲ
- အရွယ်အစား၊ ထုတ်ပိုးသည့် နေ့စွဲ၊ အထုတ်တွဲ အမှတ်စဉ်နှင့် သိမ်းဆည်းပုံ
- မှားယွင်းစွာပြင်ဆင်ခြင်းနှင့် မှားယွင်းစွာထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များ။

ကျန်းမာရေးအတွက် အထူးပြုလုပ်ထားသော အစားအစာများတွင် စားသောက်ရန်လိုအပ်သည့် ကျန်းမာရေးအခြေအနေများ၊ စားသုံးရန်သင့်လျော်သည့် ကလေးသူငယ်များ၏ အသက်အရွယ်နှင့် ဆရာဝန်လမ်းညွှန်ချက်ပါမှသာ စားသုံးသင့်ကြောင်း အစရှိသည့် အသေးစိတ်အချက်အလက်များကို အညွှန်းရေးထိုးပေးရန် လိုအပ်ပါသည်။ ထုတ်လုပ်သူများနှင့် ဖြန့်ချိသူများအနေဖြင့် အညွှန်းစာများကို မြန်မာဘာသာဖြင့် ရေးထိုးပေးသင့်သည်။ [145]

142 Myanmar Centre for Responsible Business, Tourism SWIA, ၂၀၁၅၊ စာမျက်နှာ ၁၆၃။

143 Consumer Protection Law guarantees safe products, services to consumers, The New Light of Myanmar, မတ်လ ၂၀ရက် ၂၀၁၄။

144 Consumer protection body, rules a step closer, Myanmar Times, ဧပြီ ၂၈ရက် ၂၀၁၄။

145 Advertising & Marketing to Children: Global Report, DLA Piper, နိုဝင်ဘာ ၂၀၁၆၊ စာမျက်နှာ ၂၆၁။

ယခုအချိန်တွင် မြန်မာနိုင်ငံ၌ ထုတ်ကုန်များနှင့်ပတ်သက်၍ စံသတ်မှတ်ချက်များ မရှိသေးပေ။ သို့သော် ၂၀၁၄ ခုနှစ်၊ ဇူလိုင်တွင်ထုတ်ပြန်ခဲ့သည့် စံသတ်မှတ်ခြင်းဥပဒေအရ ပထမဆုံးအမျိုးသားအဆင့် စံသတ်မှတ်ရေးကောင်စီကို ပြည်တွင်းထုတ်ကုန်များ၊ ကုန်ထုတ်လုပ်မှုနည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စံသတ်မှတ်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းရန် လုပ်ဆောင်လျက်ရှိသည်။ သတ်မှတ်ထားသည့် အရည်အသွေးအဆင့်အတန်းသို့ ရောက်ရှိရန် ကုန်ပစ္စည်းအမျိုးအစား ၆၇ မျိုးအား စံသတ်မှတ်ခြင်းလုပ်ငန်းစဉ်သို့ ထည့်သွင်းသွားမည် ဖြစ်ကြောင်းသိရသည်။[146]

ထုတ်ကုန်များတွင် အညွှန်းတပ်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် Codex လမ်းညွှန်ချက်များ၊ အစားအစာများ အညွှန်းတပ်ခြင်းအတွက် အာဆီယံမှစံနှုန်းစည်းမျဉ်းများအတိုင်း လိုက်နာလျက်ရှိသည်။ အစားသောက်များတွင် အညွှန်းစာများ ပါဝင်ရမည်။ နိုင်ငံခြားမှတင်သွင်းသည့် ကုန်ပစ္စည်းများသည်လည်း မြန်မာဘာသာဖြင့် ရေးထိုးထားသော အညွှန်းစာများ၊ သို့မဟုတ် အညွှန်းတွင်မြန်မာဘာသာဖြင့် တင်သွင်းရောင်းချသူ (သို့မဟုတ်) ဖြန့်ချိသူ၏ အမည်နှင့် လိပ်စာ၊ ပစ္စည်းထုတ်လုပ်သည့်နိုင်ငံတို့အား တွဲကပ်ထားရန် လိုအပ်သည်။ [147]

## ထုတ်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရန် ကနဦး ဆောင်ရွက်ချက်များ

အစားအသောက်နှင့် ဆေးဝါးစီမံကွပ်ကဲရေးဌာနအနေဖြင့် အစားအသောက်ဘေးကင်းရန် ပညာပေးအစီအစဉ်များ လုပ်ဆောင်ပေးလျက်ရှိသည်။ ဥပမာအားဖြင့် စက်ရုံမန်နေဂျာများအား Good Manufacturing Practices သင်တန်းများပေးခြင်း၊ အစားအစာကိုင်တွယ်သူများအား အစားအစာဘေးကင်းလုံခြုံရေးနှင့် စားသောက်ဆိုင်မန်နေဂျာများနှင့် ထုတ်လုပ်သူများအတွက် အစားအစာသန့်ရှင်းရေးနှင့်ပတ်သက်သည့် သင်တန်းများ၊ နယ်စပ်ဒေသများမှ စစ်ဆေးရေးအရာရှိများအတွက် အစားအစာစစ်ဆေးခြင်းတို့ဖြစ်သည်။ စားသုံးသူများအတွက် မှန်ကန်သောလက်ဆေးနည်း ချက်ပြုတ်နည်း၊ အစားအစာများပြင်ဆင်ရာတွင် ကူးစက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်နည်း အစရှိသည့် အသိပညာပေးရေးအစီအစဉ်များကို ထုတ်လွှင့်ပေးနေသည်။[148]

မြန်မာနိုင်ငံရှိ စားသုံးသူကာကွယ်ရေးအဖွဲ့သည် အစိုးရနှင့်မသက်ဆိုင်သည့် အဖွဲ့အစည်းဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ရုံးခွဲ ၇ ခုဖြင့် စားသုံးသူများအခွင့်အရေးကာကွယ်ရန်နှင့် စောင့်ကြည့်မှုနှင့်ဆိုင်သည့် seminars များ၊ ပညာပေးအစီအစဉ်များ ပြုလုပ်ပေးနေသည်။ ဆိုင်များနှင့် ဈေးများတွင်ရောင်းချနေသော အစားအစာများတွင် မှန်ကန်သော အညွှန်းစာများ ပါဝင်ခြင်း ရှိ၊ မရှိနှင့် စားသုံးရန်အန္တရာယ် ကင်း၊ မကင်းတို့ကိုလည်း စစ်ဆေးမှုများ ပြုလုပ်နေသည်။[149]

## ကုမ္ပဏီများသို့ အကြံပေးချက်များ

- ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများပေးရာတွင် မည်သည့်ကလေးသူငယ်၊ သို့မဟုတ် အဖွဲ့တစ်ခုခုအား ခွဲခြားဆက်ဆံမှု လုံးဝမရှိစေရန် သင့်တော်သည့် ခြေလှမ်းများအားလုံး လုပ်ဆောင်သွားရန်။

### လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီများအတွက်

- မြန်မာနိုင်ငံဈေးကွက်တွင် ရောင်းချနေသော (သို့မဟုတ်) ဖြန့်ချိနေသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများသည် တရားဥပဒေအတိုင်းလိုက်နာ၍ သုံးစွဲသူများဘေးကင်းမှုရှိရမည်။ အထူးသဖြင့်ကလေးများအတွက် ဖြစ်သည်။ လုံလောက်သောသုတေတနနှင့် စမ်းသပ်မှုများလည်း ပြုလုပ်ထားရန်လိုအပ်ပါသည်။

146 Body formed to ensure standardization of consumer goods, Eleven Media, နိုဝင်ဘာ ၁၆ရက် ၂၀၁၄။
147 GAIN Report: Union of Burma, Global Agricultural Information Network, ဇူလိုင် ၂၀၁၂၊ စာမျက်နှာ ၃
148 Business opportunities and food safety of the Myanmar edible oil sector, Wageningen University, Ministry of Foreign Affairs of the Netherlands, ၂၀၁၄၊ စာမျက်နှာ ၆၀။
149 Burma President Approves Consumer Protection Law, The Irrawaddy, မတ် ၂၇ရက် ၂၀၁၄ နှင့် Consumer Protection: Awareness & Action Programs, Myanmar ITV, ဇူလိုင် ၂၂ရက် ၂၀၁၆။

- အပြည်ပြည်ဆိုင်ရာကုမ္ပဏီများအနေဖြင့် မိမိတို့၏ကျွမ်းကျင်မှု နည်းစနစ်များကို မြန်မာနိုင်ငံမှ ပစ္စည်းပေးသွင်းသူများ၊ ကန်ထရိုက်များနှင့် လုပ်ငန်းတူပြိုင်ဖက်များကို ဝေမျှခြင်းဖြင့် စွမ်းဆောင်ရည်တိုးတက်လာရန်ကူညီသင့်သည်။

**ခရီးသွားလုပ်ငန်းကဏ္ဍ**တွင် လုပ်ကိုင်နေသည့် ကုမ္ပဏီများ (ဟိုတယ်များ၊ လေကြောင်းလိုင်းများ၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးသူများ၊ ခရီးသွား အေးဂျင့်များ၊ ဧည့်လမ်းညွှန်များစသည်တို့ အပါအဝင်)

- ‘The Code (ခရီးသွားလုပ်ငန်းများတွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုမှ ကာကွယ်ရန်)[150] ကျင့်ဝတ်စည်းကမ်းများအား သဘောတူညီ၍ လိုက်နာကျင့်သုံးရန်။

**သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ**တွင် ပါဝင်သော ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများ၊ အင်တာနက်ဝန်ဆောင်မှုများနှင့် ဆော့ဖ်ဝဲကုမ္ပဏီများ။

- အမျိုးမျိုးသော အကြမ်းဖက်မှုနှင့် အမြတ်ထုတ်မှုပုံစံများကြောင့် ကလေးသူငယ်များအပေါ် ပြင်းထန်စွာ သက်ရောက်မှုများ ဖြစ်ပေါ်နိုင်သဖြင့် တီဗီအစီအစဉ်များ ရေးဆွဲသည့်အခါတွင် အကြမ်းဖက်မှုပုံစံမပေါက်အောင် ရေးဆွဲခြင်း။
- အွန်လိုင်းပေါ်တွင် ကလေးသူငယ်များလုံခြုံမှုနှင့် သက်ဆိုင်သောဥပဒေမရှိသော်လည်း ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့နှင့် နိုင်ငံတကာဆက်သွယ်ရေးအသင်းချုပ်တို့၏ “အွန်လိုင်းပေါ်တွင် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရာတွင် အသုံးပြုနိုင်သည့် လုပ်ငန်းသုံးလမ်းညွှန်” [151] ကဲ့သို့သော နိုင်ငံတကာလုပ်ငန်းသုံးလမ်းညွှန်များကို မြန်မာမှုအဖြစ် ပြောင်းလဲအသုံးပြုခြင်းဖြင့် အင်တာနက်ပေါ်မှ ကလေးသူငယ်များအား အမြတ်ထုတ်မှုများကို ခြေရာခံနိုင်ပြီး လိုက်လံဖော်ထုတ်နိုင်မည်ဖြစ်သည်။ ယင်းတို့မှာ-
    - ကလေးသူငယ်များအားအွန်လိုင်းပေါ်တွင် ကာကွယ်နိုင်ရန်မူဝါဒများချမှတ်ခြင်းနှင့် ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခြင်း။
    - ကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ဖြစ်စေနိုင်သည့် ICT ဝန်ဆောင်မှုများကို ပိတ်ပင်ခြင်း။ [152]
    - မိဘများနှင့် ကလေးသူငယ်များအား အင်တာနက်အသုံးပြုမှုလုံခြုံရေး ဆိုက်ဘာလုံခြုံရေးနှင့် ဒီဂျစ်တယ်အနိုင်ကျင့်မှုများနှင့်ပတ်သက်၍ ပညာပေးခြင်းနှင့် အသိပညာများ မြှင့်တင်ပေးသင့်သည်။

150 The Code သည် လုပ်ငန်းလည်ပတ်မှု တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုဖြစ်ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုမှ ကာကွယ်ရန် အသိပေးမှု၊ နည်းလမ်းများနှင့် ထောက်ပံ့မှုများပေးနိုင်ရန် ရည်ရွယ်သည်။

151 Guidelines for Industry on Child Online Protection, ITU and UNICEF, ၂၀၁၅။

152 သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာကုမ္ပဏီများအတွက် ကလေးသူငယ်များအား အင်တာနက်ပေါ်တွင် ကာကွယ်ပေးနိုင်ရန်အတွက် အသေးစိတ် အကြံပြုမှုများကို ကြည့်ရှုလိုလျှင် ICT SWIA.

**စည်းမျဉ်း (၆)**

**ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကြော်ငြာရာတွင် ကလေးသူငယ် အခွင့်အရေးကို အလေးထားခြင်း**

**မွေးစကလေးများအတွက် ကလေးနို့မှုန့် (INFANT FORMULA) ကို ဈေးကွက်ထိုးဖောက်ခြင်း**

## စည်းမျဉ်း ၆ – စီးပွားရေးလုပ်ငန်းအားလုံးသည် ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကြော်ငြာရာတွင် ကလေးသူငယ်အခွင့်အရေးများကို အလေးထား၍ ထောက်ပံ့နိုင်ရမည်။

ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံရှိ မိခင်တိုင်းအားလုံးနီးပါးမှာ ကလေးများအား မိခင်နို့ချိုတိုက်ကျွေးသူများ ဖြစ်ကြသည်။ သို့သော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များရန်ပုံငွေအဖွဲ့မှ အကြံပြုထားသည့်အတိုင်း မွေးစကလေးအားလုံး၏ ၂၄ ရာခိုင်နှုန်းသာ ၆ လအထိ မိခင်နို့တစ်မျိုးတည်းကို တိုက်ကျွေးခြင်းခံရသည်။[153] အမေများသည် ကလေးသူငယ်များအား ရေနှင့် အချိုရည်များကိုပါ တိုက်ကျွေးကြသည်။ မြန်မာနိုင်ငံရှိ အလယ်အလတ်တန်းစားနှင့် အထက်တန်းအလွှာများတွင် မွေးစကလေးများအတွက် တီထွင်ထားသည့်နို့မှုန့်များသည် တဖြည်းဖြည်းနာမည်ကြီးလာသည်။ ၎င်းပစ္စည်းများ ဈေးနှုန်းမြင့်မားသဖြင့် မြန်မာလူမျိုးများအားလုံး ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိပေ။ သို့ဖြစ်၍ တရုတ်ဖော်စပ်နည်းများဖြင့် ပြုလုပ်ထားသော ကုန်ပစ္စည်းများသည် ဈေးနှုန်းသက်သာ၍ အရည်အသွေးထိန်းချုပ်မှုမရှိဘဲ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ဝင်ရောက်လာပြီး မွေးစကလေးများအတွက် နာမည်ကြီးနေသည်။[154]

၂၀၁၄ ခုနှစ်တွင် မွေးစနှင့်ကလေးငယ်များအတွက် စီမံဖော်စပ်ထားသော အစားအစာများ ဈေးကွက်ထိုးဖောက်ရေးအမိန့် (OMFFIYC) ကို အမျိုးသားအစားအသောက်ဥပဒေတွင် ထည့်သွင်းရေးဆွဲခဲ့သောကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့်-

- နို့ချိုတိုက်ကျွေးနေသည့် မွေးစကလေးများနှင့် ကလေးငယ်များအား ထောက်ပံ့ကာကွယ်ပေးခြင်း။
- မိခင်နို့အစားထိုးပစ္စည်းများအား စနစ်တကျအသုံးပြုနိုင်ရန် စီစစ်ပေးခြင်း။
- မှန်ကန်သောအချိန်တွင် မွေးစကလေးငယ်များကို သင့်လျော်သည့်ဖြည့်စွက်စာများ မိတ်ဆက်ပေးခြင်း။
- မှန်ကန်ပြီး လုံလောက်သည့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း။
- မိခင်နို့အစားထိုးရန် စီမံဖော်စပ်ထားသော စားသောက်ကုန်များနှင့် ဖြည့်စွက်အစားအစာများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းကို စောင့်ကြပ်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။[155]

မိခင်နို့တိုက်ကျွေးခြင်းကို အားပေးရန်အတွက် မြန်မာနိုင်ငံ မိခင်ကျန်းမာရေးဝန်ဆောင်မှုဌာနများတွင် နို့မှုန့်များကြော်ငြာခြင်းကို ပိတ်ပင်ထားပြီး ယင်းနေရာများတွင် နို့မှုန့်နမူနာများကို လက်ခံခြင်းမှလည်း တားဆီးထားသည်။ ထိုအမိန့်များကို လွှမ်းမိုးမှုရှိရန် ကျန်းမာရေးဝန်ကြီးဌာနအောက်မှ ဌာနခွဲ ၂ ခုမှ တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ အမျိုးသားအာဟာရဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသော ကလေးနို့မှုန့်များ ရောင်းအားမြှင့်တင်မှုနှင့်ဆိုင်သည့်ကိစ္စရပ်များကို စောင့်ကြည့်ရန်တာဝန်ရှိသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှလည်း သွင်းကုန်သစ်များကို စောင့်ကြည့်ရန်နှင့် အညွှန်းစာများရေးရန် တိုက်တွန်းရန်တာဝန်ရှိသည်။

153 The Cost of Not Breastfeeding in Myanmar, UNICEF and Alive &Thrive, ဇန်နဝါရီ ၂၀၁၆။

154 Based on interviews held with Myanmar child and human rights experts in မတ် ၂၀၁၆။

155 Breastfeeding Promotion and Protection for Maternal, Infant and Childhood Health and Nutrition in Myanmar, Thelma Thun Thein, ဇူလိုင် ၂၀၁၅။

Save the Children မှပြုလုပ်ခဲ့သည့်သုတေသနမှတ်တမ်းအရ အထက်ဖော်ပြပါ အမိန့်များရှိနေသော်လည်း မိခင်နို့အစားထိုး ပစ္စည်းများထုတ်လုပ်သည့်ကုမ္ပဏီများနှင့် ဖြန့်ချိသူများသည် ထိုအမိန့်များအားဆန့်ကျင်၍ ဆက်လက်ပြီး ဈေးကွက်တွင်းသို့ ပစ္စည်းများတင်သွင်းလျက်ရှိနေသည်။ ဈေးကွက်ထဲတွင်အများဆုံးတွေ့ရှိရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ကျန်းမာရေးနှင့်ညီညွတ်မှုရှိကြောင်းကြော်ငြာမှု၊ သို့မဟုတ် မွေးစကလေးများ၏ ပုံရိပ်များအသုံးပြု၍ ဈေးကွက်မြှင့်တင်ခြင်းနှင့် မြန်မာဘာသာစကားမဟုတ်ဘဲ တရုတ်၊ ထိုင်း၊ ဟိန္ဒူဘာသာစကားများဖြင့် ရေးသားထားသော အညွှန်းစာများဖြစ်သည်။ [156]

## မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသော နို့မှုန့်များ ဈေးကွက်ထိုးဖောက်ခြင်းနှင့် သက်ဆိုင်သည့် မြန်မာဥပဒေများ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဇူလိုင်လ ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံ၏ အမျိုးသားအစားအသောက်ဥပဒေတွင် မွေးစနှင့် ကလေးငယ်များအတွက် စီမံဖော်စပ်ထားသောအစားအစာများ ဈေးကွက်ထိုးဖောက်ခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက် (OMFFIYC) ကို ထည့်သွင်းခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO)မှ မိုငြမ်းထားသည့် မိခင်နို့အစားထိုး ကုန်ပစ္စည်းများဈေးကွက် ထိုးဖောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်း နှင့် တစ်ညီတည်း (သို့မဟုတ်) ပိုမိုတင်းကျပ်သည်ဟု ဆိုနိုင်သည်။ ဤအမိန့်သည် မွေးစကလေးများကိုခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း၏ အရေးပါမှုကိုအားပေးရန်နှင့် မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသည့် နို့မှုန့်များရောင်းချခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများကို စည်းကမ်းသက်မှတ်ထိန်းချုပ်နိုင်ရန် ဖြစ်သည်။ ဤဥပဒေသည် ကုမ္ပဏီများအား ကလေးသူငယ်များအားရည်ရွယ်၍ နို့မှုန့်ထုတ်ကုန်များ ကြော်ငြာခြင်းနှင့် နာမည်ကြီး အနုပညာရှင်များကို အသုံးပြုကာ ၎င်းတို့၏ထုတ်ကုန်များကို အရောင်းမြှင့်တင်ခြင်း (သို့မဟုတ်) အခမဲ့နမူနာများ ပေးဝေခြင်းတို့မပြုလုပ်ရန် တားမြစ်ထားသည်။ ထို့အပြင် ကုမ္ပဏီများအား ၎င်းတို့၏ ထုတ်ကုန်များပေါ်တွင် မြန်မာဘာသာသို့ ဘာသာပြန်ဆို၍ အညွှန်းစာများရေးထိုးရန် တောင်းဆိုထားသည်။

အရပ်ဖက်အဖွဲ့အစည်းအချို့မှာမူ လုံးဝဥသုံတားမြစ်သင့်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆိုင်သည့် ဈေးကွက်ထိုးဖောက်မှု အလေ့အထများအားခွင့်ပြုရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အာဏာများလွှဲအပ်လိုက်သဖြင့် ပူပန်မှုများရှိနေသည်။ ယေဘုယျအားဖြင့် ဤဥပဒေသည် 'အောင်မြင်စွာပြီးဆုံးခဲ့သည့် မူကြမ်း၊ အရေးအသားကောင်းမွန်ခြင်း၊ တိကျခြင်း၊ ခေတ်နှင့်ဆီလျော်မှုရှိသည်'ဟုဆိုနိုင်သည်။ (လေးထောင့်ကွက် ၉ ကို ရှု။)[157]

**လေးထောင့်ကွက် (၉)**

**မိခင်နို့အစားထိုးကုန်ပစ္စည်းများအား ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်စခန်းများတွင် ဈေးကွက်ထိုးဖောက်ခြင်း။**

၂၀၁၅ ခုနှစ်တွင် Plan Myanmarမှ ကချင်ပြည်နယ်ရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်းများ (IDP camps)နှင့်ပတ်သက်၍ လေ့လာချက်တစ်ခုပြုလုပ်ခဲ့သည်။ တရုတ်ပြည်မှ နို့မှုန့်ကုမ္ပဏီများသည် မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသော နို့မှုန့်များကို အကြီးအကျယ် လာရောက်ကြော်ငြာသဖြင့် ပိန်လှီသောမိခင်များနှင့် မိခင်နို့တိုက်ကျွေးရန် အခက်အခဲရှိနေသည့် မိခင်များအား မိခင်နို့မတိုက်ကျွေးရန် အားပေးသကဲ့သို့ဖြစ်နေသည်။ ရွှေ့ပြောင်းဒုက္ခသည်စခန်းများတွင် ရေအရည်အသွေး၊ တစ်ကိုယ်ရည်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မိလ္လာစနစ်တို့မှာ နိမ့်ကျလျက်ရှိသောကြောင့် မိခင်နို့မတိုက်ကျွေးပဲ အစားထိုးနို့မှုန့်များ တိုက်ကျွေးပါက ကျန်းမာရေးထိခိုက်မှု ပိုမိုဖြစ်စေနိုင်သည်။[158]

156 Big Name Milk Formula Brands Continue to Flout Myanmar Law, Myanmar Times, အောက်တိုဘာ ၂၀ရက် ၂၀၁၅

157 Taking the Law forward in Myanmar, IBFAN - International Code Documentation Centre.

158 Comprehensive Infant and Young Child Feeding (IYCF) Assessment - Kachin, Myanmar, Plan Myanmar, စက်တင်ဘာ ၂၀၁၅၊ စာမျက်နှာ ၂၀။

## မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသော နို့မှုန့်များ တရားမဝင်ဈေးကွက် ထိုးဖောက်ခြင်းမှ တားဆီးနိုင်ရန် လှုပ်ရှားမှုများ

အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ ပူးပေါင်း၍ အထက်တွင်ဖော်ပြခဲ့သော အမိန့်အား လက်တွေ့ကျင့်သုံးမှုကို စောင့်ကြည့်ပေးနိုင်ရန် Leveraging Essential Nutrition Actions to Reduce Malnutrition (LEARN) [159] ဟုခေါ်သော စီမံကိန်းတစ်ခုစခဲ့သည်။ မွေးစကလေးနှင့် ကလေးသူငယ်များအား ကျွေးမွေးမှုပုံစံများ၊ မြန်မာနိုင်ငံတွင် မိခင်နို့အစားထိုးကုန်ပစ္စည်းများဈေးကွက်ထိုးဖောက်ခြင်းနှင့်ဆိုင်သည့်ကျင့်ဝတ်ဥပဒေသမိုင်းကြောင်းအနှစ်ချုပ်တို့ကိုနားလည်စေရန် သင်တန်းများပို့ချ၍ မိခင်နို့အစားထိုးကုန်ပစ္စည်းများ ဈေးကွက်ထိုးဖောက်ခြင်းကိုစောင့်ကြပ်ရန် လုပ်ငန်းစဉ်များနှင့်ပတ်သက်သော လက်တွေ့လေ့ကျင့်မှုများ ပါဝင်သည်။ [160]

၂၀၁၃ ခုနှစ် မေလတွင် မြန်မာနိုင်ငံရှိ အာဟာရဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရသည် အာဟာရတန်ဖိုး မြှင့်တင်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် the Scaling Up Nutrition Civil Society Alliance (SUN CSA)ကို ရန်ကုန်မြို့တွင်စတင်ခဲ့ပြီး နိုင်ငံတွင်းရှိ အာဟာရဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းနိုင်ရန်အတွက် အရပ်ဖက်အဖွဲ့အစည်းမှ လူ ၄၀ ခန့်သည် ယင်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ၎င်းလှုပ်ရှားမှုတွင် အရပ်ဖက်အဖွဲ့အစည်းမှ မိခင်နို့အစားထိုးပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီများအား စောင့်ကြည့်ခွင့်ရှိသည်။ [161]

၂၀၁၅ ဇူလိုင်လမှ စတင်ကာ Save the Childrenနှင့် စေတနာ့ဝန်ထမ်းများအား KoBo Collect App (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ)ကို အသုံးပြု၍ အမိန့်များကို ချိုးဖောက်ခြင်းရှိမရှိ စောင့်ကြည့်ရန်နှင့် ချိုးဖောက်ပါက တိုင်ကြားနိုင်ရန် သင်တန်းများပေးခဲ့သည်။ ယင်းဆော့ဖ်ဝဲသည် စုဆောင်းရရှိသည့်အချက်အလက်များအား မြန်မာနိုင်ငံ အာဟာရနည်းပညာလုပ်ဆောင်မှုအဖွဲ့ (အမျိုးသားအာဟာရကော်မတီနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန)သို့ပေးပို့၍ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူနိုင်ရန် အကူအညီပေးနေသည်။[162]

## ကျန်းမာရေးနှင့် မညီညွတ်သော ထုတ်ကုန်များကို ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကလေးသူငယ်များအား ကြော်ငြာခြင်း

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)မှ ပြုလုပ်ခဲ့သည့်သုတေသနအရ ရန်ကုန်မြို့၌ ကလေးသူငယ်များနှင့်အပျိုလူပျိုဖော်အရွယ်များမှ ၇.၆ ရာခိုင်နှုန်းမှာ အဝလွန်နေပြီး ပြည်သူ့ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ဖြစ်နေသည်။ သွားရည်စာမုန့်ထုပ်များသည် ဘုန်းတော်ကြီးပညာသင်ကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းများတွင် အလွယ်တကူရရှိသဖြင့် အများဆုံးစားသုံးသည့် အစားအစာတစ်ခုဖြစ်နေသည်။ ကျောင်းများ၊ ကလေးများတွေ့ဆုံသည့်နေရာများ (သို့မဟုတ်) ကလေးများပုံမှန် သွားရောက်လည်ပတ်လေ့ရှိသော နေရာများတွင် ကြော်ငြာခြင်းမပြုလုပ်ရန် ထိန်းချုပ်ထားခြင်း မရှိပေ။

ဤပြဿနာများကို ဖြေရှင်းရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်တွင် ဥရောပသမဂ္ဂ၏ရန်ပုံငွေဖြင့် "မြန်မာနိုင်ငံတွင်း ရောဂါကူးစက်မှုကို တုန့်ပြန်သော အများပြည်သူကျန်းမာရေးမြှင့်တင်မှု"ဟု ခေါင်းစဉ်းဖြင့် စီမံကိန်းတစ်ခုစတင်ခဲ့သည်။ ပြည်သူများကျန်းမာရေးအတွက် သုတေသနများပြုလုပ်ခြင်းအပါအဝင် ကလေးများအဝလွန်မှုနှင့် သွားရည်စာစားသုံးမှုအကြား ဆက်စပ်မှုနှင့် "ကျောင်းတွင်းပတ်ဝန်းကျင်တွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ ရရှိရေးမူဝါဒ"ကို အကောင်အထည်ဖော်ခြင်းတို့ ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများအား ၎င်းတို့၏ အစားအစာများအား အညွှန်းတပ်ရေးစနစ်နှင့် ကလေးသူငယ်များအား အရုပ်များနှင့် အခြားဈေးပေါသောအပိုပစ္စည်းများ ထည့်ပေးခြင်းဖြင့် သွားရည်စာများကို တာဝန်မဲ့စွာ အရောင်းမြှင့်တင်ခြင်းတို့ကို တားဆီးရေးကဲ့သို့သော ထိန်းချုပ်မှုများပါဝင်သည်။ [163]

159 NGOs involved include Save the Children, Helen Keller International and Action Contre La Faim.

160 More concrete steps needed to monitor the marketing of formulated foods for infants and young children in Myanmar, Save the Children Myanmar, မတ်လ ၁၇ ရက် ၂၀၁၅။

161 Myanmar launches a Civil Society Alliance for Scaling Up Nutrition, Scaling Up Nutrition, ဖေဖော်ဝါရီ ၂၃ရက် ၂၀၁၅။

162 The Status of Implementing the Code of Marketing Breastmilk Substitutes in Myanmar, Scaling Up Nutrition, Civil Society Alliance Myanmar and Save the Children.

163 Strengthening public health capacity to respond to Myanmar's disease transition, ဒေါက်တာ အေးမြအောင်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်။

## ကလေးသူငယ်များအား ကြော်ငြာထိုးဖောက်ခြင်းနှင့် သက်ဆိုင်သည့်ဥပဒေနှင့် မူဝါဒအခြေအနေ

ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) အနေဖြင့် နိုင်ငံများအား နိုင်ငံတကာမှ အကြံပေးချက်များကိုအသုံးပြု၍ သွားရည်စာများ ဈေးကွက်ထိုးဖောက်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများမှ ကလေးများထိတွေ့မှု လျော့ချခြင်းများ လုပ်ဆောင်ရန် တိုက်တွန်းထားသည်။ ၂၀၁၀ ခုနှစ်၊ မေလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများအတွက် ကလေးသူငယ်များအား ရည်ရွယ်၍ထုတ်လုပ်သည့် အစားအစာနှင့် အရက်မပါသောဖျော်ရည်များ ဈေးကွက်ထိုးဖောက်ခြင်းအတွက် အကြံပြုမှုအသစ်များ ထုတ်ပြန်ခဲ့သည်။ ကလေးသူငယ်များအား ပြည့်ဝဆီ၊ ဖက်တီးအက်ဆစ်၊ သကြား၊ သို့မဟုတ် ဆားပါဝင်မှုများသည့် သွားရည်စာကြော်ငြာများဖြင့် ထိတွေ့မှုလျော့ချနိုင်စေရန် နိုင်ငံအလိုက် အမျိုးသားအဆင့် လုပ်ရှားမှုပြုလုပ်ရန် လှုံ့ဆော်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းအနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို ယင်းအကြံပြုချက်များအား အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်ရန်နှင့် အကဲဖြတ်ရန် စနစ်တစ်ခုလည်း ထည့်သွင်းသင့်ကြောင်း ပြောကြားခဲ့သည်။[164] မြန်မာနိုင်ငံတွင် ယနေ့အထိ ထိုအကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှိ၊ မရှိကို ပြသနိုင်သည့် အချက်အလက်တစ်စုံတစ်ရာ မတွေ့ရှိသေးပေ။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာနိုင်ငံပြန်ကြားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်တွင် စတင်အသက်ဝင်မည့် မီဒီယာများအတွက် လူမှုရေးအရတာဝန်ယူမှုရှိသော ကြော်ငြာမူဝါဒ နောက်ဆုံးမူကြမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုကြော်ငြာမူဝါဒများတွင် နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဆေးရွက်ကြီးနှင့် အရက်၊ တရားမဝင် လောင်းကစားနှင့် ထီ၊ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ၊ ကလေးသူငယ်များ၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ ဆေးဝါးများ၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ထုတ်ကုန်များကြော်ငြာခြင်း၊ ပိုင်ဆိုင်ခွင့်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အစရှိသည့် ခေါင်းစဉ် ၁၄ ခု ပါဝင်သည်။ ယင်းမူဝါဒများတွင် လူမှုရေးအရတာဝန်ရှိသော မီဒီယာများအပေါ် ပြည်သူများ၏ယုံကြည်မှုကို မြှင့်တင်စေရန်၊ ကြော်ငြာများနှင့်ပတ်သက်၍ တိုင်ကြားမှုများနှင့် အငြင်းပွားမှုများ လျော့ကျစေရန်နှင့် ဈေးကွက်အသားပေး စီးပွားရေးစနစ်တစ်ခု ပေါ်ပေါက်လာစေရန် ရည်ရွယ်သည်။[165] ၂၀၁၅ ခုနှစ် လူမှုရေးအရ တာဝန်ရှိသောမီဒီယာများ၏ ကြော်ငြာမူဝါဒအရ ဖြန့်ချိခြင်း၊ သို့မဟုတ် ထုတ်လွှင့်ခြင်းမပြုလုပ်မီ ကြော်ငြာများကို ကြိုတင်စီစစ်ရန် လိုအပ်သည်။ မူဝါဒကိုဖောက်ဖျက်ပါက မြန်မာကျပ်ငွေ ၅ သန်းနှင့်၊ သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထိကျခံရနိုင်သည်။

၂၀၁၄ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေသည် ကြော်ငြာနှင့်ပတ်သက်၍ ကန့်သတ်မှုအချို့ကို သတ်မှတ်ထားသည်။ ဥပဒေအရ စီးပွားရေးလုပ်ငန်းများသည် အောက်ပါ အချက်အလက်များကို မပြုလုပ်ရ။

- အချက်အလက်အမှားများဖြင့် ကြော်ငြာခြင်း။
- ထုတ်ကုန်၊ သို့မဟုတ် ဝန်ဆောင်မှုအား အသုံးပြုခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကို သတိပေးခြင်းမရှိဘဲ ကြော်ငြာခြင်း။
- သက်ဆိုင်သည့်ပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ် အခြေအနေတစ်ခုအား အမြတ်ထုတ်ထားသည့် ကြော်ငြာများ။
- လူမှုရေးကျင့်ဝတ်များ၊ သို့မဟုတ် ပြဌာန်းချက်များကို ဖောက်ဖျက်ထားသည့် ကြော်ငြာများ။ [166]

၂၀၀၇ ခုနှစ် ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်များသုံးစွဲမှု ဥပဒေတွင် မည်သည့်ပုံစံဖြင့်ဖြစ်စေ ဆေးရွက်ကြီးနှင့်ပတ်သက်သည့် ကြော်ငြာများ၊ ဆေးရွက်ကြီးထုတ်ကုန်များအား အသက် ၁၈ နှစ်၊ သို့မဟုတ် ၁၈ နှစ်အောက်ငယ်သောကလေးငယ်များအား ရောင်းချခွင့်မပြုပေ။[167]

164 Junk food advertisement targeted toward children, PowerPoint presentation, တင်ပြမှု ၁၆: Multilateral efforts to restrict or ban junk food advertising.

165 Ministry Unveils Final Draft of Advertisement Policies, Myanmar Business Today, ဇူလိုင် ၁၉ ရက် ၂၀၁၄။

166 Advertising & Marketing to Children: Global Report, DLA Piper, နိုဝင်ဘာ ၂၀၁၆၊ စာမျက်နှာ ၂၅၉။

167 Ibid, စာမျက်နှာ ၂၆၀။

## ကုမ္ပဏီများသို့ အကြံပေးချက်များ

ကလေးသူငယ်များအား ရည်ရွယ်၍ထုတ်လုပ်ထားသည့် အစားအစာနှင့် အရက်မပါသည့် ကုန်ပစ္စည်းများ အရောင်းမြှင့်တင်ခြင်းနှင့် သက်ဆိုင်သည့်ဥပဒေနှင့် ထိန်းချုပ်မှုများ မြန်မာနိုင်ငံတွင် မရှိသည့်အလျောက် ကုမ္ပဏီများအနေဖြင့် အောက်ပါတို့ကို လိုက်နာသင့်သည်။

- ကလေးသူငယ်များအား ရည်ရွယ်၍ထုတ်လုပ်ထားသည့် အစားအစာနှင့် အရက်မပါသည့် ကုန်ပစ္စည်းများ အရောင်းမြှင့်တင်ခြင်းအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း။
- အခြားသော ကမ္ဘာ့ကျန်းမာရေးအသင်းများ၏ ဈေးကွက်ထိုးဖောက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကိုပါ အခြေခံ၍ မူဝါဒတစ်ခု ဖော်ဆောင်ရန်။[168]
- ဆက်သွယ်ရေးနှင့် ဈေးကွက်ထိုးဖောက်ခြင်း (communication and marketing) တို့သည် ကလေးသူငယ်များအပေါ် ဆိုးကျိုးသက်ရောက်မှု မရှိစေရန် လုပ်ဆောင်ရမည်။ ယင်းတွင်-
    - ကုန်ပစ္စည်းများ၏ အညွှန်းစာများသည် ရှင်းရှင်းလင်းလင်း၊ တိတိကျကျနှင့် ပြည့်စုံမှုရှိရမည် ထိုသတင်းအချက်အလက်ပေါ် မူတည်၍ မိဘများနှင့် ကလေးငယ်များရွေးချယ်မှုများ ပြုလုပ်နိုင်ရမည်။
    - ကျောင်းများတွင် ကျန်းမာရေးနှင့် ညီညွတ်သော ထုတ်ကုန်များကိုသာ အရောင်းမြှင့်တင်မှု ပြုလုပ်ရမည်။
    - ဈေးကွက်မြှင့်တင်ခြင်းများတွင် ခွဲခြားဆက်ဆံမှုမရှိစေရ တို့ပါဝင်သည့်-

မိခင်နို့အစားထိုး ထုတ်ကုန်များ ထုတ်လုပ်နေသော၊ ဈေးကွက်ထိုးဖောက်နေသော သို့မဟုတ် ဖြန့်ချိနေသော ကုမ္ပဏီများ အနေဖြင့်-

- မြန်မာနိုင်ငံ၏ အမိန့်ညွှန်ကြားချက်ကို လိုက်နာရမည်။ ယင်းအမိန့်ညွှန်ကြားချက်သည် မြန်မာဘာသာစကားဖြင့်သာ ရှိသည့်အတွက် မြန်မာဘာသာစကား မတတ်ကျွမ်းသောဝန်ထမ်းများကို ညွှန်ကြားချက် အကြောင်းအရာများကို သိရှိနားလည်စေရန် လေ့ကျင့်မှုပေးထားရန်မှာ အလွန်အရေးကြီးသည်။
- ယင်းတို့ကို ဖြန့်ချိပေးနေသည့် အရောင်းစင်တာများနှင့် အခြားရောင်းချသူများသည်လည်း ထိုညွှန်ကြားချက် အကြောင်းကို သိရှိ၊ နားလည်ရမည်။ ထို့ပြင် မိခင်နို့အစားထိုးထုတ်ကုန်များကို ဈေးကွက်ထိုးဖောက်ခြင်းနှင့် ရောင်းချခြင်းနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိနားလည်ရန် လိုအပ်သည်။

168 Children’s Rights and Business Principles, UNICEF, the UN Global Compact, Save the Children.



## စည်းမျဉ်း ၇ – စီးပွားရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်၊ မြေယာရယူခြင်းနှင့်အသုံးပြုမှုတို့နှင့်သက်ဆိုင်သည့်ကလေးသူငယ်များ၏အခွင့်အရေးများကို အလေးထားပြီး ထောက်ပံ့ပေးရမည်။

ယခုအချိန်တွင် မြေယာနှင့်ပတ်သက်သည့်ဥပဒေသည် ခေတ်နှင့်မလျော်ညီဘဲ ပြင်ဆင်ရန် လိုအပ်လျက်ရှိပြီး ပြည်သူအများစုတွင် ၎င်းတို့၏မြေယာအခွင့်အရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ အပြည့်အစုံမရှိပေ။[169]

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး ကာလအစဖြစ်သော ၂၀၁၁ ခုနှစ်တည်းကပင် မြေယာသိမ်းဆည်းမှုများနှင့်သက်ဆိုင်သည့် မြေယာအငြင်းပွားမှုများနှင့် ဆန္ဒထုတ်ဖော်မှုများသည် စတင်ခဲ့သည်။ ယင်းအချိန်တည်းက အာဏာပိုင်များသည် လွတ်လပ်စွာထုတ်ဖော်မှုနှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်မှုများနှင့် ပတ်သက်၍ သည်းခံမှုကြီးကြီးဖြင့် တုန့်ပြန်ခဲ့သည်။ ထို့ကြောင့် ယခင်စစ်အစိုးရအုပ်ချုပ်စဉ်က ဖိနှိပ်မှုများကို ဆန္ဒထုတ်ဖော်ရန် လမ်းခင်းပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။ မည်သို့ပင်ဆိုစေကာမူ ယခုအချိန်ထိ ဖိနှိပ်ချုပ်ခြယ်မှုရှိသော ဥပဒေအချို့မှာ အသက်ဝင်နေဆဲဖြစ်ပြီး ၁၉၆၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စစ်အစိုးရလက်ထက်က အာဏာရှင်များ သိမ်းဆည်းခဲ့သည့် မြေယာကိစ္စများနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့သည့် လူအများစုမှာ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဆန္ဒပြမှုအများစုမှာ စီးပွားရေးအခွင့်အရေးအသစ်များ ဖြစ်ပေါ်နေသည့် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်နေသော အရပ်ဒေသများတွင် လယ်သမားနှင့် အခြားသူများထံမှ မြေယာများသိမ်းဆည်းသည့် မြေယာအမြတ်ထုတ်မှုများကြောင့် ဖြစ်သည်။

အစိုးရသည် ပုဂ္ဂလိကကဏ္ဍအခြေခံအဆောက်အဦးများနှင့် အခြားစီမံကိန်းများအတွက် မြေယာများသိမ်းယူခဲ့သောကြောင့် မိသားစုတစ်စုလုံးနှင့် ဒေသခံများမှ မြေယာဆုံးရှုံးပြီး ထိခိုက်မှုများလည်းဖြစ်ပေါ်ခဲ့သည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး မြေယာများသည် ၎င်းတို့၏အသက်ရှင်နေထိုင်မှုအတွက် မှီခိုစရာတစ်ခု ဖြစ်နေသည်။ တိုင်းရင်းသားလူမျိုးအများစုနေထိုင်သည့်နေရာများတွင် ဓလေ့ထုံးတမ်းစဉ်လာ အလေ့အထများဖြင့် မြေယာများစီမံခန့်ခွဲမှုများပြုလုပ်သောကြောင့် မြေယာသိမ်းဆည်းမှု ဖြစ်ပွားပါက ယင်းလူမျိုးစုတစ်ခုလုံးအပေါ်တွင် သက်ရောက်မှုများရှိနိုင်သည်။ မိသားစုအများစုသည် မြေယာအတွက် ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ထားသည့် စာရွက်စာတမ်းများ မရှိခြင်းကြောင့်  မြေယာသိမ်းဆည်းခံရမှုအန္တရာယ်နှင့် ကြုံတွေ့ကြရသည်။

မြေယာ (သို့မဟုတ်) အိမ်ယာများ ဆုံးရှုံးခြင်းကြောင့် ကလေးများအပေါ်တွင် မကောင်းသောအကျိုးဆက်များ ဖြစ်ပွားစေနိုင်သည်။ မြန်မာနိုင်ငံရှိ မိသားစုအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ၎င်းတို့မှာ အဓိကဝင်ငွေအတွက် မြေယာများအပေါ်တွင် မှီခိုနေရသည်။ မြေယာများသိမ်းဆည်းခံရပါက မိသားစု၏ အသက်မွေးဝမ်းကျောင်းများကို ထိခိုက်နိုင်ပါသည်။ ကျေးလက်ဒေသများတွင် အထူးသဖြင့် အိမ်ယာနှင့် မြေယာပိုင်ဆိုင်မှု လုံခြုံစိတ်ချရခြင်းသည် ဆင်းရဲမှုတာရှည်ခြင်းနှင့် စီးပွားရေးတိုးတက်မှုတို့အကြားတွင် ခြားနားမှုကဲ့သို့ ဖြစ်နေသည်။ အကယ်၍ မြေယာ၊ သို့မဟုတ် အိမ်ယာများကို ရောင်းချခြင်း၊ သို့မဟုတ် သိမ်းဆည်းခံရ၍ မိသားစုလိုက် ရွှေ့ပြောင်းခံရခြင်း၊ သို့မဟုတ် နေရာပြန်လည်ချထားခြင်းခံပါက ကျောင်းတက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စများအတွက် အနှောင့်အယှက် ဖြစ်စေနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်းများ၏ အပိုဒ်-၇ တွင် နိုင်ငံတကာစံနှုန်းများကို ကိုးကားထားသော်လည်း မြန်မာနိုင်ငံတွင် ပြီးပြည့်စုံသည့် နေရာပြန်လည်ချထားရေး ဥပဒေ၊ သို့မဟုတ် စည်းမျဉ်းများ မရှိသေးပေ။ နေရာသစ်များတွင် အများပြည်သူလိုအပ်သည့် ဝန်ဆောင်မှုများအဆင့်သင့် မဖြစ်သေးဘဲ မိသားစုများမှာ ရွှေ့ပြောင်းခြင်းခံနေရသည်။ အကယ်၍ ထိုနေရာများတွင်ကျောင်းများမရှိခဲ့ပါက ကလေးသူငယ်များ ကျောင်းတက်ခြင်းအား အနှောက်အယှက်ပေးနိုင်သည့်အတွက် ကလေးသူငယ်များအပေါ်တွင် သက်ရောက်မှုများ ရှိနိုင်သည်။ ထို့

169 See Briefing Paper: Land, MCRB, ဧပြီလ ၂၀၁၅ ခုနှစ်။

ကြောင့် ကလေးသူငယ်များသည်နောက်ထပ် ရွေးချယ်စရာလမ်းကြောင်း မရှိသည့်အခါ ကလေးသူငယ်အလုပ်သမားဘဝသို့ ရောက်ရှိသွားကြသည်။ ထိုအခြေအနေသို့ရောက်ရှိသွားလျှင် ဆုံးရှုံးသွားသော စာသင်ချိန်များကို ပြန်လည်အစားထိုး ရရှိနိုင်တော့မည်မဟုတ်ပေ။ ဥပမာအားဖြင့် တနင်္သာရီတိုင်း၊ ထားဝယ်မြို့တွင် ထားဝယ်မြို့ အထူးစီးပွားရေးဇုန်တည်ဆောက်ရန် မိသားစုများ၏မြေအား သိမ်းယူခံသောကြောင့် ထိုမိသားစုများမှာ ဝင်ငွေများဆုံးရှုံးသွားသဖြင့် ကလေးသူငယ်များ၏ ကျောင်းစရိတ်အား ဆက်လက်ပံ့ပိုးပေးနိုင်ခြင်း မရှိတော့ပါ။ မိသားစုဝင်ငွေကို ထောက်ပံ့ရန်အတွက် ကလေးငယ်များမှာလည်း ကျောင်းထွက်၍ အလုပ်များလုပ်နေရကြောင်း သတင်းရရှိခဲ့သည်။[170] ဆန္ဒမပါဘဲ ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ပါက ကလေးသူငယ်များသည် အရွယ်ရောက်သူများထက် အချိန်ကြာမြင့်စွာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ခံစားရနိုင်သည်။

ဥပဒေအရလျော်ကြေးငွေပေးသည်ဟုဆိုသော်လည်းမြန်မာနိုင်ငံတွင်ပြီးပြည့်စုံသောမြေယာပိုင်ဆိုင်သည့်အထောက်အထားများ မှတ်ပုံတင်ခြင်း၊ သို့မဟုတ် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုများအား အသိအမှတ်ပြုသည့် ဥပဒေများမရှိသဖြင့် မိသားစုများသည် လျော်ကြေးငွေမရရှိဘဲ ၎င်းတို့ပိုင်ဆိုင်သည့် မြေယာများသာဆုံးရှုံးနေသည်။ ထိုသို့ပြုလုပ်ခြင်းများကြောင့် အသက်မွေးဝမ်းကျောင်းများအပေါ် ရေတို၊ သို့မဟုတ် ရေရှည်သက်ရောက်မှုများ ရှိနေသည့်အပြင် ကလေးသူငယ်များသည် မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ခွင့်ရှိသည့် ၎င်းတို့အမွေများကိုလည်း လက်လွှတ်ဆုံးရှုံးနေရပါသည်။

## သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် ကလေးသူငယ် အခွင့်အရေး

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် အရင်းအမြစ်ကြွယ်ဝသည့် တိုင်းပြည်တစ်ခုဖြစ်သည်။ သို့သော် အချို့နေရာဒေသများတွင် မြေပြင်အနေထားအပေါ်မူတည်၍ ရေကောင်းရေသန့်ရရှိရေးနှင့်ပတ်သက်သည့် စိန်ခေါ်မှုများရင်ဆိုင်နေရသည်။ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများသည် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုနှင့် ဆားငန်ရေများဝင်ရောက်မှုနှင့် တွေ့ကြုံခဲ့သည်။ အညာဒေသများမှာလည်း မြေအောက်ရေ နိမ့်ကျခြင်းနှင့် မိုးခေါင်ရေရှားမှုများ စသည်အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံရှိ ဒေသအများစုမှာ နှစ်စဉ်နှစ်တိုင်းရေလွှမ်းမှုကို ရင်ဆိုင်နေရသဖြင့် ရေကောင်းရေသန့်ရရှိရန် ကြီးမားသည့် အခက်အခဲတစ်ခုဖြစ်နေသည်။[171]

မြန်မာနိုင်ငံတွင် ရှည်လျားသည့်ကမ်းရိုးတန်းများနှင့် ကျယ်ပြန့်သော မြစ်ဝကျွန်းပေါ်ဒေသများရှိခြင်းကြောင့် ရာသီဥတုဒဏ်ကိုခံနိုင်ရည် အားနည်းသည်။ ခြောက်သွေ့သောဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားပြီးနှင့် သဘာဝအရင်းအမြစ်များကိုလည်း မှီခိုနေရသည်။ ရာသီဥတုပြောင်းလဲမှု ဘေးအန္တရာယ်နှင့် လိုက်လျောညီထွေနေနိုင်မှုနှင့်ပတ်သက်၍ နိုင်ငံ ၁၇၆ နိုင်ငံကို စစ်တမ်းများပြုလုပ်ရာ မြန်မာနိုင်ငံသည် နံပါတ် ၁၆၇ ရရှိခဲ့သည်။ ရာသီဥတုပြောင်းလဲမှုနှင့် ထိတွေ့မှုများသော်လည်း ရာသီဥတုဘေးအန္တရာယ်များမှ စီမံခန့်ခွဲနိုင်စွမ်း အားနည်းမှုများရှိနေသေးကြောင်းသိရသည်။[172] မြန်မာနိုင်ငံတွင် အများဆုံးတွေ့ကြုံရသည့် ရာသီဥတုသက်ရောက်မှုများမှာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ဒီရေတောများ ဆုံးရှုံးခြင်း၊ မိုးခေါင်ရေရှားမှု၊ ဇီဝမျိုးကွဲများနှင့် စိမ့်မြေများကဲ့သို့သော ဂေဟစနစ်များပျက်စီးခြင်းနှင့် ကုန်းတွင်းသယံဇာများ ပျက်စီခြင်းတို့ဖြစ်သည်။[173] UNICEF၏ Child – Centred Risk Assessment အရ ရာသီဥတုပြောင်းလဲမှုဒဏ်၊ ကလေးသူငယ်များ ပင်ကိုယ်သဘာဝအားနည်းမှုနှင့် လူဦးရေထူထပ်ခြင်းတို့ကိုပေါင်းစည်းလိုက်ပါက ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းဒေသကြီးများတွင် ဘေးအန္တရာယ်အများဆုံး ဖြစ်နေကြောင်း တွေ့ရှိခဲ့ရသည်။[174]

170 'Children's Rights and Business Principles in ASEAN', MCRB presentation ဒီဇင်ဘာ ရက် ၂၀၁၅, Jakarta.
171 Situational Analysis of Children in Myanmar, UNICEF, ၂၀၁၂။
172 Myanmar Wakes Up to Climate Change, InterPress Service, မေ ၆ရက် ၂၀၁၄။
173 Interim Country Partnership Strategy: Myanmar, ၂၀၁၂-၂၀၁၄, Environmental Analysis, ADB Greater Mekong Subregion.
174 Myanmar Child-Centred Risk Assessment, UNICEF, ၂၀၁၅၊ စာမျက်နှာ ၁၉။

### လေးထောင့်ကွက် (၁၀)
### MCRB ၏ ကဏ္ဍအလိုက်သက်ရောက်မှု လေ့လာချက် (SWIAs) မှ မြေယာဆိုင်ရာကိစ္စများများနှင့် ပတ်သက်၍ တွေ့ရှိချက်များ။

- **ရေနံနှင့် သဘာဝဓာတ်ငွေ့ :** သုတေသနပြုလုပ်ခဲ့စဉ်တွင် ဒေသခံများ၏ပြောကြားချက်အရ အာဏာပိုင်များသည် မြေယာအသုံးချခွင့်၊ သို့မဟုတ် ပိုက်လိုင်းများ ချခြင်းတို့အတွက် ကြိုတင်သတင်းပေးခြင်း၊ သို့မဟုတ် တိုင်ပင်ဆွေးနွေးခြင်းများနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ခဲ့ခြင်းမရှိပါ။ ထို့အပြင် မြေယာ၊ သီးနှံနှင့် အိမ်ဆုံးရှုံးမှုများအတွက် ရရှိခဲ့သည့် လျော်ကြေးငွေများမှာလည်း လောက်ငှမှုမရှိသည့်အပြင် ရွှေ့ပြောင်းရာတွင်လည်း လုံလောက်သည့်အကူအညီများလည်း မပေးခဲ့ဟု တင်ပြခဲ့သည်။ [175]
- **ခရီးသွားလုပ်ငန်း :** ဟိုတယ်ဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ရေးအတွက် မြေယာများသိမ်းယူခဲ့သည်။ သို့သောဒေသခံများအား သင့်လျော်သည့်လျော်ကြေးများမပေးဘဲ နေရာပြောင်းရွှေ့ခြင်းခံရသောကြောင့် ၎င်းတို့၏ လူနေမှုဘဝများ ဆုံးရှုံးခဲ့ရသည်။ ခရီးသွားများအများအပြား လာရောက်လည်ပတ်သည့် နေရာများတွင် မြေယာလိုအပ်မှု မြင့်မားသဖြင့် မြေစျေးကစားမှုများ ရှိလာခဲ့သည်။ ထို့ကြောင့် ဒေသခံများနှင့် နောင်လာနောင်သားများအတွက် မြေစျေးများတက်လာခြင်းကြောင့် ဝယ်ယူနိုင်ခြင်း မရှိတော့ပေ။ [176]
- **သတ္တုတူးဖော်ခြင်းလုပ်ငန်း :** မြေယာပိုင်ဆိုင်မှု၊ လက်လုပ်မီးမှုနှင့် အသုံးချမှုတို့နှင့်ပတ်သက်သည့် ဆိုးရွားသည့်သက်ရောက်မှုများကို ကွင်းဆင်း သုတေသနပြုလုပ်မှုတွင် တွေ့ရှိခဲ့သည်။ ၎င်းတို့မူလနေထိုင်ခဲ့သည့် နေရာများမှ မြေယာအရည်အသွေးနှင့် ရွှေ့ပြောင်းနေထိုင်ရသည့် နေရာမှ မြေယာ အရည်အသွေးတို့မှာ တူညီခြင်းမရှိပေ။ စိုက်ပျိုးမြေ များကို ရောင်းချလိုက်ရသည့် ရွာသားများမှာလည်း နေ့စားအလုပ်သမားများ ဘဝသို့ရောက်ရှိခဲ့သည်။ ထို့အတူ နေရာအသစ်သို့ ပြောင်းရွှေ့ရခြင်းကြောင့် ၎င်းတို့၏သားသမီးများသည် မြေယာများကို လက်ဆင့်ကမ်းအမွေဆက်ခံ နိုင်ခြင်း မရှိတော့ပေ။ [177]

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ထုတ်ပြန်ချက်အရအသက်၅နှစ်အောက်ကလေးငယ်များသည်ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပွားသော ရောဂါများ၏ ၈၈ ရာခိုင်နှုန်းကို အများဆုံးခံစားနေရသည်ဟု သိရသည်။[178] ကျန်းမာရေးအပေါ် သက်ရောက်မှုများရှိနေသည့်အပြင် သဘာဝဘေးအန္တရာယ်များကြောင့် ကလေးသူငယ်များ၏ ပညာရေးနှင့် လုံခြုံမှုဆိုင်ရာ ရပိုင်ခွင့်များကို ဆုံးရှုံးနေရသည်။ နေရာထိုင်ခင်းများပျောက်ဆုံးခြင်း၊ ကလေးသူငယ်များလူကုန်ကူးခံရခြင်း၊ ဘေးအန္တရာယ်များသည့် ပတ်ဝန်းကျင်များနှင့် ပိုမိုထိတွေ့ရခြင်း၊ ထို့အပြင် သဘာဝဘေးအန္တရာယ်သက်ရောက်မှု၏ အကျိုးဆက်အဖြစ် ကလေးများသည် အန္တရာယ်များသည့် လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်ရသည့် အခြေအနေသို့ တွန်းပို့ခြင်းခံကြရသည်။ ကမ္ဘာ့အဝှန်းတွင် ရာသီဥတုပြောင်းလဲမှုနှင့် အာဆီယံဒေသတွင်း သစ်တောပြုန်းတီးမှုများ တိုးပွားလာသည်နှင့်အမျှ ရာသီဥတုနှင့် သက်ဆိုင်သည့်ဒေသတွင်း ဘေးအန္တရာယ် ဖြစ်ပွားမှုနှုန်းလည်းမြင့်တက်လာပြီး လူများ၏ နေထိုင်မှုဘဝ၊ စားနပ်ရိက္ခာလုံလောက်မှုနှင့် ကျန်းမာရေးစသည်တို့ကို ထိခိုက်နိုင်ကြောင်း အထူးသဖြင့် ကလေးများ အပေါ်တွင်သက်ရောက်နိုင်ကြောင်း ခန့်မှန်းရသည်။[179]

175 Myanmar Oil and Gas Sector Wide Impact Assessment, MCRB/IHRB/DIHR, စက်တင်ဘာ ၂၀၁၄၊ စာမျက်နှာ ၁၀၉-၁၁၂ Oil and Gas Scoping Study, UNICEF Extractive Pilot, ၂၀၁၅ ကိုလည်းရှု။

176 Myanmar Tourism Sector Wide Impact Assessment, ဖေဖော်ဝါရီ ၂၀၁၅၊ စာမျက်နှာ ၁၃၂

177 Myanmar draft Mining Sector Wide Impact Assessment on Limestone, Gold and Tin, နိုဝင်ဘာ ၂၀၁၆. Children's Rights and the Mining Sector, UNICEF Extractive Pilot, ၂၀၁၅ ကိုလည်းရှု။

178 Institue of Phillippine Culture and Save the Children (2014), Child Rights Situation analysis- Philliphines

179 Myanmar Child-Centred Risk Assessment, UNICEF, ၂၀၁၅၊ စာမျက်နှာ ၅၂-၅၃။



### လေးထောင့်ကွက် (၁၁)
### MCRB ၏ ကဏ္ဍအလိုက်သက်ရောက်မှု လေ့လာချက်(SWIAs)မှ ကလေးများအပေါ် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုများနှင့် ပတ်သက်၍ တွေ့ရှိချက်များ

**ခရီးသွားလုပ်ငန်း** : ရာသီဥတုပြောင်းလဲမှုနှင့် ခရီးသွားလုပ်ငန်းအကြားဆက်နွယ်မှုကို သတိပြုမိလာကြသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် မော်တော်ယာဉ်နှင့် လေကြောင်းလိုင်း သွားလာမှုများပိုမိုများပြားလာသောကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များထုတ်လွှတ်ခြင်း၊ လေအေးပေးစက်၊ အပူပေးစက်များအတွက် လျှပ်စစ်အသုံးပြုမှုတို့ကြောင့် ရာသီဥတုများပြောင်းလဲလာ၍ ကလေးသူငယ်များအား သက်ရောက်မှုများရှိနေသည်။

ခရီးသွားလုပ်ငန်းများကြောင့် ကလေးသူငယ်များအား အောက်တွင်ဖော်ပြထားသည့် အနုတ်သဘောဆောင်သည့် တိုက်ရိုက် ထိခိုက်မှုများအား ရှိနေသည်။

- ဟိုတယ်များမှစွန့်ပစ်လိုက်သည့် ရေဆိုးရေညစ်များကြောင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များထိခိုက်ပြီး ကလေးသူငယ်များအပါအဝင် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုတို့နှင့်ပတ်သက်၍ ထိခိုက်မှုများဖြစ်စေသည်။
- ဟိုတယ်များတွင် ရေကူးကန်များနှင့် ဂေါက်ကွင်းများအတွက် မြေအောက်ရေများ အသုံးပြုမှုကြောင့် ကလေးသူငယ်များ အပါအဝင် ဒေသခံလူများ၏ ရေရရှိမှုပမာဏကို ထိခိုက်စေသည်။
- ဟိုတယ်ဇုန်များတွင် မြေများအသုံးပြုခြင်းကြောင့် သစ်တောများပြုန်းတီးမှုနှင့် ကမ်းရိုးတန်းဒေသများတွင် အခြားခရီးသွား လုပ်ငန်းများဖွံ့ဖြိုးရန် လုပ်ဆောင်မှုတို့ကြောင့် သီးနှံများရရှိမှုနှင့် ကမ်းလွန်ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်မှုတို့ကို ထိခိုက်မှုများရှိစေသည်။

**ရေနံနှင့် သဘာဝဓါတ်ငွေ့:** MCRB ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ကဏ္ဍအလိုက်သက်ရောက်မှု လေ့လာချက်များ[180]မှ တွေ့ရှိချက်များအရ ဤကဏ္ဍသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများရှိနေသောကြောင့် ပတ်ဝန်းကျင်ရှိ ကလေးသူငယ်များ အပါအဝင်ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းများကို ထိခိုက်လျက်နေကြောင်း သိရှိခဲ့ရသည်။

- စီမံကိန်းများတည်ဆောက်မှုကြောင့် ဒေသခံများပိုင်ဆိုင်သည့် ရေရင်းမြစ်များပျက်စီး၍ ရေရရှိမှုကို ထိခိုက်စေခြင်း။
- သောက်သုံးရေ ရရှိသည့် နေရာများတွင် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း။
- စွန့်ပစ်ပစ္စည်းများ ယိုဖိတ်မှုကြောင့် စိုက်ပျိုးသီးနှံ ထုတ်လုပ်မှုကို ထိခိုက်ခြင်း။
- လုပ်ငန်းခွင်နှင့် လမ်းမပေါ်တွင် ယာဉ်အများအပြား ဖြတ်သန်းမှုကြောင့် ဖုန်ထူထပ်ခြင်း။

**သတ္တုတူးဖော်ခြင်း :** သတ္တုတူးဖော်ခြင်းကြောင့် ဖြစ်ပွားသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများမှာ ဖုန်ထူထပ်ခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ဂေဟစနစ်နှင့် ဇီဝမျိုးကွဲများအပေါ် သက်ရောက်သည့်ဆိုးကျိုးများ၊ သတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများဖြစ်သည့် ဆိုင်ယာနိုဒ်၊ စိန်၊ ဆာလ်ဖျူရစ်အက်ဆစ်၊ ပြဒါးနှင့် အခြားသောသတ္တုများအသုံးပြုမှုကြောင့် မြေဆီလွှာနှင့် မြေပေါ်မြေအောက်မှ ရေရင်းမြစ်များ ညစ်ညမ်းခြင်းတို့ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ခန္ဓာကိုယ်ဖွံ့ဖြိုးဆဲဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှု မပြည့်စုံသေးသည့် ကလေးငယ်များသည် လူကြီးများနှင့် နှိုင်းယှဉ်လျှင် သတ္တုတူးဖော်မှုကြောင့် သက်ရောက်မှုများဖြစ်သည့် ရေ၊ လေနှင့် မြေဆီလွှာ ညစ်ညမ်းမှုများကို ပိုမိုခံစားနေရသည်။[181] MCRB မှ တွေ့ရှိသည့်ကွင်းဆင်းလေ့လာမှုများအရ မြန်မာနိုင်ငံရှိ ကလေးသူငယ်များသည် သတ္တုတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုဒဏ်များကို ခံစားနေရသည်။

- သတ္တုတူးဖော်ရေးလုပ်ငန်းခွင်များတွင် ကလေးသူငယ်များသည် ပြဒါးနှင့် အခြားသောဓာတုပစ္စည်းများကို ရွှေကျင်ရာတွင် အသုံးပြုကြသည်။ ၎င်းမှ ရရှိသည့် စွန့်ပစ်ပစ္စည်းများကို လူအများမှ ရေချိုးခြင်း၊ ရေကူးခြင်း၊ ငါးဖမ်းခြင်းတို့ ပြုလုပ်သည့် ရေအရင်းအမြစ်ဖြစ်သည့် ချောင်းငယ်အနီးတွင် စွန့်ပစ်ကြသည်။

180 ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအလိုက်သက်ရောက်မှုများလေ့လာဆန်းစစ်ခြင်း MCRB/IHRB/DIHR, ၂၀၁၄၊ အပိုင်း ၄.၈ စာမျက်နှာ ၁၆၇။
181 Mining Sector Wide Impact Assessment, MCRB/IHRB/DIHR, မူကြမ်း၊ ၂၀၁၆၊ စာမျက်နှာ ၁၂၈။

## သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် ဥပဒေများ

ကလေးသူငယ်အခွင့်အရေး သဘောတူညီချက် (CRC) ၏ အပိုဒ်ခွဲ ၂၇ အရ ကလေးသူငယ်တိုင်းသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သင့်တင့်မျှတသည့် နေထိုင်မှုပုံစံရရှိသင့်သည့် အခွင့်အရေးရှိသည်။ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံတွင် 'နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ရန်နှင့် ထိန်းသိမ်းရန်'ဟု ကတိကဝတ်များရှိသည်။ ပုဒ်မ ၃၉၀ (ခ)တွင် 'နိုင်ငံသားတိုင်းတွင် အောက်ပါအချက်အလက်များကို လုပ်ဆောင်ရန်အတွက် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်'ဟု ပြဋ္ဌာန်းထားသည်။

a) ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်။

b) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန်။

c) လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်။

d) အများပိုင် ပစ္စည်းများ ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။

လွန်ခဲ့သည့်နှစ်များတွင် မြန်မာနိုင်ငံအစိုးရသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မူဘောင်များအကောင်အထည်ဖော်ရန် ကြိုးစားခဲ့သည်။ ၂၀၁၂ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတွင် စီးပွားရေးလုပ်ငန်းများအတွက် ဖော်ပြချက်များပါရှိသော်လည်း ကလေးသူငယ်များနှင့်သက်ဆိုင်သည့် အသေးစိတ်ပြဋ္ဌာန်းချက်များ မပါရှိပေ။[182] အမျိုးသားသဘာဝပတ်ဝန်းကျင် မူဝါဒ မူကြမ်းတွင် "ကျား၊ မ ခွဲခြားဆက်ဆံမှု မရှိစေရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များအား သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုများတွင် လွတ်လပ်ခွင့်နှင့် လုပ်ပိုင်ခွင့်ပေးရန် စသည့်အချက်များ ပါရှိသည်။" [183]

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဥပဒေနှင့် စည်းမျဉ်းများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အဆိပ်အတောက်များကြောင့် ကလေးသူငယ်များအပေါ် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများနှင့်သက်ဆိုင်သည့် လိုအပ်ချက်များ ထည့်သွင်းစဉ်းစားထားခြင်း မရှိချေ။ 'ပညာရေး' ကို EIA လုပ်ထုံးလုပ်နည်းတွင် ထည့်သွင်းဖော်ပြထားသော်လည်း ကလေးသူငယ်များမှာ ပါဝင်ခြင်းမရှိပေ။

၂၀၁၄ ခုနှစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး စည်းမျဉ်းအခန်း ၃၊ ပုဒ်မ ၇ တွင် မြန်မာနိုင်ငံရှိကျောင်းများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာများကို ပညာပေးရန် မီးမောင်းထိုးဖော်ပြထားသည်။[184]

## ကုမ္ပဏီများအတွက် အကြံပေးချက်များ

ပိုင်ဆိုင်မှုရှင်းရှင်းလင်းလင်း ပြသနိုင်မှုမရှိခြင်း၊ အချို့ဒေသများတွင် ရွှေပြောင်းတောင်ယာစိုက်ပျိုးမှု များပြားလာခြင်း၊ မြေယာမဲ့ဖြစ်ရမှု မြင့်တက်လာခြင်းတို့ကြောင့် ကုမ္ပဏီများ၏လုပ်ငန်းများကြောင့် မိသားစုများသည် လျော်ကြေးငွေများ မရရှိဘဲ ထိခိုက်မှုများ ခံစားရနိုင်သည်။ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများလည်ပတ်ရာတွင် တတ်နိုင်သမျှ ရွှေ့ပြောင်းနေရာချထားမှုများ မဖြစ်စေရန်၊ သို့မဟုတ် ရွှေ့ပြောင်းနေရာချထားမှုများတွင် ကူညီပေးရန် လိုအပ်သည်။

- မြေယာကိစ္စပိုင်ဆိုင်မှုများကို သေချာစွာစစ်ဆေးရန်နှင့် မြေယာအသုံးပြုမှုကြောင့် ဖြစ်နိုင်ချေရှိသော အန္တရာယ်နှင့် သက်ရောက်မှုများကို ဖော်ထုတ်ရန်။
- မြေယာပိုင်ဆိုင်မှုများကို စစ်ဆေးရာတွင် ကလေးသူငယ်များ (အထူးသဖြင့် မိန်းကလေးများ) အတွက် ဓလေ့ထုံးတမ်းနှင့်အညီ လုပ်ကိုင်နေသော မြေများ၊ ဘိုးဘွားပိုင် မြေပိုင်ဆိုင်မှုဆက်ခံခွင့် ဥပဒေများနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးရန်။ ဥပမာအားဖြင့် အမျိုးသားဆွေမျိုးများ (သို့မဟုတ်) ရပ်ရွာလူထုအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များသည် အမျိုးသမီးများနှင့် ကလေးသူငယ်များသာ ကျန်ရှိသောအိမ်ထောင်စုများ၏ အခွင့်အရေးကို လုယူတတ်ကြသည်။ အိမ်ထောင်စုကိုဦးဆောင်နေရသော ကလေးငယ်များသည် ၎င်းတို့ ပိုင်ဆိုင်ခွင့်ရှိသည့် အမွေအနှစ်များကို ၎င်းတို့၏ မိသားစုဝင်များ (သို့မဟုတ်) ရပ်ရွာလူထုအသိုင်းအဝိုင်းမှ လူများ၏ လုယူခြင်းကို ခံစားရနိုင်သည်။

182 Environmental Conservation Law, အမှတ် ၉/၂၀၁၂။

183 နိုဝင်ဘာ ၂၀၁၆ ဆွေးနွေးမှုမူကြမ်း။

184 Environmental Conservation Rules.

- ပြဿနာများကိုတက်နိုင်သမျှ အဆင့်ဆင့်လျှော့ချနိုင်ရန်အတွက် (ရှောင်ဖယ်ခြင်း၊ နည်းနိုင်သမျှနည်းအောင်လုပ်ဆောင်ခြင်း၊ လျော်ကြေးပေးခြင်း) တို့ကို ကျင့်သုံး၍ မြေယာပေါ်တွင် သက်ရောက်မှုနည်းနိုင်သမျှ နည်းအောင်လုပ်ဆောင်ရန်။ ဆိုလိုသည်မှာ လုပ်ငန်းလည်ပတ်မှုကြောင့် မြေယာများပေါ်တွင်ဖြစ်ပေါ်လာသည့် ခြေရာများကို နည်းနိုင်သမျှနည်းစေရန်အတွက် လုပ်ငန်းအတွက်အသုံးပြုခြင်း မရှိတော့ပါက မြေယာများကို ပြန်လည်အပ်နှံရန်၊ လုံးလုံးလျားလျားဝယ်ယူခြင်းထက် မြေငှားခြင်းကဲ့သို့သော နည်းလမ်းများရှာဖွေရန် (အကယ်၍ ဥပဒေနှင့် မြေအမျိုးအစားသတ်မှတ်ချက်များမှ ခွင့်ပြုလျှင်)။ မြေယာများငှားရမ်းခြင်းကြောင့် မိသားစုများသည်တည်ငြိမ်သည့် ပုံမှန်ဝင်ငွေရရှိစေရုံသာမက ကလေးသူငယ်များအတွက်လည်း အကျိုးရှိစေသည်။ မိသားစုများအား ငွေတစ်လုံးတစ်ခဲတည်းရရှိခြင်းနှင့် ကလေးသူငယ်များ အမွေဆက်ခံပိုင်ခွင့်ရှိသည့် မြေယာများ ဆုံးရှုံးရခြင်းတို့အကြားတွင် ဖြစ်ပေါ်နိုင်သည့် ရွေးချယ်မှုများမှလည်း ကာကွယ်ပေးနိုင်သည်။
- မြေယာရရှိရေး/အသုံးချရေးနှင့် ပတ်သက်သည့် ဆွေးနွေးတိုင်ပင်မှုများတွင် ကလေးသူငယ်နှင့်လူငယ်များအား ပါဝင်လာနိုင်ရန် အားပေးသင့်သည်။ ထို့ကြောင့် ၎င်းတို့သည် မြေယာအသိမ်းခံရခြင်းကြောင့် နောင်တစ်ချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများနှင့်ပတ်သက်၍ ၎င်းတို့၏အမြင်ကို ဖော်ပြနိုင်မည် ဖြစ်သည်။
- လူမှုစီးပွားရေးနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကိုကောက်ယူခြင်းဖြင့် မူလအခြေအနေအတိုင်း အသက်မွေးဝမ်းကျောင်းများရရှိရန်နှင့် နေရာပြန်လည်ချထားရေး လုပ်ငန်းများလုပ်ဆောင်မှုများတွင် ကလေးများ၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်သည်။ ထိုသို့ကောက်ခံရာတွင် အိမ်ထောင်တစ်ခုအတွင်း ယောကျ်ားလေးများနှင့် မိန်းကလေးများသည် မိရိုးဖလာနှင့် တရားဝင်မဟုတ်သည့်လုပ်ငန်းများတွင် မည်သို့လုပ်ကိုင်ရှာဖွေပြီး ၎င်းတို့၏မိသားစုအား ပံ့ပိုးနေပုံနှင့် ထုတ်လုပ်မှုများတွင် မည်သို့ လုပ်ကိုင်နေကြောင်း အစရှိသည့်အချက်အလက်များ ပါဝင်သင့်သည်။

**ပြောင်းရွှေ့နေရာချထားခြင်းများကို ရှောင်လွှဲ၍မရပါက**

- မြေယာရယူခြင်း ၎င်းနှင့်ဆက်စပ်သော နေရာပြောင်းရွှေ့ချထားခြင်း (သို့မဟုတ်) အစိုးရ၏ ပြောင်းရွှေ့ နေရာချထားမှုတို့ကို ပံ့ပိုးရန်၊ "မြေယာရယူခြင်း သက်ဆိုင်သူတို့၏ သဘောဆန္ဒမပါပဲ ပြောင်းရွှေ့နေရာချထားခြင်း"နှင့် သက်ဆိုင်သော IFC စွမ်းဆောင်ရည် စံနှုန်းအမှတ်(၅)[185]ကဲ့သို့သော နိုင်ငံတကာစံနှုန်းများ အတိုင်း ဆောင်ရွက်ရမည်။ မြန်မာနိုင်ငံကဲ့သို့ ရှုပ်ထွေးသည့်အခြေအနေများတွင် ပြောင်းရွှေ့နေရာချထားမှုများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍအတွက် မြေယာသိမ်းဆည်းမှုအတွက် ချမှတ်ထားသည့် အခြားသော လမ်းညွှန်ချက်များကို လိုက်နာရန်လိုအပ်သည်။[186] ယင်းတို့တွင် ပြောင်းရွှေ့ခံထားရသော အိမ်ထောင်စုများ၏ စီးပွားရေးနှင့်ပတ်သက်သည့် လူမှုဘဝများမှာ မူလအတိုင်းပြန်လည်ရရှိခြင်း၊ သို့မဟုတ် ပိုမိုကောင်းမွန်ရန်လိုအပ်သည်ဟု ပါရှိသည်။
- ပြောင်းရွှေ့နေရာချထားခြင်းခံရသော မိသားစုများနှင့် ကလေးသူငယ်များအား လုံလောက်သည့် အိမ်နေရာထိုင်ခင်း၊ သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် အခြေခံဝန်ဆောင်မှုများ ရရှိစေရန် ဆောင်ရွက်ပေးရမည်။ နေရာသစ်များသို့ ပြောင်းရွှေ့နေရာချထားရာတွင်လည်း ကလေးငယ်များအား ကျောင်းနေခွင့်ရစေရန် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများ ရရှိစေရန် ပံ့ပိုးပေးရမည်။
- ဒေသခံများအပေါ် မြေယာသိမ်းယူခြင်းနှင့် ပြောင်းရွှေ့နေရာချထားခြင်းများမှ ဖြစ်ပေါ်စေနိုင်သည့် ရေရှည်ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချပေးနိုင်မည့် ကနဦးကလုပ်ဆောင်မှုများကိုဖန်တီးခြင်း၊ သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။ ယင်းတွင် ဒေသခံများထုတ်လုပ်သည့် ပစ္စည်းများကိုဝယ်ယူခြင်း၊ စာချုပ်များချုပ်ဆို၍ လယ်ယာစိုက်ပျိုးခြင်း၊ ငွေကြေးများထုတ်ချေးခြင်း၊ ဒေသခံများအားအလုပ်ခန့်ခြင်း၊ နည်းပညာအသစ်များနှင့် အခြေခံအဆောက်အအုံများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံခြင်း။

185 Environmental and Social Performance Standards and Guidance Notes , International Finance Corporation.

186 ဥပမာ အနေဖြင့် http://www.landesa.org/what-we-do/ripl/, Interlaken Group နှင့် Operational Guidelines for Responsible Land-Based Investment Responsible Land-Based Investment, USAID, ၂၀၁၅

ကလေးသူငယ်များအတွက် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုကဲ့သို့သော လူမှုရေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်၊ ရယူခွင့်ရှိစေရန်နှင့် လုံလောက်မှုရှိစေရန် တို့ပါဝင်သည်။

စီးပွားရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အပေါ် သိသာထင်ရှားစွာ ထိခိုက်မှုများရှိနိုင်သည့် စီမံကိန်း များကို လုပ်ကိုင်ရာတွင် ကနဦးပတ်ဝန်းကျင်စစ်ဆေးမှု(IEE)သို့ EIA ကို ဆောင်ရွက်ရန်လိုအပ်သည်။

- ကလေးသူငယ်များအပေါ် စီမံကိန်းများမှ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ သက်ရောက်နိုင်သော သက်ရောက်မှုများကို လေ့လာဆန်းစစ်ရာတွင် (ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးရမည့်) အပြင် အနာဂတ်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲခြင်းတို့ပြုလုပ်ရာတွင်လည်း ကလေးများ ပါဝင်အောင် လုပ်ဆောင်သင့်သည်။ ကုမ္ပဏီများမှ ကလေးသူငယ်များအပေါ် အောက်ပါသက်ရောက်မှုများ ရှိနိုင်သည်။
    - ရေ၊ မြေဆီလွှာနှင့် လေထုအပါဝင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကြောင့် တိုက်ရိုက်ထိခိုက်ခြင်း (သို့မဟုတ်)
    - ရေ၊ မြေနှင့် သီးနှံကဲ့သို့ သဘာဝရင်းမြစ်များကို လျော့ပါးအောင် ပြုလုပ်ခြင်း၍ သွယ်ဝိုက်စွာထိခိုက်ခြင်း။

စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုကို ထိခိုက်စေနိုင်သည့် မီးခိုးထုတ်လွှတ်မှုနှင့် ရာသီဥတုပြောင်းလဲစေသော လုပ်ငန်းများလည်ပတ်ခြင်းကို လျှော့ချပေးရန်လိုအပ်သည်။ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်သော ကုမ္ပဏီများအနေဖြင့် ရေရှည်နည်းဗျူဟာများရေးဆွဲခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုနှင့်ပတ်သက်၍ ပန်းတိုင်များချမှတ်ခြင်း၊ ၎င်းတို့ကြောင့်ဖြစ်ပေါ်လာနိုင်သည့်ရာသီဥတုပြောင်းလဲမှုသက်ရောက်မှုများကိုလျှော့ချနိုင်သည့်အစီအစဉ်များရေးဆွဲ၍အကောင်အထည်ဖော်သင့်သည်။ ယင်းအစီအစဉ်များကို စက်မှုလုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံအစိုးရ၏ မူဝါဒများနှင့်အညီလည်း ဆောင်ရွက်သင့်သည်။

**စည်းမျဉ်း (၈)**

**လုံခြုံရေး စီမံမှုများ**

**မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများနှင့် ကလေးသူငယ်များ**

# စည်းမျဉ်း ၈ – စီးပွားရေးလုပ်ငန်းများအားလုံးသည် ကလေးသူငယ်များ၏ လုံခြုံရေးစီမံမှုနှင့် ပတ်သက်သော အခွင့်အရေးများကို အလေးထားပံ့ပိုးပေးရမည်။

မြန်မာနိုင်ငံတွင် ကလေးစစ်သားများခန့်အပ်ခြင်းနှင့် အသုံးပြုခြင်းကို တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အသုံးပြုခဲ့ကြောင်း နှစ်ဖက်လုံးတွင် သမိုင်းကြောင်းရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ သဘောတူညီချက် အမှတ် ၁၈၂ အရ ယင်းမှာ အဆိုးရွားဆုံးသော ကလေးအလုပ်သမား ပုံစံဖြစ်သည်။ အထူးသဖြင့် စာမတတ်၍၊ ဆင်းရဲသော ယောကျ်ားငယ်လေးများကို တပ်မတော်အရာရှိများနှင့် အရပ်သားပွဲစားများဦးဆောင်၍ ရည်ရွယ်ချက်ရှိရှိ ပုံစံဖျက်၍သော်လည်းကောင်း၊ လိမ်လည်၍သော်လည်းကောင်း ဖိအားပေး၍ သော်လည်းကောင်း ခေါ်ယူခဲ့သည်။

အစိုးရနှင့်ကုလသမဂ္ဂတို့သည် ဇွန်လ ၂၀၁၂ ခုနစ်တွင် ကလေးစစ်သားစုဆောင်းရေးနှင့် အသုံးပြုရေးကို ရပ်တန့်ရန် နှစ်ဦးသဘောတူ လုပ်ဆောင်မှုအစီအစဉ် (JAP) ကို လက်မှတ်ရေးထိုးခဲ့သည်။ ကလေးသူငယ်များ စုဆောင်းမှုမှာ လျော့ကျသွားသော်လည်း ကလေးစစ်သားများမှာ ယင်းတို့၏ လက်ရှိရာထူးများတွင် ဆက်လက်ရှိနေဆဲ ပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပဋိပက္ခများဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဖက်မှ ကလေးစစ်သားစုဆောင်းမှုနှုန်းမှာ ပိုမိုများပြားလာသည်။[187] ကုလသမဂ္ဂအဖွဲ့သည် စစ်ဖက် ဆိုင်ရာအဖွဲ့အစည်းနှင့် လက်နက်ကိုင်အဖွဲ့အစည်း နှစ်ဖက်စလုံးမှ ပဋိပက္ခများတွင် ကလေးသူငယ်များကို အသုံးချခြင်းမှ ကာကွယ်ရန်အတွက် အနာဂတ်တွင်ပြင်ဆင်သွားမည့် ကလေးသူငယ်ဥပဒေတွင် ထိုကဲ့သို့ လုပ်ဆောင်ခြင်းသည် ရာဇဝတ်မှုမြောက်ကြောင်းပြဌာန်းရန် အကြံပြုထားသည်။[188]

ပြည်တွင်းစစ်ပဋိပက္ခကြောင့် ကလေးသူငယ်များသည် ဆိုးကျိုးများကို နည်းလမ်းပေါင်းစုံဖြင့် ခံစားနေရသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စစ်ပွဲများကြောင့် ထောင်ချီသော ကလေးငယ်များသည် မိသားစုလိုက် ရွှေ့ပြောင်းနေထိုင်မှုများ ပြုလုပ်နေရပြီး လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများထံမှ အကူအညီများကို ရရှိရန် ဒေသဆိုင်ရာအာဏာပိုင်များမှ ပိတ်ပင်ထားသည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနစ် လူမျိုးရေးပဋိပက္ခကြောင့် လူတစ်သိန်းနှစ်သောင်းခန့်သည် ပြောင်းရွှေ့နေထိုင်နေရပြီး အများစုမှာ မူဆလင် ရိုဟင်ဂျာများ ဖြစ်ကြသည်။[189] လက်တလောတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့်တိုက်ခိုက်မှုများကြောင့် ရွှေ့ပြောင်းမှုများ ပိုမိုလာပြီး လူသားချင်းစာနာထောက်ထားသူအဖွဲ့များက ကလေးသူငယ်များသည် ဝေဒနာပြင်းထန်စွာခံစားရသည့် အာဟာရချို့တဲ့မှုများ ခံစားနေရသည့်အတွက် စိုးရိမ်ပူပန်မှုများရှိနေသည်။[190] UNICEF၏ အစီရင်ခံစာအရ ထိုဒေသများတွင် ယခုဖြစ်ပွားနေသည့် ကာလရှည်ပြည်တွင်းစစ်ဘေး ရှောင်ရှားမှုများကြောင့် ကလေးသူငယ်များအား အကြမ်းဖက်မှု၊ အလွဲသုံးစားလုပ်မှု၊ လျစ်လျူရှုမှုများအပြင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ၊ လူကုန်ကူးမှုများနှင့် အရွယ်မတိုင်ခင် လက်ထပ်ခြင်းအစရှိသည့် အန္တရာယ်များဖြစ်စေနိုင်သည်။ တပ်မတော်နှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဖမ်းဆီးချုပ်နှောင်မှုများ၊ ကလေးသူငယ်များအား ခန္ဓာကိုယ်ချို့ယွင်းစေခြင်း၊ သို့မဟုတ် သတ်ပစ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဆေးရုံများ၊ ကျောင်းများကိုတိုက်ခိုက်ခြင်းများ ဖြစ်ပွားနေသည်ဟု သတင်းပို့မှုများရှိခဲ့သည်။[191] အကောင်းဖက်မှ ကြည့်မည်ဆိုလျှင် ၂၀၁၅ ခုနစ်တွင် အမျိုးသားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) တွင် ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့ ၈ ဖွဲ့မှ လက်မှတ်ရေးထိုးခဲ့ပြီး ပဋိပက္ခများနှင့် ကလေးသူငယ်များနှင့် သက်ဆိုင်သော ပြဌာန်းချက်များ ပါဝင်သည်။

187 'Myanmar briefing မတ် ၂၀၁၆, Ongoing underage recruitment and use by the Myanmar Military and Non State Armed Groups'.

188 Office of the Special Representative of the Secretary General for children and armed conflict, Myanmar, ဧပြီ ၂၀ရက် ၂၀၁၆။

189 ဥပမာအားဖြင့် 'Concerned by recent violence in Myanmar, UN aid chief calls for stronger humanitarian action', UN News Centre, အောက်တိုဘာ ၁၄ ရက် ၂၀၁၆။ မြန်မာအစိုးရအနေဖြင့် ရိုဟင်ဂျာဟူသော အသုံးအနှုန်းကို လက်မခံကြောင်း သိရှိပါသည်။

190 'UNICEF statement on grave risks to children in Rakhine State, Myanmar', နိုဝင်ဘာ ရရက် ၂၀၁၆။

191 Child Protection Overview, UNICEF Myanmar.

အဓမ္မစေခိုင်းမှုများသည် မြန်မာနိုင်ငံတွင် ကာလရှည်ဖြစ်နေသည့် ပြဿနာတစ်ခုဖြစ်နေသည်။ စစ်ဖက်နှင့် အရပ်ဖက် အာဏာပိုင်များအနေဖြင့် ကလေးသူငယ်များအပါအဝင် အရပ်သားများကို သောင်းကျန်းသူတိုက်ဖျက်ရေး စစ်ဆင်ရေးများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးများတွင် အတင်းအဓမ္မစေခိုင်းမှုများအတွက် မကြာခဏ အသုံးချလေ့ရှိသည်။ မြန်မာ့တပ်မတော်ဖက်မှ အဓမ္မစေခိုင်းမှုများလျော့နည်းသွားပြီ ဖြစ်သော်လည်း ယင်းအလေ့အကျင့်သည် ပြည်တွင်းပဋိပက္ခများဖြစ်ပွားနေသော ဒေသများတွင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ၂၀၁၂ခုနှစ်၊ မတ်လတွင် လွှတ်တော်မှ ခရိုင်၊ သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ထုတ်ပြန်ခဲ့ပြီး အတင်းအဓမ္မ စေခိုင်းသူ မည်သူကိုမဆို ရာဇဝတ်သားအဖြစ် ထောင်ဒဏ်နှင့်ငွေဒဏ်များ ချမှတ်နိုင်သည်။[192] သို့သော် အထက်တွင် ဖော်ပြထားသည့်အတိုင်း ယင်းဥပဒေသည် ကလေးသူငယ်များ အပေါ် အဓမ္မစေခိုင်းမှုအား လက်တွေ့တွင် တားမြစ်ထားခြင်း မရှိပေ။

## ပုဂ္ဂလိကကဏ္ဍများ လုပ်ငန်းလည်ပတ်နေခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့်လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ

ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်း လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများကြောင့် ကလေးသူငယ်များအပေါ် သိသာသော သက်ရောက်မှုများရှိနေသည်။ ယင်းဇရိယာများပြင်ပ၌ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းလည်ပတ်မှုများကြောင့် ကလေးသူငယ်များအပေါ် လုံခြုံရေးသက်ရောက်မှုတစ်ခု ရှိနိုင်သည်။ ကုမ္ပဏီများဆောင်ရွက်မှုများအပေါ် ဒေသခံအဖွဲ့များမှ ဆန္ဒပြမှုများ တိုးပွားလျက်ရှိသည်။ အစိုးရလုံခြုံရေးများမှ အင်အားအလွန်အကျွံ အသုံးပြုခြင်းကြောင့် မကြာသေးမီက ဖြစ်ပွားခဲ့သည့် အများသိအမှုကိစ္စများသည် ကလေးသူငယ်များအပါအဝင် လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းတစ်ခုလုံး အပေါ်ကို သက်ရောက်မှုရှိသည်။ (လေးထောင့်ကွက် ၁၂ ကိုရှု။)[193]

နိုင်ငံခြားကုမ္ပဏီများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့်နိုင်ငံတကာအဖွဲ့အစည်းများ၏ လိုအပ်ချက်အရ ရုံးခန်းများတွင် လုံခြုံရေးထားရှိရန် ယင်းပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများအား အသုံးပြုမှုများလာသည်။ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည်လည်း အခါအားလျော်စွာ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများအား စက်ရုံများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် အခြားလုပ်ငန်းခွင်များအတွက် အသုံးပြုလေ့ရှိသည်။ လုံခြုံရေးကုမ္ပဏီများသည် ရဲတပ်ဖွဲ့ဝင်ဟောင်းများကို လုံခြုံရေးဝန်ထမ်းများအဖြစ် အလုပ်ခန့်ထားလေ့ရှိပြီး အချို့ကုမ္ပဏီများကမူ ဒေသခံများကို အလုပ်ပေးရန် ရည်ရွယ်ချက်ဖြင့်လည်း ခန့်ထားလေ့ရှိသည်။[194]

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကလုံခြုံရေးနှင့် သက်ဆိုင်သည့် ဥပဒေမရှိသေးပေ။ (အတည်မပြုရသေးသည့် မူကြမ်းရှိသည်ဟု ယုံကြည်ရသည်)။ တရားဝင် လုပ်ပိုင်ခွင့်ရရန် အစိုးရထံမှ ခွင့်ပြုချက်လိုင်စင်ရယူရမည် ဆိုသော တောင်းဆိုခြင်းလည်း မရှိသေးပေ။ သို့သော် မြန်မာနိုင်ငံတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများကို နံပါတ်တုတ်များမှလွဲ၍ အခြားသော လက်နက်များ ကိုင်ဆောင်ခွင့် မပြုပေ။ ယင်းသည် လုံခြုံရေးဝန်ထမ်းများအား အင်အားအလွန်ကျွံသုံးခြင်းမှ ကာကွယ်ပေးသော်လည်း လုံခြုံရေးကုမ္ပဏီများအနေဖြင့် ကလေးသူငယ်များအား လုံခြုံရေးလုပ်သားအဖြစ် ငှားရမ်းခြင်းနှင့် လုံခြုံရေးဝန်ထမ်းများမှ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ကလေးသူငယ်အခွင့်အရေးအပေါ် သက်ရောက်မှုများ ရှိစေနိုင်သည်။

---

192 'Observation (CEACR) adopted 2012, published 102nd ILC Session (2013), ILO, အစိုးရသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ သဘောတူညီချက် အမှတ် ၂၉(အတင်းအဓမ္မ ခိုင်းစေခြင်း)ကို ၁၉၅၅ခုနှစ်တွင် သဘောလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၏ ပုဒ်မ ၃၅၉သည်လည်း အတင်းအဓမ္မ ခိုင်းစေခြင်းကို တားမြစ်သည်။

193 'Myanmar: Open for Business? Corporate Crime and Abuses at Myanmar Copper Mine', Amnesty International, ဖေဖော်ဝါရီ ၂၀၁၅၊ စာမျက်နှာ ၆။

194 'The rise of private security', Myanmar Times, ဇန်နဝါရီ ၅ရက် ၂၀၁၅

### လေးထောင့်ကွက် (၁၂)
### လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာကဏ္ဍစုံမှ ပူးပေါင်းပါဝင်သူများ လှုပ်ရှားမှု။

ပုဂ္ဂလိကလုံခြုံရေး ပံ့ပိုးသူများအသင်းအတွက် အပြည်ပြည်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းသည် ကဏ္ဍစုံမှသက်ဆိုင်သူများ ပူးပေါင်းပါဝင်သည့် လှုပ်ရှားမှုတစ်ခု ဖြစ်ပြီး ပုဂ္ဂလိကလုံခြုံရေးပံ့ပိုးသူများအတွက် အပြည်ပြည်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း (ICoC) အကောင်အထည်ဖော်မှုကို ထိန်းသိမ်း၊ စောင့်ကြပ်သည်။ ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး လုံခြုံရေးဝန်ဆောင်မှုများတွင် တာဝန်ယူမှုရှိစွာ ဆောင်ရွက်ရေးနှင့်လူ့အခွင့်အရေး၊ အမျိုးသားဥပဒေများ နှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို အလေးထားဆောင်ရွက်ရာတွင် အားပေးရန်ဖြစ်သည်။ ယခုအချိန်တွင် ဤလှုပ်ရှားမှု၌ မြန်မာနိုင်ငံမှ မည်သည့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီမှ အဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်း မရှိပေ။ အထက်ပါလှုပ်ရှားမှုတွင် အဖွဲ့ဝင်ဖြစ်နေသည့် အပြည်ပြည်ဆိုင်ရာပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီများသည်လည်း မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုများပေးသည့်အခါ ထိုကျင့်ဝတ်များအတိုင်း လိုက်နာရမည်ဖြစ်သည်။

- ကျင့်ဝတ်စည်းမျဉ်း၏အပိုဒ် ၄၁ တွင် လက်မှတ်ရေးထိုးထားသော ပုဂ္ဂလိကလုံခြုံရေးပံ့ပိုးသူများအနေဖြင့် အသက် ၁၈ နှစ်အောက် ကလေးသူငယ်များ၏ အခွင့်အရေးများကို လေးစားလိုက်နာရမည်ဖြစ်ပြီး ကျွန်ပြုခြင်းသို့ ကျွန်ပြုခြင်းနှင့်ဆင်တူသော အတင်းအဓမ္မခိုင်းစေခြင်းသို့ အလုပ်စေခိုင်းခြင်း ကဲ့သို့ အလေ့အကျင့်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများတွင် အတင်းအကြပ်ခန့်အပ်ခြင်း အစရှိသည့် ကလေးသူငယ်များအား အတင်းအကြပ်ခိုင်းစေမှုများမှ အကာအကွယ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ရမည်။ လက်မှတ်ရေးထိုးထားသော ကုမ္ပဏီများသည် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသည့် ကလေးလုပ်သား များတွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်များသို့ အကြောင်းကြားရန် လိုအပ်သည်။
- အပိုဒ် ၄၆ သည် လက်မှတ်ရေးထိုးထားသော ကုမ္ပဏီများအား အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်ရန်အတွက် ငှားရမ်းခြင်းမပြုရဟု တားမြစ်ထားသည်။

လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆန္ဒအလျောက် လုပ်ဆောင်သည့်စည်းမျဉ်းများသည် အစိုးရများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်သည့် လှုပ်ရှားမှုတစ်ခုဖြစ်သည်။ သယံဇာတတူးဖော်ရေးကဏ္ဍတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီများသည် လုံခြုံရေးနှင့် ဘေးကင်းရေး တို့ကို လူ့အခွင့်အရေးမူဘောင်အတွင်းမှ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်များပေးရန်ဖြစ်သည်။ စည်းမျဉ်းများတွင် ဘေးအန္တရာယ်ဆိုင်ရာ လေ့လာချက်၊ အများပြည်သူနှင့် ပုဂ္ဂလိကလုံခြုံရေးများ ပါဝင်သည်။[195] ၎င်းသည် ကလေးသူငယ်များ သို့မဟုတ် ကလေးသူငယ်အခွင့်အရေးများကို သီးသီးသန့်သန့် အလေးပေးထားခြင်း မရှိသော်လည်း ကလေးသူငယ်အခွင့်အရေးများကို လေးစားလိုက်နာခြင်းသည် ကျယ်ပြန့်သော လူ့အခွင့်အရေး လေးစားမှု၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လုပ်ကိုင်နေသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီတော်တော်များများသည် ယင်း လှုပ်ရှားမှု၏ အဖွဲ့ဝင်များ ဖြစ်သည်။

### ကုမ္ပဏီများအား အကြံပြုချက်များ

လုံခြုံရေးဝန်ထမ်းများသည် ကလေးသူငယ်နှင့် လူငယ်များကို ဝန်ထမ်းများ၏ မိသားစုဝင်အဖြစ်သော်လည်းကောင်း၊ ဒေသခံများ အဖြစ်သော်လည်းကောင်း၊ သားကောင်များအဖြစ်သော်လည်းကောင်း၊ မသမာသူများ (သို့မဟုတ်) ကုမ္ပဏီပိုင်ဆိုင်မှုအတွင်း ရာဇဝတ်မှုများ၏ မျက်မြင်သက်သေ အဖြစ်သော်လည်းကောင်း အစရှိသည့် နည်းအမျိုးမျိုး ဖြင့် ဆက်ဆံနေသည်။ ကလေးသူငယ်များသည် အသက်အရွယ်ငယ်ရွယ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာအားနည်းမှုကြောင့် လုံခြုံရေးဝန်ထမ်းများထံမှ အလွဲသုံးခံရခြင်း၊ အနိုင်ကျင့်ခံရခြင်းနှင့် စော်ကားခံရခြင်းတို့ကို ခံရနိုင်ချေရှိသည်။ ကုမ္ပဏီများ အနေဖြင့်-

- ကုမ္ပဏီ၏ လုံခြုံရေးစီမံမှုများကြောင့် ကလေးသူငယ်များအပေါ် ဖြစ်ပေါ်နိုင်သည့် ကောင်းကျိုးဆိုးကျိုးများကို ဖော်ထုတ်ဖြေရှင်းရန်၊ ဘေးအန္တရာယ်ဆန်းစစ်ချက်များကို ဆောင်ရွက်ရမည်။

195 Voluntary Principles on Security and Human Rights

- စာချုပ်ချုပ်ဆိုထားသည့် ပုဂ္ဂလိကလုံခြုံရေးပံ့ပိုးသူများထံမှ အသက်၁၈နှစ်အောက် မည်သည့်ကလေးသူငယ်မှ တိုက်ရိုက်ဖြစ်စေ၊ (သို့မဟုတ်) သွယ်ဝိုက်၍ဖြစ်စေ ဝန်ထမ်းအဖြစ်ခန့်ထားခြင်း၊ (သို့မဟုတ်) လုံခြုံရေးစီမံမှုများအတွက် အသုံးပြုခြင်း မရှိစေရန် သေချာအောင် ဆောင်ရွက်ရမည်။
- လုံခြုံရေးဝန်ထမ်းများအား ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံရာတွင် တိကျသည့်လမ်းညွှန်ချက်များပေးထားပြီး သင့်လျော်သည့်လေ့ကျင့်မှုများနှင့် စစ်ဆေးမှုများလည်း ပြုလုပ်ရမည်။
- လုံခြုံရေးပံ့ပိုးသူမှ ကုမ္ပဏီပိုင်ဆိုင်မှုနယ်နိမိတ်အတွင်း ကလေးများကိုတွေ့ရှိပါက သို့မဟုတ် ပြစ်မှုမြောက်သည့်ကိစ္စရပ်တစ်ခု ကျူးလွန်နေသောကလေးငယ်များအား တွေ့ရှိပါက မည်သို့ဆက်လက်၍ ဆောင်ရွက်ရမည်ကို သေချာစွာဆွေးနွေးသင့်သည်။ ပထမဦးဆုံးသော တုံ့ပြန်ချက်မှာ ထိုကလေးငယ်များအား ရဲလက်သို့ အပ်မည်ဟုဆိုနိုင်သော်လည်း ကုမ္ပဏီများအနေဖြင့် ၎င်းကို ပထမဆုံးအနေဖြင့် လုပ်ဆောင်ခြင်း ပြုသင့်မသင့်ကို သေချာသုံးသပ်သင့်ပြီး အခြားသင့်လျော်သည့်လုပ်ဆောင်ချက် တစ်ခုကို အစားထိုးသင့်သည်။ အဘယ့်ကြောင့်ဆိုသော်-
    - မြန်မာနိုင်ငံ၏ လူငယ်တရားစီရင်ရေးစနစ်သည် အခြားသော တရားစီရင်ရေးစနစ်နည်းတူ အားနည်းချက်များ လျစ်လျူရှုမှုများရှိသဖြင့် ကလေးသူငယ်အခွင့်အရေးကို ချိုးဖောက်သလို ဖြစ်နိုင်သည်။
    - မြန်မာနိုင်ငံတွင် ရာဇဝတ်သားအသက် သတ်မှတ်ချက်မှာ အသက် ၇ နှစ် ဖြစ်ပါသည်။ ၎င်းမှာ အလွန်အဆင့်နိမ့်သည် အသက်သက်မှတ်ချက်လည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလွန်ငယ်ရွယ်သည့်ကလေးတစ်ယောက်အား တရားစွဲဆို ထောင်သွင်းအကျဉ်းချနိုင်သည်။ (သို့မဟုတ်) ကလေးသူငယ်များသည် ထိန်းသိမ်းရေးဌာနများသို့ ရောက်ရှိနိုင်ချေရှိနေသည်။ ထိုအချက်များမှာ နိုင်ငံတကာ သက်ငယ်တရားစီရင်ရေး စံနှုန်းများနှင့် ကိုက်ညီခြင်း မရှိပေ။
- လုံခြုံရေးဝန်ထမ်းများအား ကလေးသူငယ်များနှင့် ရင်ဆိုင်သည့်အခါ ရုပ်ပိုင်းဆိုင်ရာ နာကျဉ်အောင်လုပ်ခြင်း၊ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားခြင်းကဲ့သို့ မပြုလုပ်ရန် တားမြစ်ထားရမည်။

လုံခြုံရေးဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့်လိုအပ်သည့် ကုမ္ပဏီများအနေဖြင့် ပုဂ္ဂလိကလုံခြုံရေး ပံ့ပိုးမှုပေးသူများအား ပုဂ္ဂလိကလုံခြုံရေးပံ့ပိုးသူများအတွက် ချမှတ်ထားသည့် အပြည်ပြည်ဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများ (ICoC) အသင်းတွင်အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန်တောင်းဆိုမှုများပြုသင့်သည်။[196] ၎င်းစနစ်သည် ကျယ်ကျယ်ပြန့်ပြန့်လုံခြုံရေးလိုအပ်မှုမရှိသော လုပ်ငန်းများ၌ လုံခြုံရေးပံ့ပိုးသူများအတွက် အလွန်ကျယ်ပြန့်နေမည် ဖြစ်သော်လည်း ကုမ္ပဏီများအနေဖြင့် မိမိတို့၏ လုံခြုံရေးပံ့ပိုးပေးသူများအား ထိုကျင့်ဝတ်များမှ အရေးပါသောအချက်များကို ထောက်ပြ၍ ကလေးသူငယ်များနှင့် သက်ဆိုင်သည့် စည်းမျဉ်းများအား လမ်းညွှန်ချက်များအဖြစ် ထုတ်ပြန်ပေးနိုင်သည်။

196 https://www.icoca.ch/sites/all/themes/icoca/assets/icoc_english3.pdf

**စည်းမျဉ်း (၉)**

**ကလေးသူငယ်များ အပေါ်သက်ရောက်မှု ရှိသည့် အရေးပေါ် အခြေအနေများ**

## စည်းမျဉ်း ၉ – စီးပွားရေးလုပ်ငန်းအားလုံးသည် ကလေးသူငယ်များကို အရေးပေါ် အခြေအနေများ၏ သက်ရောက်မှုမှ ကာကွယ်ပေးရန် ကူညီရမည်။

မြန်မာနိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ ဖြစ်ပွားလေ့ရှိပြီး အများအားဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများတွင် ထိခိုက်မှုအများဆုံး ဖြစ်စေသည်။ အဓိကအရေးပါသော အကြောင်းရင်းတစ်ခုမှာ ကျေးလက်ဒေသများတွင် ကြာရှည်စွာဖြစ်ပေါ်နေသည့် ဆင်းရဲမှုမြင့်မားသောကြောင့် ဖြစ်သည်။ ဝေးလံခေါင်းပါးသည့်ဒေသများတွင် အခြေခံဝန်ဆောင်မှုများ ရရှိမှုနည်းပါးခြင်းနှင့် တိုင်းရင်းသားများ နေထိုင်သည့် နယ်စပ်ဒေသများတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများစသည်တို့ကြောင့်လည်း ဖြစ်သည်။[197] ထို့အပြင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းများ၊ ရာသီအလိုက်ရေကြီးမှု၊ မြေပြိုမှု၊ မိုးခေါင်ရေရှားမှု၊ မီးလောင်မှုနှင့် မြေငလျင်ဒဏ်များကိုလည်း ခံစားနေရပါသည်။[198]

အသက်ငါးနှစ်အောက် ကလေးသူငယ်များသည် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုများမှ ထိခိုက်မှုအများဆုံး ခံနေရသည်။ ထိုကလေးများမှာ ကူးစက်ရောဂါများ၊ အာဟာရချို့တဲ့ခြင်းနှင့် အကြမ်းဖက်မှု၊ အန္တရာယ်ကျရောက်မှုတို့မှလည်း အများဆုံးခံနေရသည်။ ကလေးသူငယ်များသည် မိဘများ (သို့မဟုတ်) အုပ်ထိန်းသူများမရှိဘဲ နေထိုင်ရသဖြင့် လူကုန်ကူးမှုကဲ့သို့သော ပြစ်မှုကျူးလွန်သူများ၏ သားကောင်များအဖြစ်သို့ ရောက်ရှိသွားစေနိုင်သည်။ အရေးပေါ်အခြေအနေများတွင် မွေးစကလေးများနှင့် ကလေးငယ်များသည် ဂရုစိုက်မှုနှင့် ကျွေးမွေးခြင်းများမှလည်း ပျက်ကွက်မှုများ ရှိနိုင်သေးသည်။[199]

မြန်မာနိုင်ငံတွင် ဝေးလံခေါင်းပါးသောဒေသများတွင်နေထိုင်သည့် ကလေးငယ်များသည် အရေးပေါ်အခြေအနေများတွင် ပိုမိုထိခိုက် မှုလွယ်ကူသည်။ ၎င်းဒေသများမှာ စစ်ကိုင်းတိုင်းနှင့် ချင်း၊ ကရင်၊ ကချင်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများလည်း (အထက်တွင်ကြည့်ပါ) ရှိနေသည်။ ကျောင်းနှင့် ဆေးရုံများကဲ့သို့ အခြေခံဝန်ဆောင်မှုများ ကောင်းမွန်စွာမရရှိပါ။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများအနေဖြင့် ယင်းအရပ်ဒေသများသို့ သွားရောက်ရန်လှုဒါန်းမှုများပြုလုပ်နိုင်ရန် ခက်ခဲလှသည်။ ထို့အချက်များကြောင့် စာတတ်မှုနှုန်း၊ အာဟာရချို့တဲ့မှုနှုန်းနှင့် မွေးစကလေးများ သေဆုံးမှုနှုန်းများကို မြင့်တက်စေပါသည်။[200]

### ကလေးသူငယ်များနှင့် သဘာဝဘေးအန္တရာယ်များ

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များကို ပိုမို၍ မကြာခဏ ကြုံတွေ့လာရသည်။ ဥပမာ ကမ်းရိုးတန်းဒေသများတွင် ဆိုင်ကလုန်းမုန်တိုင်းများ၊ အပူပိုင်းမုန်တိုင်းများနှင့် တောင်တန်းဒေသများတွင် မြေပြိုမှုများကြုံတွေ့နေရသည်။ တစ်နိုင်ငံလုံးတွင် ရေကြီးနိုင်ခြင်းအပြင် တနင်္သာရီတိုင်းမှအပ ငလျင်ဘေးရန်လည်း သက်ရောက်နိုင်သည်။ ပြီးခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံတွင် ဆိုက်ကလုန်းမုန်တိုင်းကြီး ၂၃ တိုက်ခတ်ခြင်းခံခဲ့ရသည်။ ၂၀၀၈ ခုနှစ်တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြည်သူ ၂.၄ သန်း ထိခိုက်ခဲ့ပြီး လူပေါင်း ၁၃၈၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၁၀ ခုနှစ်တွင် ဂီရီဆိုင်ကလုန်းမုန်တိုင်းကြောင့် မိန်းကလေးများနှင့် ကလေးသူငယ်များ အပါအဝင် လူပေါင်း အနည်းဆုံး ၂၂၀၀၀ ခန့် ထိခိုက်မှုခံခဲ့ရသည်။

197 Myanmar Situational Analysis, UNICEF, ၂၀၁၂၊ စာမျက်နှာ ၂၁။
198 Myanmar Child-Centered Risk Assessment, UNICEF, ၂၀၁၅၊ စာမျက်နှာ ၁၀။
199 Children in Humanitarian Crises: What Business Can Do, တိုင်ပင်ရန်အတွက် မူကြမ်း ဖွန် ရေက် ၂၀၁၆၊ UNICEF and the UN Global Compact.
200 Myanmar Situational Analysis, UNICEF, ၂၀၁၂၊ စာမျက်နှာ ၂၁။

သဘာဝဘေးအန္တရာယ်များသည် ဆင်းရဲသူများနှင့် ထိလွယ်ရှလွယ်ဖြစ်သူများကို ပိုမိုပြင်းထန်စွာ ထိခိုက်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏အိမ်များသည် သဘာဝဘေးများကို ကြံ့ကြံ့ခံနိုင်ခြင်း မရှိခြင်းကြောင့်ဖြစ်သည်။ ထို့အတူ မြေယာနှင့်သီးနှံများအား ထိခိုက်မှုရှိခြင်းကြောင့်လည်း ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်များကို သက်ရောက်မှုများရှိစေသည်။ ထိုသူများသည့် ယခင်ကတည်းမှ ကျန်းမာရေးချို့တဲ့သည့်အပြင် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူသဖြင့် သဘာဝဘေးအန္တရာယ် ကြုံရချိန်များတွင် ရောဂါဖြစ်ပွားနိုင်မှုမှာလည်း မြင့်မားသည်။[201]

## ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများ

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UN OCHA) ၏ ဖော်ပြချက်အရ မြန်မာနိုင်ငံရှိ လူဦးရေ ၅၂၅,၀၀၀ ခန့်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ လိုအပ်နေသည်။ ရခိုင်ပြည်နယ်တွင် လူဦးရေ ၁၂၀,၀၀၀ ခန့်သည် ပြည်တွင်းစစ်ဘေးရှောင်နေရပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ လူဦးရေ ၁၀၀,၀၀၀ ခန့်သည်လည်း အထောက်အပံ့များ လိုအပ်နေသည်။ [202]

ကလေးသူငယ်များသည် လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုများကို နည်းမျိုးစုံဖြင့် ခံစားနေရသည်။ တိုက်ခိုက်မှုများ ပြုလုပ်နေစဉ်တွင် ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ ဖြစ်နိုင်သည့်အပြင် မြေမြုပ်မိုင်းနင်းမိခြင်းလည်း ဖြစ်နိုင်သည်။ ပဋိပက္ခများကြောင့် ကလေးသူငယ်များသည် ၎င်းတို့၏ မိဘများနှင့်ခွဲနေရခြင်း၊ မိဘမဲ့ကျောင်းများ၊ ဘုန်းတော်ကြီးပညာသင်ကျောင်းများ၌ နေထိုင်ရသောကြောင့် ၎င်းတို့ရသင့်သည့် မိသားစုဘဝအခွင့်အရေးများကို မရရှိသဖြင့် ပိုမိုထိလွယ်ရှလွယ်ဖြစ်စေသည်။ (စည်းမျဉ်း-၄ အောက်ရှိ မိဘမဲ့ဂေဟာလေ့လာရေး ခရီးသွားလုပ်ငန်းအပိုင်းကိုရှု) ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ စစ်ဘေးရှောင်စခန်းများရှိ လူဦးရေ ၄၉ ရာခိုင်နှုန်းမှာ ကလေးသူငယ်များဖြစ်သည်ဟု ခန့်မှန်းရသည်။ ရခိုင်ပြည်နယ်တွင်မူ စစ်ဘေးရှောင်ကလေး ရာခိုင်နှုန်းမှာ ၅၄ ရာခိုင်နှုန်းဖြစ်သည်။[203] Save the Children နှင့် မြန်မာနိုင်ငံ UNICEF တို့သည် လေ့လာမှုများပြုလုပ်ခဲ့ရာ မူဆလင် အသိုင်းအဝိုင်းမှ ကလေးငယ်များသည် လူကုန်ကူးခံရမှု ပိုမိုများပြားကြောင်း တွေ့ရှိခဲ့သည်။(လေးထောင့်ကွက် -၁၃ ကိုရှု) [204]

## အရေးပေါ်အခြေအနေများတွင် ကုမ္ပဏီများ၏ အခန်းကဏ္ဍ

နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့်အတူ လူသားချင်းစာနာထောက်ထားမှုကိစ္စများတွင် အကူအညီပေးရန် အဓိက တာဝန်ရှိကြသူများ ဖြစ်သည်။ သို့သော် အစိုးရသည် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများအား အထောက်အပံ့ပေးရန် အကူအညီတောင်းခံလေ့ရှိသည်။ မြန်မာနိုင်ငံရှိလူဦးရေအများစုမှ ဗုဒ္ဓဘာသာဝင်များဖြစ်သဖြင့် ပေးကမ်းစွန့်ကြဲမှုသည် ထုံးတမ်းအစဉ်အလာတစ်ခု ဖြစ်နေပြီး လှူဒါန်းမှုများ ပြုလုပ်ခြင်းသည် ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုဆိုင်ရာ ဓလေ့များနှင့် ဆက်နွယ်နေသည်။ မြန်မာနိုင်ငံသည် Charities Aid Foundationမှပြုလုပ်သောနှစ်စဉ် ကမ္ဘာ့လှူဒါန်းမှု အစီရင်ခံစာတွင် နှစ်စဉ် ထိပ်ဆုံးမှရပ်တည်လေ့ရှိသည်။[205] မြန်မာကုမ္ပဏီများသည် မကြာခဏ အရေးပေါ်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ အစားအစာများနှင့် ငွေကြေးဆိုင်ရာထောက်ပံ့မှု အစရှိသည့်လှူဒါန်းမှုများကို သဘာဝဘေးအန္တရာယ်များ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးချိန်များတွင် ရက်ရက်ရောရော ပေးလေ့ရှိသည်။[206] နိုင်ငံခြားကုမ္ပဏီများသည်လည်း ရေကြီးမှုများအပြီးတွင် လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်ကုမ္ပဏီအများအပြားနှင့် တစ်သီးပုဂ္ဂလအလှူရှင်များသည် ကယ်

201 Myanmar Situational Analysis, UNICEF, ၂၀၁၂၊ စာမျက်နှာ ၂၃။

202 Myanmar, Crisis overview, UN OCHA Myanmar, နိုဝင်ဘာ ၁၅ရက် ၂၀၁၆တွင် ဝင်ရောက်ခဲ့၊ Myanmar Humanitarian Response Plan 2016, United Nations and partners, ဒီဇင်ဘာ ၂၀၁၆

203 Myanmar IDP Figure Analysis, Internal Displacement Monitoring Centre, မတ် ၂၀၁၅။

204 Child Protection Knowledge, Attitudes, and Practices Study Rakhine State, Myanmar, Save the Children International and UNICEF, ဩဂုတ် ၂၀၁၄။

205 New global league table of giving shows world becomes more generous than ever, Charities Aid Foundation, အောက်တိုဘာ ၂၅ရက် ၂၀၁၆

206 ဉပမာများ အနေဖြင့် နာဂစ် ဆိုင်ကလုန်းအပြီးတွင် Max Myanmar Group နှင့် KBZ တို့သည် ယင်းတို့၏ ပိုမိုကောင်းမွန်သော အနာဂတ် မြန်မာဖောင်ဒေးရှင်းမှတစ်ဆင့် ဘေးအန္တရာယ်အထောက်အပံ့နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို ပြုလုပ်ပေးခဲ့သည်။

### လေးထောင့်ကွက် (၁၃)
### ကလေးသူငယ်များ အပေါ်လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများကြောင့်သက်ရောက်မှုကို ဖြေရှင်းရန် UNICEF ၏ လုပ်ရှားမှု။

UNICEFသည် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကလေးသူငယ်များအား ပြင်းထန်စွာထိခိုက်ခြင်းမှကာကွယ်နိုင်ရန် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အများဆုံးခံစားခဲ့ရသည့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ သင့်တော်သောကျောင်းများကို တည်ဆောက်ပေးခဲ့သည်။ ယင်းကျောင်းများသည် မုန်တိုင်းတိုက် နေချိန်တွင်ခိုလှုံရန်သင့်လျော်ပါသည်။ ထို့အပြင် မူလတန်းနှင့်အလယ်တန်းကျောင်းများတွင် ကလေးများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်ရိုးများကိုထည့်သွင်း၍ မိတ်ဆက်သင်ကြားပေးနေသည်။[207] UNICEF သည် ပဋိပက္ခဒဏ်များခံနေရသည့် ကလေးသူငယ်များအား လူသားချင်းစာနာထောက်ထားမှု အစီအစဉ်များမှတစ်ဆင့် အကူအညီပေးနေသည်။ ယင်းအစီအစဉ် များတွင် ပဋိပက္ခဒဏ်ခံစားနေရသော ကလေးသူငယ်များနှင့် အမျိုးသမီးများအတွက် အာဟာရထောက်ပံ့ပေးခြင်း၊ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့ရှိ ကလေးသူငယ်များအား ကျန်းမာရေးဝန်ဆောင်မှုများပေးခြင်းနှင့် စစ်ဘေးရှောင်စခန်းများတွင် ရေနှင့်သန့်စင်ခန်းဆိုင်ရာဝန်ဆောင်မှုများကို ကိုယ်တိုင်စီမံခန့်ခွဲ၍ လေ့ကျင့်မှုများပေးခြင်းတို့ ပြုလုပ်ပေးနေသည်။ ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများရှိ ကလေးသူငယ်များအား မူလတန်းကြိုနှင့် မူလတန်းပညာရေး သင်ယူနိုင်ရန် အခွင့်အရေးများ၊ အရွယ်ရောက်ပြီးသူများအတွက် အလယ်တန်းနှင့် ကျောင်းသင်ခန်းစာပြင်ပသင်တန်းများနှင့် ပတ်သက်၍ ထောက်ပံ့ပေးနေသည်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှု၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်များ၊ မိုင်းအန္တရာယ်နှင့်ပတ်သက်၍ ပညာပေးခြင်းနှင့် မိုင်းနင်းမိသူများအား အထောက်အကူပေးခြင်းများကိုလည်း ပြုလုပ်ပေးနေသည်။[208]

ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နေသည့် မြန်မာနိုင်ငံမှ အရပ်ဖက်အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လှူဒါန်းမှုများ ပြုလုပ်နေကြသည်။[209]

၂၀၁၅ ခုနှစ် ရေကြီးမှုများအပြီးတွင် မြန်မာသတင်းအချက်အလက်များ စီမံခန့်ခွဲမှုယူနစ် (MIMU) သည် ကုမ္ပဏီများအား ယင်းတို့၏လှူဒါန်းမှုများမှ ထိခိုက်မှုများမဖြစ်စေရန်နှင့် "build back better" နှင့်ပတ်သက်၍ အကြံဉာဏ်များပေးခဲ့သည်။'[210] ဥပမာဆိုရလျှင် ပိုက်ဆံနည်းနည်းပိုအသုံးပြုရုံဖြင့် ပိုမိုလုံခြုံသော၊ အန္တရာယ်ဖြစ်မှုလျော့ချနိုင်ပြီး ကလေးများနှင့် အဆင်ပြေသည့်ကျောင်းများအား မည်သို့ပြန်လည်တည်ဆောက်နိုင်ပုံ၊ ကလေးများ၊ ဆရာ၊ ဆရာမများနှင့် မသန်စွမ်းသည့်မိဘများပါ ကျောင်းတွင်းသို့လက်လှမ်းမှီ ဝင်ရောက်နိုင်ပြီး သန့်ရှင်းသည့်အိမ်သာများပါဝင်အောင် ဆောက်လုပ်သည့် အကြံဉာဏ်များပေးခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် UN အဖွဲ့အစည်းများသည် UMFCCI နှင့် ပူးပေါင်း၍ ကုမ္ပဏီများအား သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုန့်ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ကွန်ယက်ထူထောင်ရာတွင် အားပေးခဲ့သည်။[211]

မိခင်နို့အစားထိုးပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီများသည်လည်း အရေးပေါ်အခြေအနေများတွင် ယင်းတို့အတွက် သတ်မှတ်ထားသော ကျင့်ဝတ်များကို လိုက်နာခြင်း ရှိ၊ မရှိကို စောင့်ကြပ်သင့်သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ အဆိုအရ အရေးပေါ်အခြေအနေများတွင် သောက်သုံးရေသည် သန့်ရှင်းမှုမရှိသည့်အတွက် ရောဂါပိုးမွှားများသည် နို့ပူးများနှင့် နို့သီးခေါင်းများမှတစ်ဆင့် ကူးစက်ရောဂါများ ဖြစ်ပွားစေနိုင်သောကြောင့် နို့မှုန့်များနှင့် နို့တိုက်ကိရိယာများ လှူဒါန်းခြင်းသည် မွေးစကလေးများ၏ ကျန်းမာရေးကို ပိုမိုထိခိုက်စေနိုင်သည်။[212]

207 Myanmar Child-Centered Risk Assessment, UNICEF,၂၀၁၅၊ စာမျက်နှာ ၁၀ နှင့် Myanmar Situational Analysis, UNICEF, ၂၀၁၂ခုနှစ် စာမျက်နှာ ၂၃။

208 Humanitarian Action for Children, Myanmar, UNICEF.

209 ဥပမာအားဖြင့် ၂၀၁၂ ဧရာဝတီတိုင်းရှိ ရေကြီးမှုများ အပြီးတွင် နိုင်ငံခြား ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီများသည် ငွေကြေးနှင့် ကျောင်း၊ ဆေးရုံကားများနှင့် ဆေးဝါးဆက်စပ်ပစ္စည်းများစသည်တို့ကို လှူဒါန်းခဲ့သည်။ 'Foreign companies donate cash for flood victims', Relief-Web, စက်တင်ဘာ ၂၀ရက် ၂၀၁၂

210 Good Practice Guidance for the Private Sector in Recovery, the MIMU, စက်တင်ဘာ ၂၀၁၅။

211 Myanmar Private Sector Disaster Management Network

212 ဥပမာအနေဖြင့် Infant feeding in emergencies: a draft manual for emergency relief staff.

မီဒီယာကုမ္ပဏီများအနေဖြင့်လည်း အရေးပေါ်အခြေအနေများ ဖြစ်ပွားနေချိန်နှင့် ဖြစ်ပွားပြီးအချိန်များတွင် သတင်းတင်ပြခြင်းဖြင့် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေကြသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအပြီးတွင် ပြုလုပ်ခဲ့သော သုတေသနများအရ မီဒီယာများသည် သတင်းဆောင်းပါးများတွင် မွေးစကလေးများတွင် အစာရေစာလိုအပ်မှု၊ အစာရေစာနှင့် နို့ထွက်ပစ္စည်းများ ပြတ်လပ်မှုများ၊ ကလေးနို့မှုန့်နှင့် ကလေးအစားအစာ သို့မဟုတ် အစာကျွေးရန်အတွက် အသုံးအဆောင်များ လှူဒါန်းပေးမှု စသည်တို့ဖော်ပြခဲ့ကြသည်။ သို့ရာတွင် UNICEF ဆောင်းပါးတစ်ပုဒ်မှလွဲ၍ မည်သည့်ဆောင်းပါးကမျှ အရေးပေါ်အခြေအနေတွင် မိခင်နို့အစားထိုး ပစ္စည်းများကို လှူဒါန်းမှုကြောင့် ဖြစ်ပွားနိုင်သည့် ဆိုးကျိုးများကို ဖော်ပြခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေချိန်တွင် ထိုထုတ်ကုန်များ လှူဒါန်းခြင်းမှာ ကောင်းမွန်သော အလေ့အကျင့်ဖြစ်သည်ဟု လွဲမှားသည့် ထင်မြင်ချက်များကို အားပေးသကဲ့သို့ ဖြစ်စေသည်။[213]

မြန်မာနိုင်ငံရှိ ကုမ္ပဏီများသည် အရေးပေါ်အခြေအနေများတွင် လှူဒါန်းခြင်းအပြင် ပဋိပက္ခများဖြစ်ပွားနေသော ဒေသများတွင်လည်း လှူဒါန်းမှုများ ပြုလုပ်ကြသည်။ ထိုကုမ္ပဏီများမှာ သယံဇာတကြွယ်ဝသော နယ်စပ်များတွင် သယံဇာတတူးဖော်နေသည့် ကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ဆက်သွယ်ရေးလုပ်ငန်း အော်ပရေတာများနှင့် တာဝါတိုင်တည်ဆောက်ရေး ကုမ္ပဏီများနှင့် ဖြန့်ချိရေးကုမ္ပဏီများ ပါဝင်သည်။

## ကလေးသူငယ်များနှင့် အရေးပေါ်အခြေအနေများနှင့် သက်ဆိုင်သော တရားဥပဒေများ

မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးသူငယ်များပါဝင်မှုဆိုင်ရာ ကလေးသူငယ်အခွင့်အရေး သဘောတူညီချက် ထပ်ပေါင်းစည်းမျဉ်းများတွင် လက်မှတ်ရေးထိုးခဲ့သော်လည်း လက်ခံအတည်ပြုခြင်း မရှိသေးပေ။[214] ၂၀၁၄ ခုနှစ်တွင် မြန်မာအစိုးရသည် ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ရပ်တန့်ရန် ကတိကဝတ်များ ကြေညာချက်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း တပ်မတော်မှ ပြည်သူများအား မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားနေဆဲပင် ဖြစ်သည်ဟု သတင်းများတွင်တွေ့ရှိနေရသည်။[215]

မြန်မာနိုင်ငံမွေးစကလေးများနှင့် ကလေးငယ်များအတွက် ဖော်စပ်ထုတ်လုပ်ထားသောအစားအစာများ ဈေးကွက်ထိုးဖောက်ရေးဆိုင်ရာ အမိန့်ညွှန်ကြားချက်တွင် အရေးပေါ်အခြေအနများအတွင်း အကုမ္ပဏီများမှ လှူဒါန်းမှု ပြုလုပ်ခြင်းများနှင့် သက်ဆိုင်သော ဖော်ပြချက်ခြင်းမရှိပေ။ သို့သော် အမိန့်ထုတ်ပြန်ချက်၏ အပိုဒ် ၁၀ (က)တွင် ကျန်းမာရေးဝန်ကြီးဌာန (သို့မဟုတ်) အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုမှုဖြင့်သာ မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသော နို့မှုန့်များ (သို့မဟုတ်) ကျွေးမွေးမှုအတွက် ပစ္စည်းများကို လှူဒါန်းခွင့် ရှိသည်ဟု ဖော်ပြထားသည်။[216]

213 Media messages and the needs of infants and young children after Cyclone Nargis and the WenChuan Earthquake, Karleen D. Gribble, PhD, အောက်တိုဘာ ၂၀၁၂။

214 နိုင်ငံ ၁၆၅ နိုင်ငံမှ ထပ်ပေါင်းသော မူဝါဒသစ်ကို သဘောတူသည်။ Office of the Special Representative of the Secretary-General for Children and Armed Conflict. List of countries who have signed or ratified the Optional Protocol (နိုဝင်ဘာ ၂၀ရက် ၂၀၁၆တွင် ဝင်ရောက်ကြည့်ရှုခဲ့)

215 Joint submission to the 2015 Working Group of the Human Rights Council from The Myanmar Child Rights Coalition (MCRC), မတ် ၂၃ရက် ၂၀၁၅၊ စာမျက်နှာ ၂။

216 Order of Marketing of Formulated Food for Infant and Young Child (၂၀၁၄)။

**ကုမ္ပဏီများအား အကြံပြုချက်များ**

အရေးပေါ်အခြေအနေများ ဖြစ်ပွားသည့်အချိန်၊ သို့မဟုတ် ဖြစ်ပွားပြီးသည့်အချိန် ထုတ်ကုန်၊ သို့မဟုတ် ဝန်ဆောင်မှုများ လှူဒါန်းရာတွင်-

- လှူဒါန်းမှုများ၊ သို့မဟုတ် ကယ်ဆယ်ရေးပစ္စည်းများသည် လိုအပ်နေသော ကလေးသူငယ်များထံသို့ ရောက်ရှိစေရန်။
- မိသားစုများနှင့် ကလေးသူငယ်များအား ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများပေးအပ်ရာတွင် လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ အုပ်စုများအပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်းမပြုလုပ်ရန်။
- စီးပွားရေးလုပ်ငန်းများ၏ ကြားဝင်ဆောင်ရွက်မှုများသည် ကလေးဗဟိုပြုဆောင်ရွက်ရမည်ဖြစ်ပြီး လူသာချင်းစာနာထောက်ထားမှုဥပဒေနှင့် ကလေးအခွင့်အရေးအပါအဝင် လူ့အခွင့်အရေးများနှင့်အညီ ဖြစ်ရမည်။ ဆိုလိုသည်မှာ ကလေးသူငယ်များအတွက် အကောင်းဆုံးအခြေအနေများကို ထည့်သွင်းစဉ်းစားရမည်ဟု ဖြစ်သည်။
- MIMU ၏ ကောင်းမွန်သောအလေ့အကျင့် လမ်းညွှန်ချက်များအပါအဝင် "Buiding Back Better" တို့ လုပ်ဆောင်ရန်။
- တိုင်းရင်းသား၊ သို့မဟုတ် ဘာသာရေးဆိုင်ရာလူနည်းစုများမှကလေးသူငယ်များနှင့် မိဘများ၊ သို့မဟုတ် အုပ်ထိန်းသူများမှ ကွဲကွာနေသောကလေးသူငယ်များ (သို့မဟုတ်) တစ်ယောက်တည်းဖြစ်နေသောကလေးသူငယ်များ၊ မသန်စွမ်းကလေးငယ်များ၊ မိန်းကလေးငယ်များ စသည့် ကလေးသူငယ်အုပ်စုများသည် အရေးပေါ်အခြေအနေများတွင် ပိုမိုထိခိုက်ခံရလွယ်ကြောင်းကို သတိပြုမိရမည်။ အရေးပေါ်အခြေအနေ ဖြစ်ပွားနေစဉ်၊ သို့မဟုတ် ပြီးသွားသည့်အချိန်တွင် ကယ်ဆယ်ရေးများလုပ်ဆောင်ပါက ယင်းအုပ်စုအား သေချာထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

အရေးပေါ်အခြေအအနေများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ၎င်းတို့၏ မိဘများသေဆုံးခြင်း၊ သို့မဟုတ် အသက်မွေးဝမ်းကြောင်းများ ပျက်စီးသွားခြင်းတို့ကြောင့် သက်ငယ်ပြည့်တန်ဆာနှင့် လူကုန်ကူးခြင်းကဲ့သို့ အဆိုးရွားဆုံးပုံစံဖြစ်ခိုင်းစေခြင်းခံရသည့် ကလေးသူငယ်အလုပ်သမား ပိုမိုများပြားလာနိုင်သည်။ လူကုန်ကူးသူများအား အခွင့်အရေးများရရှိရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်စေသည်။ အရေးပေါ်အခြေအနေ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးချိန်များတွင် ကုမ္ပဏီများအနေဖြင့်-

- လက်နက်ကိုင်ပဋိပက္ခများနှင့် သဘာဝဘေးများ၏သက်ရောက်မှုကြောင့် လူ့အခွင့်အရေးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာထိခိုက်မှုများ မြင့်တက်နိုင်မှုကို သတိပြုရန်။
- ယင်းတို့၏လုပ်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်ငန်းစဉ်တွင် ကလေးသူငယ်အလုပ်သမားများ မပါဝင်စေရန် (စည်းမျဥ်း-၂အောက်ရှိ အကြံပြုချက်အားရှု)နှင့် ဖြစ်နိုင်ပါက လူရွယ်အလုပ်သမားများအား ဘေးကင်းသောအလုပ်အကိုင် အခွင့်အလမ်းများပေးရန်။
- ခေါင်းပုံအမြတ်ထုတ်မှုနှင့် လူကုန်ကူးမှုအများဆုံး ဖြစ်နိုင်ချေများသည့် ဟိုတယ်၊ လေကြောင်းလိုင်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး စီးပွားရေးလုပ်ငန်းများတွင် လူကုန်ကူးမှုအား မည်သို့ကြိုတင်တားဆီးနိုင်ရန်နှင့်ပတ်သက်သည့် အစီအစဉ်များရေးဆွဲခြင်းနှင့် မတော်မတရားပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှုများကို ဖော်ထုတ်ရန် အာဏာပိုင်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခြင်း။
- အရေးပေါ်အခြေအနေများတွင် ကုန်ပစ္စည်းပြတ်လပ်ပါက အစားအသောက်နှင့် အခြေခံလူသုံးကုန်များကို သင့်လျော်သော ဈေးနှုန်းဖြင့်သာ ရောင်းချရန်။

မိခင်နို့အစားထိုးပစ္စည်းများ (သို့မဟုတ်) နို့ဘူးနှင့် နို့သီးခေါင်းကဲ့သို့ မွေးစကလေးများအတွက် ထုတ်ကုန်များ ထုတ်လုပ်သော ကုမ္ပဏီများ အနေဖြင့်-

- အရေးပေါ်အခြေအနေအတွင်း အာဏာပိုင်များထံမှ တောင်းဆိုမှုနှင့် ခွင့်ပြုချက်မရပါက ထုတ်ကုန်များ လှူဒါန်းခြင်း မပြုရ။ [217]
- အရောင်းမြှင့်တင်သည့်အနေဖြင့် လှူဒါန်းမှုများ မပြုလုပ်ရန်။
- မွေးစကလေးများအတွက် ထုတ်ကုန်များ ဖြန့်ချီရာနှင့် အသုံးပြုရာ၌ ကလေးငယ်များ၏ကျန်းမာရေးကို ထိခိုက်ခြင်း ရှိ၊ မရှိကို စစ်ဆေးပေးနိုင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။[218]

သတင်းမီဒီယာအဖွဲ့အစည်းများသည် အရေးပေါ်အခြေအနေအတွင်း မွေးစကလေးများ၊ ကလေးသူငယ်များ၊ အာဟာရပိုင်းဆိုင်ရာနှင့် လှူဒါန်းမှုများနှင့် ပတ်သက်ပြီး သတင်းပေးပို့ရာတွင်-

- အတည်ပြုချက်မရှိသော သတင်းများ မထုတ်ပြန်ရန်။
- အစိုးရမှ ထုတ်ပြန်သည့် သတင်းရင်းမြစ်များကိုသာ အခြေခံ၍ ထုတ်ပြန်မှုများပြုလုပ်ရန်။ အထူးသဖြင့် မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသော နို့မှုန့်များနှင့်စပ်လျဉ်းသော သတင်းများထုတ်ပြန်ရာတွင်ဖြစ်သည်။
- အရေးပေါ်အခြေအနေများအတွင်း မွေးစကလေးများအတွက် ဖော်စပ်ထုတ်လုပ်ထားသော နို့မှုန့်များလှူဒါန်းခြင်း၊ ဖြန့်ချီခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအားနားလည်ရန် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန်။

ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများမှ ကလေးသူငယ်များကို အရေးပေါ်အခြေအနေများတွင် မည်သို့ကူညီနိုင်ကြောင်းနှင့် အရေးပေါ်အခြေအနေများ မဖြစ်ပွားအောင် မည်သို့အကာကွယ်ပေးရန်ကို စဉ်းစားသင့်သည်။ ဥပမာအားဖြင့်-[219]

- အရေးပေါ်အခြေအနေများဖြစ်ပွားရာတွင် ပြင်ဆင်ခြင်း၊ တုန့်ပြန်ခြင်းနှင့် ပြန်လည်ကုစားခြင်းတို့အတွက် နည်းပညာသစ် အထောက်အကူများ ပေးအပ်ခြင်း၊ ဖြန့်ချီခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- ယင်းအထောက်အကူများသည် နောက်ဆုံးအသုံးပြုမည့်သူများအားရည်ရွယ်ပြီး ပုံစံရေးဆွဲထားရန်၊ ရည်ရှည်လုပ်ဆောင်နိုင်ရန်အတွက် ဒေသတွင်းမှအထောက်အကူများ၊ လူများဖြင့် လက်တွဲလုပ်ဆောင်ရန်၊နှင့် လွတ်လပ်သော အချက်အလက်၊ စံနှုန်းများနှင့် ပွင့်လင်းသော အရင်းအမြစ်များကို အသုံးချရန်။ [220]
- သွားရောက်ရန်ခက်ခဲသည့်ဒေသများသို့ အထောက်အပံ့များ သွားရောက်ပေးအပ်ရာတွင် ကုမ္ပဏီ၏ ကုန်စည်ပို့ဆောင်ရေး အခြေခံအဆောက်အဦးများကို အသုံးပြုခွင့်ပေးခြင်း။

---

217 အရေးပေါ် အခြေအနေအတွင်း မွေးစကလေးများအတွက် ဖော်စပ်နည်း အသုံးပြု ထုတ်ကုန်များကို တိုက်ကျွေးခြင်းသည် စိတ်ရင်းကောင်းဖြင့် ပြုလုပ်သည်ဖြစ်သော်ငြားလည်း ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်စေသည်ဟု သုတေသနများကဆိုသည်။ The Code and infant feeding in emergencies, IBFAN Malaysia, ၂၀၀၉။

218 မိခင်နို့အစားထိုး ထုတ်ကုန်များ ဈေးကွက်ထိုးဖောက်မှု နိုင်ငံတကာ ကျင့်ဝတ် ၏ ပုဒ်မ ၆.၆နှင့် ၆.၇အရ လှူဒါန်းမှုများသည် မွေးစကလေးများသည် မိခင်နို့အစားထိုးနို့မှုန့် တစ်မျိုးတည်းသာ တိုက်ကျွေးရမည့် အခြေအနေရှိမှသာ ခွင့်ပြုထားသည်။ အရေးပေါ်အခြေအနေများအတွင်း မွေးစကလေးများအတွက် ဖော်စပ်နည်းသုံး ထုတ်ကုန်များသည် အထွေထွေစားသောက်ကုန် ဖြန့်ချီရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်မနေစေရေး ကလေးသူငယ်များလိုအပ်ပါက ယင်းတို့ကို အချိန်မရွေး ဖြန့်ချီပေးနိုင်ကြောင်း ပါရှိသည်။

219 လူသားခြင်း စာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် လမ်းညွှန်မှုများ ထပ်မံရရှိရန် UNICEF၏ လမ်းညွှန်ချက်များကို ကြည့်ရှုရန် Children in Humanitarian Crises: What Business Can Do

220 အစီရင်ခံချက် တစ်ခုအရ အကြပ်တည်းဖြစ်နေချိန်တွင် စီးပွားရေးလုပ်ငန်းများမှ တိုက်ရိုက် ရရှိနိုင်သော အကောင်းဆုံး လှူဒါန်းမှုမှာ နည်းပညာအသစ်များဖြစ်သည်။ Humanitarian crises, emergency preparedness and response: The role of business and the private sector, Steven A. Zyck and Randolph Kent, ဇူလိုင် ၂၀၁၄ ခုနှစ်။

- လေးစားခြင်းခံရသည့် လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများ၊ အများပြည်သူနှင့် ပုဂ္ဂလိကပူးပေါင်း လက်တွဲခြင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေးကွန်ယက်တည်ထောင်ခြင်း အပါဝင် ပဋိပက္ခများဖြစ်ပွားခြင်း၏ ရင်းမြစ်များကိုရှာဖွေ၍ ကလေးသူငယ်အခွင့်အရေးများကို ၎င်းတို့၏ လုပ်ဆောင်မှုများမှတစ်ဆင့် အထောက်အပံ့ပေးရန်။

**စည်းမျဉ်း (၁၀)**

**ဒေသခံများနှင့် အစိုးရ၏ အားထုတ်မှုများကို အားဖြည့်ပေးခြင်း**

**ကလေးသူငယ် အခွင့်အရေးများကို ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန်အတွက် အမျိုးသား ဘဏ္ဍာငွေများ ပံ့ပိုးပေးခြင်း**

## စည်းမျဉ်း ၁၀ - စီးပွားရေးလုပ်ငန်းများအားလုံးသည် ကလေးသူငယ်အခွင့်အရေးများကိုကာကွယ်ရန်နှင့် ဖြည့်ဆည်းရန်အတွက် လူ့အဖွဲ့အစည်းနှင့်အစိုးရ၏ လုပ်ဆောင်မှုများတွင် ပါဝင်အားဖြည့်ပေးရမည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များစွာက မြန်မာအစိုးရအဆက်ဆက်သည် ကလေးသူငယ်များ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် ကဏ္ဍများဖြစ်သည့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေး နယ်ပယ်များတွင် ဘဏ္ဍာငွေသုံးစွဲမှု မရှိသလောက် နည်းပါးခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းတွင်မူ အစိုးရသည် ယင်းနယ်ပယ်သုံးခုအတွက် အသုံးစရိတ်များကို တိုးမြှင့်ခဲ့သည်။ သို့သော် အသုံးပြုနေသော ရန်ပုံငွေပမာဏမှာ နည်းပါးဆဲပင်ဖြစ်သည်။ နိုဝင်ဘာ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲနိုင်ခဲ့သည့် NLD အစိုးရသည် ယင်းအသုံးစရိတ်များကို တိုးမြှင့်နိုင်ရန် ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံသည် သဘာဝရင်းမြစ်များ ပေါကြွယ်ဝသည်။ သို့သော် အများစုမှာ အသစ်ပြန်လည်ပြုလုပ်၍ (non re-newable) မရပေ။ အရင်းအမြစ်များ ပျက်စီးဆုံးရှုံးရခြင်းကြောင့် မျိုးဆက်တစ်ခုနှင့်တစ်ခုအကြား ၎င်းတို့မှရရှိသည့် ငွေကြေးအကျိုးအမြတ်များ ဝေမျှသုံးစွဲရာတွင် မျှတမှုနှင့်သက်ဆိုင်သည့် ပြဿနာများကြုံတွေ့ကြရသည်။ ၂၀၁၃ ခုနှစ်တွင် UNICEF ၏ အစီရင်ခံစာတစ်ခုတွင် သဘာဝရင်းမြစ်များမှရရှိသည့် ဝင်ငွေများကို မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ဖွံ့ဖြိုးရေးတွင် မည်သို့အသုံးချနိုင်မည်နှင့် ပတ်သက်၍ ဖော်ပြထားသည်။ သဘာဝရင်းမြစ်များမှရရှိသော အမြတ်ငွေများကို လူသားအရင်းအမြစ်ဖွံ့ဖြိုးရန်နှင့် အလုပ်အကိုင်အခွင့်အရေးများပေါ်ပေါက်စေရန် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများတွင် အသုံးချနိုင်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။[221] သဘာဝဓာတ်ငွေ့ ၉ ရက်ထုတ်လုပ်ခြင်းမှ ရရှိသောအမြတ်ငွေသည် မူလတန်း အတန်းတစ်တန်းအတွက် ဆရာတစ်ယောက်ရရှိရန် ကုန်ကျစရိတ်နှင့်ညီမျှသည်ဟု တွက်ချက်ထားသည်။ နှစ်စဉ်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု စီမံကိန်းများမှ အမြတ်ငွေ၏ ၀.၈၇ ရာခိုင်နှုန်းသည် တစ်နှစ်စာကာကွယ်ဆေးဝယ်ယူရန် လုံလောက်သည်။ သစ်မာထုတ်လုပ်ခြင်းမှ အခွန်ကို ၀.၅၇ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံပါက လူမှုဝန်ထမ်း ၆၀၀၀ ကို လစာပေးရန် လုံလောက်သည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် သယံဇာတတူးဖော်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုရှိရေး လှုပ်ရှားမှု(EITI)၏ အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ဒီဇင်ဘာလ ၂၀၁၅ ခုနှစ်တွင် ပထမဆုံးအစီရင်ခံစာကို တင်သွင်းခဲ့သည်။[222] EITI သည် သက်ဆိုင်သူအများအပြားနှင့် ဖွဲ့စည်းထားသော လှုပ်ရှားမှုတစ်ခုဖြစ်ပြီး သယံဇာတထုတ်ယူမှုကဏ္ဍ အုပ်ချုပ်မှုတိုးတက်စေရန် ရည်ရွယ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့နိုင်ငံရှိ ကုမ္ပဏီများထံမှရရှိသည့် အမြတ်ခွန်များအားလုံးကို တင်ပြရန်နှင့် သယံဇာတတူးဖော်သည့်ကုမ္ပဏီများ အနေဖြင့်လည်း အစိုးရထံသို့ ပေးရသည့်အမြတ်ခွန်များကို အရပ်ဖက်အဖွဲ့အစည်းများ အပါအဝင် နယ်ပယ်အသီးသီးမှ ပတ်သက်သူများ ပါဝင်သည့် အဖွဲ့အစည်းအား ပြသရန်လိုအပ်သည်။

MEITI အစီရင်ခံစာအရ အစိုးရသည် ယင်းသယံဇာတရင်းမြစ်များမှရရှိသော အမြတ်ခွန်များနှင့်ပတ်သက်၍[223] ပွင့်လင်းမြင်သာမှုရှိသည်။ သို့သော် ထိုရရှိငွေများအား ပညာရေး၊ လူမှုဖူလုံရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် တိုးမြှင့်အသုံးပြုခြင်းမရှိပေ။ သဘာဝရင်းမြစ်များမှရရှိသည့် အခွန်ငွေများကို ကဏ္ဍအစုံနှင့် နေရာဒေသအနှံ့အပြားသို့ရောက်ရှိရန် အသုံးစရိတ်ခွဲဝေသတ်မှတ်ခြင်းကဲ့သို့ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရန် လိုအပ်မှုများရှိနေသေးသည်။[224]

221 'From Natural Resources to Human Capital: practical, feasible, and immediate resourcing solutions for Myanmar's children', UNICEF, ဩဂုတ် ၂၀၁၃၊ စာမျက်နှာ ၂။

222 Myanmar Extractive Industries Transparency Initiative, EITI Report for the Period ၂၀၁၃ ဧပြီ – ၂၀၁၄ မတ်၊ ၂၀၁၅ ဒီဇင်ဘာ ၂၀၁၅

223 မှတ်သားရန်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီအားလုံးသည် အစီရင်ခံမှုတွင် ပါဝင်ခြင်းမရှိဘဲ မှောင်ခိုရောင်းချခြင်းနှင့် စာရင်းလျှော့ပြခြင်းတို့ကြောင့် အစီရင်ခံစာတွင် မပါဝင်သော ဝင်ငွေထုတ်ပြန်မှုများလည်း ရှိသည်။ Global Witness, 'Jade: Myanmar's Big "State Secret", အောက်တိုဘာ ၂၃ ရက် ၂၀၁၅ ကိုရှု။

224 NRGI, Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues, ၂၀၁၆။

အနာဂတ်တွင် အခွန်တိုးမြှင့်ကောက်ခံခြင်းသည် သဘာဝရင်းမြစ်များမှရရှိသည့် အမြတ်ခွန်ထက် ပိုမိုခိုင်မာ၍ ခန့်မှန်းရလွယ်ကူသည့် ဝင်ငွေရရှိစေသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် UNICEF ၏ အစီရင်ခံစာအရ "အခွန်တိုးမြှင့်ကောက်ခံခြင်းကြောင့် လူမှုရေးအသုံးစရိတ်များတွင် ပိုမိုအသုံးပြုစေနိုင်သည်သာမက နိုင်ငံတော်၏ အုပ်ချုပ်မှုနှင့် တာဝန်ခံမှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ အခွန်နှုန်းပြုပြင်ပြောင်းလဲရာတွင် ဝင်ငွေပိုရရှိသူကို ပိုတိုးကောက်ခံသော အခွန်ဖွဲ့စည်းပုံနှင့် အခွန်ပြန်လည်သုံးစွဲမှုတို့အတွက် ဦးစားပေးဆောင်ရွက်သင့်သည်။ ထိုမှရရှိသည့်အခွန်များမှ ဆင်းရဲသောမိသားစုများနှင့် ကလေးသူငယ်များအတွက် ဖွံ့ဖြိုးမှုရရှိရန်လုပ်ဆောင်နိုင်မည်ဖြစ်သည်။" [225] မြန်မာနိုင်ငံတွင် အခွန်ကောက်ခံရရှိမှုသည် နည်းပါးသဖြင့် ပိုမိုလုပ်ဆောင်ရန် လိုအပ်သည်။

## ရပ်ရွာလူထုနှင့် ရင်းနှီးမြှုပ်နှံမှု

ကုမ္ပဏီအနေဖြင့် ရပ်ရွာလူထုတွင်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းနှင့် လှူဒါန်းမှုများပြုလုပ်ခြင်းဖြင့် အစိုးရလုပ်ဆောင်ရမည်ဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်ခြင်းနှင့် ဖြည့်ဆည်းပေးရာတွင် အထောက်အကူဖြစ်စေသည်။ သို့သော် နိုင်ငံတော်အစိုးရအား အကျင့်ပျက်ချစားခြင်းနှင့် တာဝန်ခံမှုလျော့ရဲခြင်းတို့ကို ဖြစ်စေသည်။ ကုမ္ပဏီများမှလည်း ၎င်းတို့၏စီးပွားရေးလုပ်ငန်း လည်ပတ်မှုများကြောင့် ဖြစ်ပေါ်လာသည့်ထိခိုက်မှုများကို ကာကွယ်သည့်အနေဖြင့် အကူအညီပေးခြင်းမျိုး မဖြစ်သင့်ပေ။ စီးပွားရေးလုပ်ကိုင်ရာတွင် 'ထိခိုက်မှု မရှိစေရန်' တာဝန်ယူ၍ ကလေးသူငယ်များ၏ရေရှည်လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်အလေးပေးဆောင်ရွက်သင့်သည်။ ကျောင်းသုံးပစ္စည်းများ၊ အဆောက်အအုံများ၊ ရေစုပ်စက်များနှင့် အားကစားပစ္စည်းများကို ကုမ္ပဏီများမှ လာရောက်လှူဒါန်းရာတွင် ထိုပစ္စည်းများအား အသုံးမပြုတော့သည့် ပုံစံမျိုးမဖြစ်စေရေး ဂရုစိုက်ရန်လိုအပ်သည်။ ၎င်းတို့သည် ကျယ်ပြန့်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ တစ်စိတ်တစ်ဒေသ မဟုတ်သောကြောင့်ဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများသည် ဒေသခံအတွက် ဤဝန်ဆောင်မှုများကိုအသုံးပြုရန် ထိန်းသိမ်းနိုင်ရန်စွမ်းရည်ကို တည်ဆောက်ပေးပြီး ၎င်းတို့ကို ဒေသခံတို့အတွက် ရေရှည်တိုးပွားစေသည့် တန်ဖိုးများအဖြစ်ပြောင်းလဲပေးသည်။

'အကျိုးအမြတ်ခွဲဝေခြင်း' အပေါ်အခြေခံ၍ ရပ်ရွာလူထုအပေါ် ရင်းနှီးမြှုပ်နှံခြင်းနှင့် စီးပွားရေးလိုအပ်ချက်များကို ချိတ်ဆက်သင့်သည်။[226] ကုမ္ပဏီများသည်ပွင့်လင်းမြင်သာမှု ရှိခြင်းကြောင့် ကုမ္ပဏီ၏ငွေကြေးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို လျော့ကျစေနိုင်သည်။ (လေးထောင့်ကွက် ၁၄ ကို ရှု)

### လေးထောင့်ကွက် (၁၄)
### မြန်မာကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုနှင့်ချပြမှု - မြန်မာ့စီးပွားရေးလုပ်ငန်းစုများတွင် နှစ်စဉ်ပွင့်လင်းမြင်သာမှု စစ်တမ်း (ပွင့်သစ်စ)

MCRB ၏ စစ်တမ်းတွင် မြန်မာနိုင်ငံရှိ အကြီးဆုံးကုမ္ပဏီ ၁၀၀ အား ၎င်းတို့၏ အင်တာနက်စာမျက်နှာများပေါ်မှ ချပြထားသော စီမံအုပ်ချုပ်ပုံ သတင်းအချက်အလက်များကို စစ်တမ်းများကောက်ယူပြီး မေးခွန်း ၃၅ ခုအပေါ် အခြေခံ၍ အမှတ်များပေးထားခြင်းဖြစ်သည်။ ထိုမေးခွန်းများတွင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်း ပွင့်လင်းမြင်သာရှိမှု၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်တို့ပါဝင်သည်။ [227]

225 Snapshot of Social Sector Public Budget Allocations and Spending in Myanmar', UNICEF, ၂၀၁၃၊ စာမျက်နှာ ၁၂။
226 Position Paper on Incentivising Share Value, Australia Myanmar Chamber of Commerce, စက်တင်ဘာ ၂၀၁၆
227 'Myanmar Companies Need to Catch Up With Evolving Disclosure Requirements', MCRB, စက်တင်ဘာ ၂၀၁၆

**ကုမ္ပဏီများအား အကြံပြုချက်များ**

ကုမ္ပဏီများသည် လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် အသုံးစရိတ်များ သုံးစွဲခြင်းတို့ဖြင့် မြန်မာနိုင်ငံ အစိုးရ၏လုပ်ဆောင်မှုဖြစ်သည့် ကလေးသူငယ်များကို ကာကွယ်ရာတွင် ကူညီနိုင်သည်။

- ကုမ္ပဏီ၏ အခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်သည့် မူဝါဒများကိုရေးဆွဲရာတွင် အခွန်ရှောင်ခြင်းကြောင့် ကလေး သူငယ်များအပေါ် မည်သို့သက်ရောက်မှုများ ရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားရန်။
- အစိုးရအားပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရန်။ ကလေးသူငယ်များအတွက် လိုအပ် သည့် အခြေခံဝန်ဆောင်မှုများတွင် အကူအညီပေးနိုင်မည်ဖြစ်သည်။
- အခွန်ပေးဆောင်ထားသည့် ငွေပမာဏနှင့် အခွန်ပေးဆောင်ခြင်းနှင့်ဆိုင်သည့်မူဝါဒ (ငွေချေခြင်း၊ လျှော့ကျသည့် အခွန်ပမာဏနှင့်လျှော့ဒါန်းခြင်း) ထောက်ခံမှုနှင့်ပတ်သက်သည့် ရပ်တည်ချက်များအား အများပြည်သူအား အသိ ပေးရန်။ ယင်းသည် သယံဇာတတူးဖော်ခြင်းကဏ္ဍ ပွင့်လင်းမြင်သာမှုရှိရေးလုပ်ရှားမှုကို အခြေခံ၍ အခြားကဏ္ဍ များတွင်ပါ ပွင့်လင်းမြင်သာမှုရှိသည့် အခွန်နှင့် အစီရင်ခံမှုများဖြစ်ပေါ်လာရန် လုပ်ဆောင်နိုင်သည်။[228]
- အကျင့်ပျက် ခြစားမှုအားတိုက်ဖျက်နိုင်ရန် ထိရောက်မှုရှိသည့် အလေ့အထများနှင့် မူဝါဒများချမှတ်ရန်။
- အကျင့်ပျက်ခြစားမှုများကို စုပေါင်းအရေးယူနိုင်ရန် အခြားကုမ္ပဏီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။.

လူမှုရေးနှင့် ရပ်ရွာအသိုင်းအဝိုင်းအပေါ် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များဆောင်ရွက်ရာတွင် အထူးသဖြင့် ကလေးသူငယ် များကိုထောက်ပံ့ရန် ရည်ညွှန်းရာ၌ကုမ္ပဏီများအနေဖြင့်-

- ဗျူဟာမြောက်ကလေးများနှင့် သက်ဆိုင်သည့်လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များသည် ကလေးသူငယ် များ၏ အကောင်းဆုံးအကျိုးအတွက် အဓိကထားရန်။ အထူးအဖြင့် ပစ်ပယ်ခံထားရသည့်အုပ်စုမှ ကလေးများ။
- ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်မှုများအတွက် အစီအစဉ်များပြုလုပ်ရာတွင် ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေး ရန်။ ဥပမာအားဖြင့် ကလေးငယ်များအား အသုံးပြုမည့်သူများ နေရာမှထား၍ စီမံကိန်းအားမည်သို့ ပုံစံဖော်ရမည် (သို့မဟုတ်) အကောင်အထည်ဖော်ဆောင်ရွက်ရမည်များကို တိုင်ပင်ခြင်းဖြင့် လူကြီးများနှင့်မတူညီသည့် အမြင် သစ်များ ရရှိနိုင်သည်။ ထိုသို့ တိုင်ပင်ဆွေးနွေးခြင်းဖြင့်လည်း ကလေးသူငယ်များ၏ ဆုံးဖြတ်မှုစွမ်းရည်နှင့် နိုင်ငံသားဖြစ်မှုစွမ်းရည်တို့ကို တိုးတက်လာစေနိုင်သည်။
- ဖွံ့ဖြိုးရေးစီမံကိန်းများသည် အပြုသဘောဆောင်သည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သော်လည်း ကလေး သူငယ်များအပေါ် ရည်ရွယ်ချက်မရှိပဲ ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများရှိလာနိုင်သည်ကိုလည်း သတိပြု မိရန်။ အထူးသဖြင့် လှုပ်ရှားမှုများစတင်သည့်အချိန်မှ လိုက်ပါလုပ်ဆောင်ခြင်းမရှိခြင်းကြောင့် ဖြစ်ပေါ်လာ နိုင်သည့် သက်ရောက်မှုများ။
- စီမံအုပ်ချုပ်မှုစနစ်များတွင် ဝန်ဆောင်မှုပေးနိုင်သည့် စွမ်းဆောင်ရည်နှင့် လိုအပ်မှုများကို စနစ်တကျဆန်းစစ်ရန်။
- အစိုးရနှင့် အပြိုင်အဆိုင် ဝန်ဆောင်မှုများပေးခြင်းထက် ၎င်းတို့၏ စွမ်းဆောင်ရည်တိုးမြှင့်အောင် လုပ်ဆောင်ရာ တွင် ပံ့ပိုးပေးသင့်သည်။ ထို့ကြောင့် ကုန်ကျစရိတ်သက်သာသည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး အစိုးရ အာဏာပိုင်များအနေဖြင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင်လည်း ရှုပ်ထွေးမှုများမဖြစ်စေခြင်း၊ ပုံတူထပ်ခြင်းနှင့် ဆက်ဆံရေးညှို့ဖျင်းခြင်း မဖြစ်စေတော့ပါ။ ထို့ပြင် အမျိုးသားမူဝါဒများအား ဆန့်ကျင်ခြင်းလည်း မဖြစ်တော့ပါ။

228 ဥပမာထားကြည့်ရှုရန် VBDO Tax Transparency Benchmark.

- အကျိုးစီးပွားနှင့်ပတ်သက်သည့် ပဋိပက္ခဖြစ်မှုများကိုလည်း ရှောင်ရှားနိုင်သည်။ ကုမ္ပဏီ၏ အကျိုးစီးပွားနှင့် ရပ်ရွာလူထုအပေါ် ရင်းနှီးမြှုပ်နှံမှုများသည် ကိုက်ညီရမည်။ သို့သော်လည်း အရေးကြီးသည့် ရပ်ရွာဖွံ့ဖြိုးမှုများ အတွက် ရပ်ရွာလူထုနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်သင့်သည်။
- ကုမ္ပဏီကြောင့်ဖြစ်ပွားသည့် ထိခိုက်မှုများကို တရားမဝင်အလျော်အစားပေးရန်၊ ကုမ္ပဏီထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အရောင်းမြှင့်တင်ခြင်း သို့မဟုတ် ဒေသဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများကို ငွေကြေးအားဖြင့် (ဥပမာ-ဆောက်လုပ်ရေးစာချုပ်များမှတစ်ဆင့်) သို့မဟုတ် နိုင်ငံရေးအရ ထောက်ပံ့ခြင်းများဖြင့် ရပ်ရွာလူထုအပေါ် ရင်းနှီးမြှုပ်နှံမှုကို အသုံးမပြုရန်။



## နောက်ဆက်တွဲ – ၁
## ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေးအတွက် အထောက်အကူများ

### အထွေထွေ အထောက်အကူများနှင့် စီးပွားရေးအတွက် လမ်းညွှန်ချက်များ

- UNICEF, Children’s Rights Are Everybody’s Business Workbook 2.0
- UNICEF and Save the Children, Children’s Rights in Policies and Codes of Conduct
- UNICEF and Danish Institute for Human Rights, Children’s Rights in Impact Assessment
- UNICEF, Children’s Rights in Sustainability Reporting
- UNICEF, Engaging Stakeholders on Children’s Rights
- Save the Children, Children as Stakeholders: The Business Benefits of Investing in Children
- UNICEF and Global Child Forum, Children’s Rights and Business Atlas
- UNICEF and UN Global Compact, Guidance on Children in Humanitarian Crises: What Business Can Do

### ကဏ္ဍအလိုက် အသေးစိတ် အထောက်အကူများနှင့် လမ်းညွှန်ချက်များ

- UNICEF, Children`s Rights and the Mining Sector project and pilot study report
- UNICEF, Oil and Gas Scoping Study
- UNICEF, Child Safety Online. Global Challenges and Strategies
- UNICEF and ITU, Guidelines for Industry on Child Online Protection
- UNICEF and Child and Youth Finance International, Beyond the Promotional Piggybank: Towards Children as Stakeholders
- UNICEF and Synergy, Child Rights and Mining Toolkit. Best practices for addressing children’s issues in large-scale mining

### အစိုးရအတွက် အထောက်အကူနှင့် လမ်းညွှန်ချက်များ

- UNICEF and International Commission for Jurists, Obligations and Actions on Children’s Rights and Business – A practical guide for States on how to implement the UN Committee on the Rights of the Child’s General Comment no. 16
- UNICEF, Danish Institute for Human Rights and International Corporate Accountability Roundtable (ICAR), Children’s Rights in National Action Plans on Business and Human Rights

### အရပ်ဖက် အဖွဲ့အစည်းများအတွက် အထောက်အကူများ

- Save the Children, Children as Stakeholders: The Business Benefits of Investing in Children

### ကလေးသူငယ်များအတွက် အထောက်အကူများ

- Save the Children, You, your rights and business. A resource for children and young people about the Children’s Rights and Business Principles

## နောက်ဆက်တွဲ – ၂
## ဒေသတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အထောက်အကူများ

### ကလေးသူငယ်များနှင့်သက်ဆိုင်သော အာဆီယံ၏ ကတိကဝတ်များ

- The Declaration of Principles to Strengthen ASEAN Collaboration on Youth (1983) တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များပါဝင်မှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံအစိုးရများမှ အသိအမှတ်ပြုရမည်။
- The Kuala Lumpur Agenda on ASEAN Youth Development (1997) တွင် အာဆီယံအစိုးရများအနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများနှင့် အစီအစဉ်များရေးဆွဲရာတွင် လူငယ်များအား ပါဝင်ခွင့်ပေးရန် တိုက်တွန်းခဲ့သည်။
- The Declaration on the Commitments for Children in ASEAN (2001) သည် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ပေးရေး၊ ကလေးသူငယ်များအား ၎င်းတို့၏အမြင်များအား ထုတ်ဖော်ပြောဆိုရန် အခွင့်အရေးများ ဖန်တီးပေးခြင်း၊ ကလေးသူငယ်အခွင့်အရေးအတွက် လုပ်ဆောင်ရန်နှင့် ဖွံ့ဖြိုးရေးများတွင် ပါဝင်ဆောင်ရွက်လာရန် အားပေးခြင်းတို့ဖြင့် အာဆီယံ၏ကတိကဝတ်များကို ပိုမိုခိုင်မြဲစေခဲ့သည်။ အစိုးရများအား ကလေးသူငယ်များကို အိမ်တွင်း၊ ကျောင်းနှင့် ရပ်ရွာဒေသအတွင်း အကြမ်းဖက်မှု ပုံစံမျိုးစုံ၊ အလွဲသုံးစားလုပ်မှု၊ ပစ်ပယ်ထားမှု၊ လူကုန်ကူးခြင်းနှင့် အမြတ်ထုတ်ခြင်းတို့မှ ကာကွယ်ပေးရန် တောင်းဆိုထားသည်။
- The Hanoi Declaration on the Enhancement of Welfare and Development of ASEAN Women and Children (2010) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများပေါင်းစည်းခြင်းနှင့် ရပ်ရွာလူထုအားတည်ဆောက်ပေးခြင်းဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အကျိုးကျေးဇူး အပြည့်အဝရစေမည်ဟူသော အာဆီယံ၏ကတိကဝတ်များကို ပိုမိုခိုင်မြဲစေသည်။

### ကလေးသူငယ် အခွင့်အရေးအတွက် ဆောင်ရွက်နေသော အာဆီယံ အဖွဲ့အစည်းများ

- ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍လုပ်ဆောင်ရန် အာဆီယံအမျိုးသမီးနှင့်ကလေးအခွင့်အရေးဆိုင်ရာကော်မရှင် (ACWC) ကို တည်ထောင်ခဲ့သည်။ ၎င်းသည် ကလေးသူငယ်များ ပါဝင်ဆောင်ရွက်နိုင်ရန် ခိုင်မာသော အဖွဲ့အစည်းတစ်ခု တည်ထောင်စေခြင်းဖြင့် 'အာဆီယံဒေသတွင်းရှိ အမျိုးသမီးများနှင့် ကလေးငယ်များ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို မြှင့်တင်ပေးရန်နှင့် ကာကွယ်ရန်' ဖြစ်သည်။ ACWC သည် ဒေသတွင်းရှိကလေးသူငယ်များ၏ အခြေအနေများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပြဿနာများကို ဖြေရှင်းရန်၊ အဖွဲ့ဝင်များကို ကူညီထောက်ပံ့ပေးပြီး ကလေးသူငယ်များ၏ အခြေအနေတိုးတက်စေရန် ဆောင်ရွက်ရမည့်တာဝန်ရှိသည်။ ACWC အနေဖြင့် အဖွဲ့ဝင်များကို ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သည့် နိုင်ငံတော် ဥပဒေ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် လက်တွေ့လုပ်ဆောင်မှုများသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ပြန်လှန်သုံးသပ်နိုင်ရန် ရည်ရွယ်သည်။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးနှင့်သက်ဆိုင်သော သုတေသနများကို အထောက်အပံ့ပေးရန် အခွင့်အာဏာလည်း ရှိသည်။
- အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် (AICHR) ၏ အဓိက အခွင့်အာဏာများထဲမှ တစ်ခုမှာ အာဆီယံဒေသတွင်း နေထိုင်သူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန်ဖြစ်သည်။ AICHR အား ပညာရေး၊ သုတေသနနှင့် သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပေးခြင်းဖြင့် အာဆီယံဒေသတွင်း နေထိုင်သူများသည် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အသိပညာများတိုးတက်လာစေရန် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အာဆီယံအသင်းဝင်များကို နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူညီချက်များတွင် လက်မှတ်ရေးထိုးရာတွင် အားပေးရန်လည်း တာဝန်ရှိသည်။
- အာဆီယံ ကလေးသူငယ်များဖိုရမ် (ACF) သည် အဖွဲ့ဝင်နိုင်ငံများမှ ကလေးသူငယ်များသည် ၎င်းတို့၏ ဘဝများအပေါ် သက်ရောက်နေသည့် ကိစ္စရပ်များ၊ အာဆီယံဒေသတွင်းဖွံ့ဖြိုးမှုများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒေသတွင်းကလေးသူငယ် အခွင့်အရေးများ မြှင့်တင်ပေးရန်တို့အတွက် ၎င်းတို့၏အမြင်ကို တရားဝင်ထုတ်ဖော်ပြသနိုင်သည့် နေရာဖြစ်သည်။ ACF သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွေးချယ်ထားသော ကလေးသူငယ်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ACF ၏ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာရလဒ်များကို အာဆီယံဝန်ကြီးဌာနဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတွင် ကလေးသူငယ်သံတမန်များက တင်ပြပြီး ACWC အပါအဝင် အခြားသောကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများသို့ ပြန်လည်မျှဝေပေးသည်။

**နောက်ဆက်တွဲ – ၃**
**ကလေးသူငယ် အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေများတွင် မြန်မာနိုင်ငံ၏ပါဝင်ခြင်းနှင့် သဘောတူညီချက်ရေးထိုးခြင်း။**

| **ကလေးသူငယ် အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေများတွင် ပါဝင်ခြင်းနှင့် သဘောတူညီချက်ရေးထိုးခြင်း** | |
|---|---|
| ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက် | စာချုပ်အဖွဲ့ဝင်နိုင်ငံ (၁၉၉၁) |
| ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက် အပိုဒ် ၄၃ (၂)ကို ပြင်ဆင်ခြင်း (၁၉၉၅)။ | စာချုပ်အဖွဲ့ဝင်နိုင်ငံ (၂၀၀၀) |
| မသန်စွမ်းသူများဆိုင်ရာ သဘောတူညီချက်။ | စာချုပ်အဖွဲ့ဝင်နိုင်ငံ (၂၀၁၁) |
| ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တွင် ကလေးသူငယ်များ ရောင်းချခြင်း၊ ကလေးသူငယ် ပြည့်တန်ဆာပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာပုံရိပ်များ ဖြန့်ချိခြင်းတို့နှင့် စပ်လျဉ်းသော စည်းမျဉ်းအသစ် ထည့်သွင်းခြင်း။ | စာချုပ်အဖွဲ့ဝင်နိုင်ငံ (၂၀၁၂) |
| ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တွင် လက်နက်ကိုင်တိုက်ပွဲများတွင် ကလေးသူငယ်များ ပါဝင်နေခြင်းနှင့် စပ်လျဉ်းသော စည်းမျဉ်းအသစ် ထည့်သွင်းခြင်း။ | ပမာဏ လက်မှတ်ထိုးခဲ့ (၂၀၁၅)၊ သဘောတူ လက်မှတ်ရေးထိုးခြင်းမရှိ။ |
| အတင်းအဓမ္မ စေခိုင်းခြင်းနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ သဘောတူညီချက် အမှတ် ၂၉။ | သဘောတူ လက်မှတ်ရေးထိုး (၂၀၁၂) |
| အဆိုးရွားဆုံး ကလေးလုပ်သားခိုင်းစေမှု ပုံစံများ တားမြစ်ခြင်းနှင့် နှိမ်နင်းရေးနှင့် သက်ဆိုင်သော အပြည်ပြည် ဆိုင်ရာ အလုပ်သမားအဖွဲ့ သဘောတူညီချက် အမှတ် ၁၈၂။ | သဘောတူ လက်မှတ် ရေးထိုး (၂၀၁၃) |
| အငယ်ဆုံး အသက်အရွယ်နှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ သဘောတူညီချက် အမှတ် ၁၃၈။ | သဘောတူ လက်မှတ် ရေးထိုးခြင်းမရှိ |
| သားသည်မိခင်ကာကွယ်ရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ သဘောတူညီချက် အမှတ် ၁၈၃။ | သဘောတူ လက်မှတ် ရေးထိုးခြင်း မရှိ |



မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန


**ADDRESS**

No. 6(A), Kayin Chan Ward, Shin Saw Pu Road,
Ahlone Township, Yangon, Myanmar

**P.** +95 1 512613
**E.** info@myanmar-responsiblebusiness.org
www.mcrb.org.mm
www.myanmar-responsiblebusiness.org